PDF Compressor Free Version

# သစ်တောကြေးမုံ

၂၀၂၅ ခုနှစ်၊ ဇွန်လ



PDF Compressor Free Version

# မာတိကာ


**မျက်နှာဖုံး**

✧ သစ်ပင်စိုက်ပျိုးပွဲတော် — မျက်နှာဖုံး

**ခေါင်းကြီး**

✧ မိုးခါချိန်မီ၊ တက်လက်ညီ၊ မြေဆီစိုခိုက် သစ်ပင်စိုက် — ၁

**သတင်းများကဏ္ဍ**

✧ သစ်တောသတင်းများ၊ တရားမဝင်သစ်နှင့် သစ်တော ထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၂-၆

✧ ဓာတ်ပုံသတင်းကဏ္ဍ — ၄၅

**သစ်တောလုပ်ငန်းကဏ္ဍ**

✧ ဂေဟာစနစ်ကို ပြန်လည်ပြုပြင် ထိန်းသိမ်းဖို့ သစ်ပင်.... - **ဒေါက်တာ သောင်းနိုင်ဦး** — ၁၂-၁၆

✧ ဒုံးကျွန်းစုအဏ္ဏဝါအမျိုးသားဥယျာဉ် သတ်မှတ်မည့်အပေါ်.... - **သိုက်ဝင်းထွန်း** — ၂၆-၂၈

✧ သစ်ပင်စိုက်လျှင် ရှင်သန်ချင် .... - **အုန်းလွင်လေး** — ၄၆-၄၈

**အခြားသောသိမှတ်ဖွယ်ရာဆက်စပ်ကဏ္ဍ**

✧ တိုတိုထွာထွာမှတ်စရာ-၃၇ - **တက္ကသိုလ်ဆရာတစ်ဦး** — ၇

✧ တောဆင်ရိုင်းနှင့် အိမ်မွေးဆင်များ ထိန်းသိမ်း .... - **ဉက္ကာ၊ ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့် စာရင်းအင်းဌာန** — ၃၄-၃၆

**ဘဝတစ်ကွေ့ကဏ္ဍ**

✧ သေကံ....မရောက် - **အောင်ခင်(သစ်တော)** — ၁၇-၁၉၊ ၂၅

✧ ရေနံ့သာတမ်းချင်း - Ba Soe (83) — ၂၀-၂၁

✧ ဇကွဲ ဝဆွဲ နောက်ပစ် ဖွဲ...- **ထွန်းလွင်** (BFS 73-75) — ၃၁-၃၃

✧ ဉက္ကံ...သုံးဆယ်... - **အောင်ဝင်းထွန်းသန့်(သစ်တောတက္ကသိုလ်)** — ၄၉

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ**

✧ မြန်မာ့သစ်တောသယံဇာတထိန်းသိမ်းစီမံအုပ်ချုပ်ရေး .... - **ဦးစိန်သက်၊ ညွှန်ကြားရေးမှူး(ငြိမ်း)** — ၈-၁၁

✧ လူတိုင်း အနာဂတ်လှပဖို့ ရေချွေတာသုံးစွဲစို့ - **အေးအေးသန်း (ဦးစီးအရာရှိ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန** — ၂၉-၃၀၊ ၃၃

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ**

✧ တောမီးကာကွယ်ရေးအတွက် မီးမျှော်စင်များ .... - **သိန်းသန်းထွန်း (သစ်တော)** — ၄၂-၄၄

**ပြန်လည်ဖော်ပြခြင်းကဏ္ဍ**

✧ သစ်ပင်စိုက်ပွဲကျင်းပကြရအောင် – **ခင်ဇော် (သစ်လုပ်ငန်း)** — ၂၂-၂၅

**ကဗျာ / ကာတွန်းကဏ္ဍ**

✧ ကာတွန်း - **အော်ပီကျယ်** — ၃၇

✧ သဘာဝအလှတို့ စုစည်းရာ(ကဗျာ) - **စိုးသန်း (မဟာသတ္တ)** — ၃၇

**အင်္ဂလိပ်ကဏ္ဍ**

✧ An Old Forest Looks Back.(35)– **U Sein Thet** — ၃၈-၃၉၊ ၄၄

✧ Combating Forest Fires: .... - **Dr.Yeongjoo Lee, Director (AFoCo)...** — ၄၀-၄၁

**နောက်ကျောဖုံး**

✧ ရွှေကြာကန် (ကဗျာ) - **မြတ်မင်းဦး၊ ဒုတိယလက်ထောက်ဦးစီးမှူး၊ ...** — နောက်ကျောဖုံး



**စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ**

ဦးသိန်းနိုင်ကြွယ်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် – (မြ-၀၀၄၀၀)

**စာတည်း**

ဦးစိုင်းရွက်ဆိုင်
ဒုတိယညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးအုန်းလွင်-၃ လက်ထောက်ညွှန်ကြားရေးမှူး
ဒေါ်မေဇင်မြင့် ဦးစီးအရာရှိ (English Editor)
ဦးချမ်းမြေ့အောင်(၁) ဦးစီးအရာရှိ

**ပုံနှိပ်သူ**

ဦးရဲလွင်ဌေး(မြ-၀၁၁၅၅)
ပေါ်ပြူလာမိသားစုပုံနှိပ်တိုက်
(ပ-၁၈၃)၊ ပွဲရုံတန်း၊ မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်
ဆက်သွယ်ရန် - ၀၆၇-၃၄၀၅၃၉၄
fdextension39@gmail.com



# မိုးဦးချိန်ပြီ တက်ညီလက်ညီ၊ မြေဆီရှိရိုက် သစ်ပင်စိုက်

PDF Compressor Free Version

မြန်မာနိုင်ငံသည် သစ်တောသယံဇာတပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်နှင့်အညီ သစ်တောအမျိုးအစားများ၊ တောရိုင်းတိရစ္ဆာန်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်များ စုံလင်လှပါသည်။

သစ်တောသယံဇာတများကို အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း၊ မြေအသုံးချမှုများပြောင်းလဲခြင်း၊ လူဦးရေထူထပ်များပြားလာသည့်အတွက် မြို့/ရွာများတိုးချဲ့ခြင်း၊ တောမီးလောင်ခြင်း၊ စနစ်မကျသည့် စိုက်ပျိုးနည်းများ အသုံးပြုခြင်း စသည့် အချက်များကြောင့် သစ်တောများသည် နှစ်စဉ်ပြုန်းတီးလာပြီး တောအဆင့်အတန်းများ နိမ့်ကျလာပါသည်။ ဂေဟစနစ်များလည်း တန်ဖိုးလျော့ကျပြီး ဇီဝမျိုးစုံမျိုးကွဲများ၏ နေရင်းဒေသများ တစ်စတစ်စ ထိခိုက်လာရပါသည်။

သစ်တောများပျက်စီးပြုန်းတီးလာပြီး တောအဆင့်အတန်းများ နိမ့်ကျလာခြင်းတို့ကြောင့် ကမ္ဘာကြီးသည် တစ်နှစ်ပြီးတစ်နှစ် ရာသီဥတုများ ပြောင်းလဲလာပြီး မုန်တိုင်းများ ကျရောက်ခြင်း၊ လျှပ်လှုပ်ခြင်း၊ မြေအောက်ရေများ ခန်းခြောက်လာပြီး ရေရှားပါးလာခြင်း၊ မိုးခေါင်၍ ကောက်ပဲသီးနှံများစိုက်ပျိုး၍မရခြင်း၊ နိုင်ငံဖြတ်ကျော်မီးခိုးမြူငွေ့ပြဿနာများဖြစ်ပေါ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့လာခဲ့ရပါသည်။ ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများအနက် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့မြင့်မားစွာ ထုတ်လွှတ်မှုသည် အဓိကအကြောင်းအရင်းဖြစ်နေပါသည်။ သစ်တောသစ်ပင်များသည် ညစ်ညမ်းသောကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို စုပ်ယူပြီး သန့်ရှင်းသော အောက်ဆီဂျင်ဓာတ်ငွေ့ကို ထုတ်လွှတ်ပေးသည့်အတွက် လူသားများ အသက်ရှင်ရပ်တည်ရေးအတွက် အဓိကအကျဆုံးဖြစ်နေပါသည်။ ထို့အပြင် သစ်တောသစ်ပင်များသည် လူနှင့်တိရစ္ဆာန်များအတွက် အစားအစာ၊ နေအိမ်၊ လောင်စာ၊ ဆေးဝါးများ၊ အပန်းဖြေအနားယူစရာ နေရာများရရှိစေသည်သာမက သဘာဝဘေးအန္တရာယ်ကျရောက်မှုမှလည်း ကာကွယ်တားဆီးပေးပါသည်။

သစ်တောသစ်ပင်များ ပျက်စီးပြုန်းတီးပြီး ရာသီဥတုပြောင်းလဲလာသည့်အတွက် နိုင်ငံနှင့်အဝှမ်း သစ်တောသစ်ပင်များကို ပိုမိုစိုက်ပျိုးထိန်းသိမ်းရန် လိုအပ်လာပါသည်။ သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီတွင် အမြင့်၂ပေနှင့်အထက် ပျိုးပင်ပေါင်း (၂၁) သန်းနီးပါး စိုက်ပျိုးရန် လျာထားသတ်မှတ်ထားပါသည်။ ပျိုးပင်များ စိုက်ပျိုးရန် ပျိုးဥယျာဉ်များတည်ထောင်ပြီး ပျိုးထောင်ထားရှိ၍ အောင်လုံသော ပျိုးပင်များ ဖြစ်စေရန်ပြုစုထားရှိပြီးဖြစ်ပါသည်။ သစ်တောဦးစီးဌာနမှ သစ်ပင်စိုက်ပျိုးခြင်းကို ဌာနအစီအစဉ်ဖြင့် စိုက်ပျိုးနေသကဲ့သို့ ပြည်သူလူထုနှင့် ပူးပေါင်းပြီး စိုက်ပျိုးခြင်းများလည်း ဆောင်ရွက်လျက်ရှိပါသည်။

ပျိုးပင်များအား သစ်တောဦးစီးဌာနမှ အခမဲ့ဖြန့်ဝေလျက်ရှိရာ ပြည်နယ်/တိုင်းဒေသကြီးရှိ သစ်တောဦးစီးဌာနများနှင့် ဆက်သွယ်ရယူနိုင်ပါသည်။ သစ်ပင်စိုက်ပျိုးရာတွင်လည်း တစ်ပင်စိုက် တစ်ပင်ရှင်သန်စေရန် အလေးထားစိုက်ပျိုးသင့်ပါသည်။ စိုက်ပျိုးပြီး ပျိုးပင်များအား လူနှင့်တိရစ္ဆာန်များ၏ ဖျက်ဆီးမှုမှ ကာကွယ်ရန် ဂရုပြုထိန်းသိမ်းစောင့်ရှောက်ရပါမည်။ သို့မှသာလျှင် မိမိစိုက်ပျိုးထားသော ပျိုးပင်များ ရှင်သန်ကြီးထွားပြီး စိမ်းလန်းစိုပြည်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ယခုမိုးရာသီတွင် မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် သစ်ပင်စိုက်ပျိုးကြရန်နှင့် စိုက်ပျိုးပြီးသစ်ပင်များအား ရှင်သန် အောင်မြင်ဖြစ်ထွန်းစေရေးအတွက် မိုးကာလ မြေဆီစိုခိုက်တွင် သစ်ပင်စိုက်ပျိုးခြင်းကို တစ်နိုင်တစ်ပိုင်မှသည် စုပေါင်း၍ တက်ညီလက်ညီ အလေးထား ဆောင်ရွက်ကြပါရန် တိုက်တွန်း ရေးသားဖော်ပြအပ်ပါသည်။

**သစ်တောမူဝါဒ (၆)ချက်**

**(၁) ကာကွယ်ခြင်း**

**ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။**

**(၂) ထာဝစဉ်တည်တံ့စေခြင်း**

**လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ် တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။**

**(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**

**ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။**

**(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**

**သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။**

**(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**

**သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများအသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။**

**(၆) ပြည်သူအတွင်း နိုးကြားထကြွသည့် အသိရှင်သန်နေစေခြင်း**

**နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိ ရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။**

PDF Compressor Free Version

# သတင်းများ ကဏ္ဍ

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ သစ်စက်၊ သစ်ဆိပ်နှင့် သစ်တောမျိုးဥယျာဉ်များအား ကွင်းဆင်း ကြည့်ရှုစစ်ဆေး



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် (၅-၅-၂၀၂၅) ရက်နေ့ နေ့လယ်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကေတုမတီမြို့သစ်ရှိ မြန်မာ့သစ်လုပ်ငန်း၊ အမှတ် (၈၉) သစ်စက်သို့ သွားရောက်၍ သစ်စက်အတွင်း သစ်ခွဲသားများ ခွဲစိတ်ဆောင်ရွက်နေမှု အခြေအနေအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သစ်မျိုးအလိုက်၊ သစ်ခွဲသား အရွယ်အစားအလိုက် ခွဲစိတ်ဆောင်ရွက်ခြင်းအား စနစ်တကျ ဆောင်ရွက်သွားရန်၊ သစ်အလေအလွင့်အနည်းဆုံးနှင့် ခွဲသားထွက်ရာခိုင်နှုန်း အများဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့နယ်ရှိ ကံရိုးသစ်တောပျိုးဥယျာဉ်သို့ သွားရောက်၍ သစ်မျိုး ၂၅ မျိုးဖြင့် အထူးပျိုးပင် ၁၅,၀၀၀ ကျော် ပျိုးထောင်ထားရှိမှုအခြေအနေနှင့် သစ်တောဝင်းအတွင်း သစ်မျိုး ၁၈ မျိုးဖြင့် သစ်မျိုးစုံစိုက်ခင်း ဆောင်ရွက်ထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးတွင် ခရိုင်၊ မြို့နယ် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် မိမိတို့ဌာန၏ နှစ်စဉ်လျာထားချက်များ ပြည့်မီကျော်လွန်ရေး၊ ရည်မှန်းချက်များ အောင်မြင်နိုင်ရေးအတွက် ဝန်ထမ်းကောင်းပီသစွာ နေထိုင်ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် လုပ်ငန်းခွင်တွင် ဝန်ထမ်းအချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားရန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အုတ်တွင်းမြို့နယ်ရှိ အမှတ် (၈၈) သစ်စက်၊ ဥယျာဉ်တော်သို့သွားရောက်၍ သစ်စက်အတွင်း သစ်ခွဲသားများ ခွဲစိတ်ဆောင်ရွက်နေမှု၊ သစ်မျိုးအလိုက်၊ သစ်ခွဲသားအရွယ်အစားအလိုက် ခွဲစိတ်ဆောင်ရွက်စုပုံထားမှု၊ သစ်ခွဲသားများ ဖြန့်ဖြူးမှုနှင့် သစ်စက်လက်ကျန် ကျန်ရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရေး မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အုတ်တွင်းမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း၊ ဗောဓိကုန်းသစ်ဆိပ်သို့ ရောက်ရှိပြီး သစ်ဆိပ်အတွင်း သစ်လုံးများ ရောက်ရှိစုပုံထားမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

## နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီအတွင်းရေးမှူးနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကော်မတီအတွင်းရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

PDF Compressor Free Version



နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကော်မတီအတွင်းရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၆-၅-၂၀၂၅) ရက် (၀၉း၃၀) နာရီတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဗဟိုကော်မတီ အတွင်းရေးမှူး ဦးလှမောင်သိန်း တက်ရောက်အမှာစကားပြောကြားပြီး အစည်းအဝေးကို ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး(၂)၊ သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ငါးလုပ်ငန်းဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆက်စပ်ဌာနများမှ ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှ ဌာနအလိုက် ညွှန်ကြားရေးမှူးများတက်ရောက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကော်မတီအတွင်းရေးမှူးများက Online စနစ်ဖြင့် တက်ရောက်ကြပါသည်။

ဦးစွာ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူးက လုပ်ငန်းကော်မတီ (ဆဌမအကြိမ်)နဲ့ ဗဟိုကော်မတီ (သတ္တမအကြိမ်) အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးညှိနှိုင်းဆွေးနွေးလိုကြောင်း၊ ဗဟိုကော်မတီအစည်းအဝေးများကျင်းပခဲ့ရာ (၆) ကြိမ်မြောက်ထိ ပြီးစီးခဲ့ပြီး ဆောင်ရွက်ရမည့်ဆုံးဖြတ်ချက်များ၊ လုပ်ငန်းကဏ္ဍများလည်း စုံလင်လာ၍ ဆုံးဖြတ်ချက်များအပေါ် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်၍ တင်ပြရန်လိုကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အဆင့် အတွင်းရေးမှူးများကလည်း ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ရေရှည်ရေတိုနှင့် ပူးပေါင်းအကောင်အထည်ဖော်ရမည့် စီမံချက်များ တင်ပြနိုင်ရေး၊ အပြာရောင်စီးပွားရေးဖွံ့ဖြိုးမှုအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် အလားတူ လုပ်ငန်းကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်မှုများ၊ လုပ်ငန်းကော်မတီ (ဆဌမအကြိမ်) အစည်းအဝေးတွင် ဆွေးနွေးရမည်များ ကြိုတင်ပြင်ဆင်ရန် အဖွင့်အမှာစကားပြောကြားပြီးနောက် တက်ရောက်လာသူများမှ ဝိုင်းဝန်းဆွေးနွေးခဲ့ပါကြောင်း သတင်းရရှိပါသည်။

---

## အမျိုးသားမြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့၏ နဝမအကြိမ်မြောက်အစည်းအဝေးကျင်းပ



အမျိုးသားမြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့၏ နဝမအကြိမ်မြောက်အစည်းအဝေးကို ၂၀-၅-၂၀၂၅ ရက်နေ့ အင်္ဂါနေ့ နံနက်ပိုင်းတွင် သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမ၌ ကျင်းပရာ မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးမှ အဖွင့်အမှာစကားပြောကြားပါသည်။ အစည်းအဝေးသို့ နည်းပညာအကြံပေးအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင်၊ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတောင်သူလယ်သမား၊ တိုင်းရင်းသားလူမျိုးစု၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ပြီး သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးတာဝန်ခံများမှ Online ဖြင့် တက်ရောက်ကြပါသည်။


PDF Compressor Free Version

ဦးစွာ အဖွဲ့ခေါင်းဆောင်မှ ဤအမျိုးသားမြေဥပဒေထွက်ပေါ်ရေးကို ဦးတည်ပြီး မြေအသုံးချမှုစီမံအုပ်ချုပ်ရေးကိစ္စများ အကောင်အထည်ဖော်ရာတွင် ဥပဒေနှင့် ပညာရပ်ဆိုင်ရာ အကြံဉာဏ်များပေးနိုင်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ပါကြောင်း ၂၈-၁၀-၂၀၂၄ အဌမအကြိမ် အစည်းအဝေးတွင် အမျိုးသားမြေဥပဒေပဏာမမူကြမ်းကို ဖြန့်ဝေနိုင်ခဲ့ပါကြောင်းနှင့် ယနေ့အစည်းအဝေးတွင် စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာ အကောင်အထည်ဆောင်ရွက်ရေးနှင့် ပေါင်းစပ် ညှိနှိုင်းရေး လုပ်ငန်းကော်မတီမှ ကိုယ်စားလှယ်တစ်ဦး၏ ၎င်းတို့ ကော်မတီ ဆောင်ရွက်နေမှုများကို မျှဝေပေးမှာဖြစ်ပါကြောင်း အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသူများမှ ဝိုင်းဝန်းဆွေးနွေးခဲ့ပါကြောင်း သတင်းရရှိခဲ့ပါသည်။

## ဒီရေတောကြိုးပြင်ကာကွယ်တောများ တိုးချဲ့သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကဝမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၂၈,၃၉၂ ဧက ရှိသော နယ်မြေကို အောင်နိမိတ်ဒီရေတောကြိုးပြင်ကာကွယ်တောအဖြစ် အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၅) အရသော်လည်းကောင်း၊ မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ဘီးလင်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁,၆၁၄ ဧက ရှိသောနယ်မြေကို ငွေသောင်ယံဒီရေတောကြိုးပြင်ကာကွယ်တောအဖြစ် အမိန့်ကြော်ငြာစာအမှတ် (၄၅/ ၂၀၂၅) အရသော်လည်းကောင်း ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း (၄) ရက် (၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်) မှစ၍ ဒီရေတောကြိုးပြင်ကာကွယ်တောများအဖြစ် သတ်မှတ်ကြောင်း ကြေညာလိုက်သည်။



အောင်နိမိတ်ဒီရေတောကြိုးပြင်ကာကွယ်တော (၂၈၃၉၂ဧက)




ငွေသောင်ယံဒီရေတောကြိုးပြင်ကာကွယ်တော (၁၆၁၄ ဧက)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေ၊ မြေထိန်းသိမ်းကာကွယ်ရန် အပူပိုင်းဒေသတောများ ထိန်းသိမ်းကာကွယ်ရန်၊ ဒီရေတောများထိန်းသိမ်းကာကွယ်ရန်၊ သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ထိန်းသိမ်းကာကွယ်ရန် အလို့ငှာ အစိုးရစီမံခန့်ခွဲရန်ရှိသောမြေများတွင် ဒီရေတောကြိုးပြင်ကာကွယ်တော တိုးချဲ့သတ်မှတ်လျက်ရှိပါသည်။

ဒီရေတောကြိုးပြင်ကာကွယ်တောများ တိုးချဲ့သတ်မှတ်နိုင်ခြင်းကြောင့် ဖော်ပြပါ ဒီရေတောကြိုးပြင်ကာကွယ်တော ဧရိယာများအား ကျူးကျော်ဝင်ရောက်ဖျက်ဆီးမှုအား တားဆီးကာကွယ်နိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်ဖွံ့ဖြိုးတိုးတက်ခြင်း၊ မြေ၊ ရေ၊ လေအရည်အသွေးတိုးမြှင့်ကောင်းမွန်လာခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးပွားလာခြင်း၊ ရာသီဥတုပြောင်းလဲမှု လျော့ချလာခြင်းအကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**ကြိုးပြင်ကာကွယ်တောများ တိုးချဲ့သတ်မှတ်ခြင်း**

PDF Compressor Free Version

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ အပ်နှင်း ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၆,၃၈၃) ဧကရှိသောနယ်မြေကို ဝါးရွက်ကြိုးပြင်ကာကွယ်တောအဖြစ် အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၅) အရသော်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃,၇၇၁) ဧက ရှိသောနယ်မြေကို ရမန်းချောင်းကြိုးပြင်ကာကွယ်တောအဖြစ် အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၂၅) အရသော်လည်းကောင်း၊ ရှမ်းပြည်နယ်၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃၂၅) ဧက ရှိသောနယ်မြေကို နမ့်ပွန်းကြိုးပြင်ကာကွယ်တောအဖြစ် အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၅) အရ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း (၄) ရက် ( ၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်) မှစ၍ ကြိုးပြင်ကာကွယ်တောများအဖြစ်သော်လည်းကောင်း သတ်မှတ်ကြောင်း ကြေညာလိုက်သည်။










သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေ၊ မြေထိန်းသိမ်းကာကွယ်ရန် အပူပိုင်းဒေသတောများ ထိန်းသိမ်းကာကွယ်ရန်၊ ဒီရေတောများ ထိန်းသိမ်းကာကွယ်ရန်၊ သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ အစိုးရစီမံခန့်ခွဲရန်ရှိသောမြေများတွင် ကြိုးပြင်ကာကွယ်တော တိုးချဲ့သတ်မှတ်လျက်ရှိပါသည်။

ကြိုးပြင်ကာကွယ်တောများ တိုးချဲ့သတ်မှတ်နိုင်ခြင်းကြောင့် ဖော်ပြပါ ကြိုးပြင်ကာကွယ်တောဧရိယာများအား ကျူးကျော်ဝင်ရောက် ဖျက်ဆီးမှုအား တားဆီးကာကွယ်နိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်ဖွံ့ဖြိုးတိုးတက်ခြင်း၊ မြေ၊ ရေ၊ လေအရည်အသွေးတိုးမြှင့် ကောင်းမွန်လာခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးပွားလာခြင်း၊ ရာသီဥတုပြောင်းလဲမှု လျော့ချလာခြင်းအကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

### အထူးကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း

မြန်မာနိုင်ငံအတွင်း ၂၈–၃–၂၀၂၅ ရက်တွင် လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ခံစားခဲ့ရသော သစ်တောဦးစီးဌာနမှ ဝန်ထမ်း မိသားစုများအတွက် အလှူငွေ၊ စားသောက်ကုန်၊ လူသုံးကုန်နှင့် ဆောက်လုပ်ရေးပစ္စည်း စသည်တို့ကို စေတနာသဒ္ဒါတရားထက်သန်စွာဖြင့် ပေးအပ်လှူဒါန်းကြပါသော ဌာန/အဖွဲ့အစည်း/ ကုမ္ပဏီ/လူပုဂ္ဂိုလ်တစ်ဦးချင်းစီတိုင်းအား သစ်တောကြေးမုံမှ အထူးကျေးဇူးတင်ပါကြောင်းနှင့် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

## နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ ဖမ်းဆီးရမိခြင်း

PDF Compressor Free Version

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၅-၅-၂၀၂၅) ရက်မှ (၁၁-၅-၂၀၂၅) ရက်နေ့အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း(၇.၅၃၀၆)တန်၊ သစ်မာ (၂.၀၇၄၀)တန်၊ အခြား(၂၃.၉၃၄၅)တန်၊ စုစုပေါင်း (၃၃.၅၃၉၂)တန်၊ ယာဉ်/ယန္တရား(၃)စီး၊ တရားခံ (၁၃)ဦး** ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိမှုများအနက် အများဆုံး ဖမ်းဆီးရမိမှုမှာ ၈-၅-၂၀၂၅ ရက်နေ့တွင် နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်၊ မြို့မဘိနယ်၊ စိန်ဝေနန်းအရှေ့ဘက်၊ အမှတ်(၅) ရပ်ကွက်၊ ကွက်သစ်၊ လယ်ကွင်းစပ်အနီးရှိ ဦးမောင်ဇော် (ခ) ဦးစံပျော်၏ နေအိမ်ခြံဝင်းအတွင်းမှ တရားမဝင် ကျွန်း/ ပိတောက်/ သင်းဝင်/ နဘဲ သစ်လုံး/ခွဲသား/ ပါကေး စုစုပေါင်း (၁၀၁၈၄)လုံး/ချောင်း (၇.၁၀၁၆)တန်၊ လွှစိုင်း (၃)စိုင်း၊ မော်တာ (၅)လုံး၊ လျှာထိုးစက် (၁)လုံး၊ ရွှေဘော်ထိုးစက် (၁)လုံး၊ တရားခံ (၁)ဦး ဖမ်းဆီးရမိခဲ့ပါသည်။






**ပြည်နယ်နှင့်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနများ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဧပြီလအထိ တရားမဝင်သစ် ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်**

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၁၂၇ | |
| ၂ | သစ်မာ | တန် | ၉၀ | |
| ၃ | အခြား | တန် | ၂၁၇ | |
| စုစုပေါင်း | | | ၄၃၄ | |
| ၄ | မီးသွေး | တန် | ၈၃ | |
| ၅ | ကား | စီး | ၂၁ | |
| ၆ | မြေတူးစက်/မြေကော်စက်/ကရိန်း | စီး | ၀ | |
| ၇ | ထော်လာဂျီ/ဒိန်းဒေါင်း/ထွန်စက် | စီး | ၁ | |
| ၈ | ဆိုင်ကယ်/ဆိုက်တွဲယာဉ်/နောက်တွဲယာဉ် | စီး | ၁၁ | |
| ၉ | စက်လှေ/ပဲ့ထောင်/ရေယာဉ် | စီး | ၅ | |
| စုစုပေါင်း | | | ၃၈ | စဉ် (၅)မှ (၉)၊ ယာဉ်/ယန္တရား |
| ၁၀ | သစ်စက်/အင်ဂျင် | လုံး | ၆ | |

PDF Compressor Free Version

## [illegible] - ၃၆

# သစ်ခွဲသားနှင့် သစ်လုံးကို တိုင်းသည့် ယူနစ်များ



### တက္ကသိုလ်ဆရာတစ်ဦး

ယူနစ်နှစ်မျိုးရှိသည်။ ကုဗပေ ($ft^3$ )နှင့် ကုဗမီတာ ($m^3$ ) ဖြစ်သည်။ cubic meter သည် နိုင်ငံတကာသုံး ယူနစ်ဖြစ်သော်လည်း သစ်ခွဲသား (timber/lumber) ကို ဗြိတိသျှနိုင်ငံနှင့် မြန်မာနိုင်ငံကဲ့သို့သော ဗြိတိသျှလက်အောက်ခံနိုင်ငံများတွင် ပေ၊ လက်မဖြင့်တိုင်းပြီး တန် (ton) ယူနစ်ဖြင့် ရောင်းဝယ်ကြသည်။ သစ်ခွဲသားများ၏ အလျားကို ပေ၊ ဖြက်နှင့် ဒုကို လက်မဖြင့် တိုင်းကာ ထုထည်ကို တွက်ယူပြီး ၅၀ ကုဗပေ ကို ၁ တန်ဟု သတ်မှတ်ထားသည်။ ( ၁ $m^3$ တွင် ၃၅.၃ $ft^3$ ရှိသဖြင့် ၁ တန်တွင် ၁.၄၂ $m^3$ ရှိသည်။)

သစ်လုံး၏ ထုထည်ကို တွက်ရာတွင် သစ်လုံး၏ ခါးလယ်လုံးပတ်နှင့် အလျားကို တိုင်းတာပြီး Hoppus တီထွင်ခဲ့သော Quarter Girth Square Fomular-$(G/4)^2$ x L ဖြင့် တွက်ယူသည် (G=Girth, L=Length) ။ ရရှိသည့်ထုထည်ကုဗပေကို တန်ဖွဲ့ကာ ရောင်းဝယ်ကြသည်။ သစ်လုံး၏ထုထည်ကို Hoppus ၏ ပုံသေနည်းဖြင့် တွက်ယူထားခြင်းကြောင့် Hoppus ton ဟုလည်း ခေါ်ကြသည်။

ဖော်ပြပါ ယူနစ် – တန်ကို အလေးချိန် တန်နှင့် ကွဲပြားစေရန်အတွက် ကုဗတန်(cubic ton) ဟုလည်း သုံးနှုန်းကြသည်။

အမေရိကန်ပြည်ထောင်စုတွင် သုံးသည့် ယူနစ်သည် boardfoot (bdft)ဖြစ်သည်။ ဖြက် ၁ ပေ၊ ဒု ၁ လက်မနှင့် အလျား ၁ ပေရှိသည့် ပျဉ်တစ်ချပ်ကို ၁ bdft ဟုသတ်မှတ်ထားသည်။ ရောင်းဝယ်ရာ၌ ၁,၀၀၀ bdft ကို သုံးသည်။ ၁ bdft သည် ၀.၈၃၃၃ ကုဗပေ ရှိသဖြင့် ၁,၀၀၀ ကုဗပေကို ၈၃.၃ ကုဗပေ= ၁.၆၆ တန်ရှိသည်။ အမေရိကတွင် သစ်ခွဲသား (lumber) ပေါက်ဈေးသည် USD ၅၀၀ မှ ၇၀၀ ခန့်ရှိခဲ့ကြောင်း သိရှိရပါသည်။ လက်ရှိ (၁၂-၅-၂၀၂၅ ရက်နေ့) ပေါက်ဈေး ၁ USD လျှင် ၄၄၀၀ ကျပ်အရ ဆိုပါက ၂၂ သိန်းမှ ၃၁ သိန်းခန့်ရှိသည်။ တစ်တန်လျှင် ၁၃ သိန်းမှ ၁၉ သိန်း ခန့်ရှိသည်။

Boardfoot သည် တောတွင်း၌ စင်ထောင် လွှဖြင့် ခွဲစိတ်ကာ မှောင်ခိုရောင်းချခဲ့ကြသည့် ပေပျဉ်နှင့် ဆင်သည်။ အလျား ၁၈ ပေရှိသည့် ပေပျဉ်တစ်ချပ်ကို စံထား၍ ရောင်းဝယ်ခဲ့ကြသည်။ ပေပျဉ်ဆိုသည်မှာ ဖြက် ၁ ပေ နှင့် ဒု ၁ လက်မ ရှိသည့်ပျဉ်ကို ခေါ်ဆိုခြင်း ဖြစ်သည်။ ၂၀၁၄ ခုနှစ်ဝန်းကျင်က ပျဉ်းမနားနယ် ပဲခူးရိုးမတွင် ကျွန်းပေပျဉ်တစ်ချပ်၏ ပေါက်ဈေးနှုန်းသည် ကျပ် ၂၄,၀၀၀ ခန့်ရှိကြောင်း မှတ်သားထားဖူးပါသည်။ တစ်တန်လျှင် ကျပ် ၈၀၀,၀၀၀ ဝန်းကျင်ရှိခြင်းဖြစ်သည်။

# မြန်မာ့သစ်တော သယံဇာတထိန်းသိမ်းစီမံအုပ်ချုပ်ရေးနှင့် လူမှုဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး (၃)

PDF Compressor Free Version

## သဘာဝသစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်း

ဦးစိန်သက်၊ ညွှန်ကြားရေးမှူး (ငြိမ်း)

မြန်မာနိုင်ငံလူဦးရေ၏ လေးပုံသုံးပုံခန့် အရေအတွက်မှာ ကျေးလက်ဒေသတွင် နေထိုင်ကြသူများဖြစ်ပြီး အများစုမှာ သဘာဝသစ်တောများမှရရှိသော သယံဇာတအမျိုးမျိုးဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နေရပါသည်။ သဘာဝသစ်တောများအတွင်း ရွှေ့ပြောင်းတောင်ယာခုတ်ခြင်း၊ သစ်၊ ထင်း၊ ဝါး၊ ပရဆေးနှင့် အခြားအမျိုးမျိုးသော သစ်တောထွက်ပစ္စည်း အမြောက်အများကို မိမိတို့၏ဝမ်းစာအတွက်လည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေးအတွက်သော်လည်းကောင်း ဝင်ရောက်ခုတ်ယူထုတ်လုပ် အသုံးပြုလျက်ရှိနေပါသည်။ သစ်တောများကို ကာကွယ်ထိန်းသိမ်းရာတွင် ပညာပေးခြင်းနှင့် ဖွံ့ဖြိုးတိုးတက်သောနည်းစနစ်များကိုအသုံးပြုလျက် သစ်တောမြေများကို စနစ်တကျအသုံးချရန်လိုအပ်နေပြီဖြစ်ကြောင်း လေ့လာသုံးသပ်ရပါသည်။ သစ်တောနယ်မြေများအတွင်း ဝင်ရောက်ကျူးကျော်သူများသည် အများအားဖြင့် တောင်ယာစပါးနှင့် လယ်ယာစပါး၊ ကောက်ပဲသီးနှံစိုက်ပျိုးသူများ ဖြစ်ပါသည်။ ဤကဲ့သို့ ဝင်ရောက်ကျူးကျော်စိုက်ပျိုးသည့် မြေပေါ်တွင် အစားထိုး နှစ်ရှည်သီးနှံစိုက်ပျိုးလာစေရန် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ လူမှုသစ်တောတည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း စသည့်နည်းစနစ်များကို ဒေသအလိုက် သင့်လျော်သော လုပ်ငန်းများဖြင့် ဆောင်ရွက်ရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် တောမီးတားဆီးကာကွယ်ခြင်း၏ အခြေခံသဘောတရားများကို သိပ္ပံနည်းကျ သစ်တောစီမံအုပ်ချုပ်မှု စတင်ဆောင်ရွက်စဉ်ကပင် ပေါ်ပေါက်ခဲ့ကြောင်း လေ့လာရပါသည်။ ၁၈၉၆ ခုနှစ်တွင် အိန္ဒိယနှင့်မြန်မာနိုင်ငံအစိုးရမှ သစ်တောနှင့်သက်ဆိုင်သည့် တာဝန်ရှိသူများအား သစ်တောအမျိုးအစားအားလုံးကို တောမီးအန္တရာယ်မှကာကွယ်ရန်ညွှန်ကြားခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ဥပဒေပြဋ္ဌာန်းခြင်း၊ ပြည်သူလူထုအားအသိပညာပေးခြင်း၊ ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ ကျူးလွန်သူများအား အပြစ်ပေးအရေးယူခြင်း အစရှိသည်တို့အပြင် ပြည်သူလူထုအားနိုးကြားသိရှိလာစေပြီး မိမိတို့ဆန္ဒအလျောက် တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်စေခဲ့ပါသည်။ ပညာရှင်အချို့က မြန်မာနိုင်ငံတွင် လောင်ကျွမ်းသောတောမီးမှာ မြေရှပ်မီးများသာဖြစ်ပြီး တစ်နေရာမှ တစ်နေရာသို့ဝေးကွာစွာ ကူးစက်နိုင်သော်လည်း ပြင်းထန်စွာ လောင်ကျွမ်းလေ့မရှိကြောင်းပြောဆိုခဲ့ကြပါသည်။ ထို့ကြောင့် တောမီးလောင်ကျွမ်းသည့် ပမာဏအကျယ်အဝန်းများသော်လည်း သစ်တောနှင့် သစ်တောမြေဆုံးရှုံးမှုမှာ နည်းပါးပါကြောင်းနှင့် မြန်မာနိုင်ငံအတွင်း ပေါက်ရောက်သော သစ်မျိုးကောင်းအများစုမှာ မီးဒဏ်ခံနိုင်သော သစ်မျိုးများဖြစ်ကြကြောင်း၊ အဖိုးတန်ကျွန်းသစ်မျိုးမှာ မီးဒဏ်ပိုမိုခံနိုင်ပြီး မီးလောင်ကျွမ်းခြင်းကြောင့် အနှောက်အယှက်ဖြစ်စေသည့် အခြားသစ်မျိုးများကို နည်းပါးစေသဖြင့် ကျွန်းပေါက်ရောက်မှုကို အကျိုးပြုကြောင်း သုံးသပ်ကြပါသည်။ တောမီးလောင်ကျွမ်းမှုနည်းသည့် တောစိုများတွင် သဘာဝကျွန်းမျိုးဆက်ပင်များနည်းပါးကြောင်းနှင့် တောမီးကြောင့် အဖိုးတန်သစ်မျိုးများ၏ သဘာဝမျိုးဆက်ခြင်းကို ကောင်းမွန်စေပြီး အထူးသဖြင့် ရွက်ပြတ်ရောနှောတောမျိုးများတွင် တောတစ်မျိုးမှတစ်မျိုးသို့ တိုးတက်ကူးပြောင်းရာတွင် အထောက်အကူပြုကြောင်း တောမီးကာကွယ်ခြင်းဖြင့် ကျွန်းသဘာဝမျိုးဆက်ရန်ခက်ခဲသည့် အမြဲစိမ်းတောအဖြစ်သို့ပင် ပြောင်းလဲစေနိုင်ပါကြောင်း သုံးသပ်ထားကြပါသည်။

တောမီးလောင်ကျွမ်းမှုတွင် ကချင်၊ ချင်း၊ ကယား၊ ရခိုင်၊ ပဲခူးနှင့် မန္တလေးဒေသတို့၏တောင်ပေါ်ဒေသများတွင် အခြားသောဒေသများထက်များကြောင်း တွေ့ရပါသည်။ မြန်မာနိုင်ငံတွင် တွေ့ရှိရသော တောမီးများမှာ လူတို့၏ ပယောဂကြောင့်ဖြစ်ပြီး အဓိကအကြောင်းအရာများမှာ

(က) တောင်ယာမီးရှို့ခြင်း၊

(ခ) အမဲလိုက်ရန်မီးရှို့ခြင်း၊

(ဂ) စခန်းတွင် နမော်နမဲ့ မီးအသုံးပြုခြင်း၊

(ဃ) ကညင်ဆီ၊ ထင်းရှူးဆီတို့ ထုတ်ယူရန် အပင်များကိုမီးရှို့ခြင်း၊

(င) စားကျက်မြေအတွက်မီးရှို့ခြင်း၊

(စ) လူတို့အမှတ်တမဲ့ စွန့်ပစ်သော ဆေးလိပ်မီးတို့ကြောင့်ဖြစ်ကြောင်း လေ့လာသိရှိနိုင်ပါသည်။ ပြည်သူတို့အား ပူးပေါင်းပါဝင်ကူညီစေရေးနှင့် မီးကာ

PDF Compressor Free Version

ကွယ်ရမည့် မြန်မာပြည်အလယ်ပိုင်း အပူပိုင်း ဒေသသစ်တောများ၏ အနီးဝန်းကျင်တွင် တည်ရှိသည့်ကျေးရွာများမှ ပြည်သူတို့၏ ပူးပေါင်းပါဝင်ကူညီလိုသည့်ဆန္ဒနှင့် လုပ်အားကိုရယူစေရေးအတွက်အစွမ်းကုန် စည်းရုံးလှုံ့ဆော်ရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံ့သစ်တောများနှင့် သစ်တောသယံဇာတအရင်းအမြစ်များ၏ အတိုင်းအတာပမာဏအဆင့်အတန်းနှင့်ကြီးထွားရှင်သန်မှုအခြေအနေများကို မြှင့်တင်ပေးနိုင်ရန်အတွက် သစ်တောကာကွယ်ထိန်းသိမ်းခြင်းသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ သစ်တောများကို ထိရောက်စွာ ကာကွယ်ထိန်းသိမ်းနိုင်ပါက သစ်တောသယံဇာတများသည်လည်း ဂေဟစနစ်သဘာဝဖြစ်စဉ်များအရ အမြဲတမ်း ပြန်လည်ဆန်းသစ်လာပြီး တည်တံ့ခိုင်မြဲမည်ဖြစ်ပါသည်။ အလွန်အကျွံဖျက်ဆီးခြင်းခံရပါက ဂေဟစနစ်တစ်ခုလုံးပျက်ပြားပြီး နလန်မထူနိုင်သည့်အထိ ယိုယွင်းပျက်စီးသွားမည်သာဖြစ်ပါသည်။ လူဦးရေတိုးတက်လာခြင်းနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအရ သစ်နှင့် သစ်တောထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်လာခြင်းနှင့် လယ်ယာမြေနှင့် အခြားမြေအသုံးချမှုကိစ္စများအတွက် သစ်တောမြေများကို ထိန်းသိမ်းစောင့်ရှောက်နိုင်လျှင် သစ်တောများထာဝစဉ်တည်တံ့ဖွံ့ဖြိုးရေးအုပ်ချုပ်လုပ်ကိုင်မှုကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် သစ်တောသယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန်အတွက် သစ်တောများမပျက်စီးစေရန် လူတို့၏ ဝင်ရောက်ဖျက်ဆီးမှု၊ တောမီးအန္တရာယ်တို့မှ ထိရောက်စွာ ကာကွယ်ခြင်းဖြင့် နိုင်ငံတော်၏ သစ်တောများ ထာဝစဉ်တည်တံ့ဖွံ့ဖြိုးရေး အုပ်ချုပ်လုပ်ကိုင်မှုစနစ်ကိုအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ကာကွယ်ထိန်းသိမ်းရန် အထူးလိုအပ်နေပါသည်။

**ရေဝေရေလဲဒေသ စီမံအုပ်ချုပ်ခြင်း**

နိုင်ငံတော်၏ အဓိက စီးပွားရေးဖြစ်သော လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ရေအားလျှပ်စစ် ပိုမိုထုတ်လုပ်နိုင်ရေးနှင့် သဘာဝဝန်းကျင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများတွင် ရေသည် အဓိကကျသည့် အလျောက်နိုင်ငံအတွင်းတည်ရှိသော သယံဇာတများ တိုးမြှင့်ဖော်ထုတ်သုံးစွဲနိုင်ရန် ဆည်၊ ရေလှောင်တမံနှင့် ရေရရှိရေး လုပ်ငန်းများအား ငွေကြေးပမာဏများစွာ ရင်းနှီးမြှုပ်နှံလျက် အထူးစီမံကိန်းကြီးများ၊ ရေတိုရေရှည်စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်သာမကဆက်လက်၍လည်း ဆောင်ရွက်လျက်ရှိပါသည်။

သစ်တောဦးစီးဌာနသည် ရှမ်းပြည်နယ် မြေလတ်ဒေသဖြစ်သော ပင်းတယ၊ ပင်လောင်းနှင့် ကလောမြို့နယ်များတွင် မြေဆီလွှာတိုက်စားမှုများ ဆိုးဝါးစွာဖြစ်ပေါ်နေကြောင်းကို ဒုတိယကမ္ဘာစစ်မတိုင်မီ ၁၉၃၇ ခုနှစ်ကတည်းက သိရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ထို့ကြောင့် မြေပြိုတိုက်စားမှုကော်မတီကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး မြေဆီလွှာတိုက်စားမှုအခြေအနေများကို စောင့်ကြည့် လေ့လာရန်နှင့် လိုအပ်သည့်ကာကွယ်မှု၊ ထိန်းသိမ်းမှုများကို ဆောင်ရွက်ခဲ့ပါသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်၊ သာမိုင်းခန်းမြို့အနီးတွင် သရုပ်ပြစိုက်ကွက်တစ်ခု တည်ထောင်၍ မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်သည့်လုပ်ငန်းများ လက်တွေ့ပြသခဲ့ကြောင်းလည်း မှတ်တမ်းများအရ သိရှိရပါသည်။ ၁၉၄၇ ခုနှစ်နှင့် ၁၉၄၉ ခုနှစ်အတွင်း ရှမ်းပြည်နယ်တွင် မြေဆီလွှာတိုက်စားမှုများနှင့်ပတ်သက်၍ မြေတိုင်းတာခြင်းလုပ်ငန်းများနှင့် လက်တွေ့သရုပ်ပြ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ မြေပြိုတိုက်စားမှုကော်မတီကို ဖွဲ့စည်းခဲ့ပြီး လက်တွေ့သရုပ်ပြနေရာများ ဖွင့်လှစ်ရန် သိပ္ပံနည်းကျသော မြေယာထိန်းသိမ်းခြင်း လုပ်ငန်းများကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ မြေဆီလွှာတိုက်စားခြင်းအတွက် အရေးတကြီးလိုအပ်ချက်များ၊ သတိမူရမည့်အချက်များ၊ ချက်ခြင်းပြုပြင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို တောင်ပေါ်ဒေသခံပြည်သူလူထုများအား သရုပ်ပြ ညွှန်ကြားပြသနိုင်ခဲ့ပါသည်။ ထို့ပြင် ဝါရင့်အရာထမ်းတစ်ဦးအား မြေယာထိန်းသိမ်းရေးအရာရှိအဖြစ် အချိန်ပြည့် တာဝန်ထမ်းဆောင်ရန် ခန့်ထားခဲ့ပြီး လယ်ယာစိုက်ပျိုးရေးဌာနနှင့်လည်း မြေဆီလွှာထိန်းသိမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် တော်လှန်ရေးကောင်စီလက်ထက် ၁၉၇၀ ပြည့်ခုနှစ်တွင် ပုပ္ပါးတောင်သစ်တော ပြန်လည်ထူထောင်ရေးစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ရာ မြန်မာနိုင်ငံသစ်တောသမိုင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် စနစ်တကျစီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော်ခဲ့သော ''ကြက်မောက်တောင်ဆည် ရေဝေရေလဲထိန်းသိမ်းရေးစီမံကိန်း''သည် မြန်မာ့ပထမ ရေဝေရေလဲစီမံချက်အဖြစ် မှတ်တမ်းတင်နိုင်ပါသည်။ နိုင်ငံတော်အစိုးရသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကမ္ဘာ့စားနပ် ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ပူးပေါင်း၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် အစိုးရလက်ထက် ၁၉၈၇ ခုနှစ်တွင် ကင်းတားဆည် ရေဝေရေလဲစီမံအုပ်ချုပ်ခြင်း ရှေ့ပြေး စီမံကိန်းကို စတင်အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ စီမံကိန်း

လုပ်ငန်းများအဖြစ် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်ခြင်း၊ ကမ်းပါးပြိုထိန်းသိမ်းခြင်း၊ ကွန်တိုလေကားထစ်များ၊ ကွန်တိုကန်သင်းကန့်များ (Contour Bund and Terracing) ပြုလုပ်ခြင်း၊ တစ်ဘက်ရပ်ဆည်များ ဆောက်လုပ်ခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစသော တောင်သူအကျိုးပြုလုပ်ငန်းများအပါအဝင် ဘက်စုံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ''ကင်းတားဆည်ရေဝေရေလဲစီမံအုပ်ချုပ်ခြင်း''ရှေ့ပြေးစီမံကိန်း၏ အဆက်ဖြစ်သော ယူအင်ဒီပီ ''လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်''များတွင် ရေဝေရေလဲဒေသထိန်းသိမ်းခြင်းလုပ်ငန်းများကို ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှာငံမြို့နယ်၊ ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် ပင်းတယမြို့နယ်များတွင် နိုင်ငံတော်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်တို့၏ ထည့်ဝင်ငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ မြေပြိုတိုက်စားမှုများကာကွယ်ခြင်း၊ ကွန်တိုလိုင်းအလိုက် စိုက်ပျိုးခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ကမ်းပါးပြိုထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများတည်ထောင်ခြင်း၊ ရေဝေရေလဲစိုက်ခင်းများတည်ထောင်ခြင်း တစ်ဘက်ရပ်ဆည်များနှင့် နုန်းထိန်းတမံများ ဆောက်လုပ်ခြင်းတို့ကို အဓိကလုပ်ငန်းများအဖြစ် ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် UNDP-FAO တို့နှင့်ပူးပေါင်းပြီး ရေဝေရေလဲ ဘက်စုံတိုးတက်ဖွံ့ဖြိုးစီမံအုပ်ချုပ်ရေးစီမံကိန်းကို (၁၉၈၇) ခုနှစ်မှ (၂၀၀၂) ခုနှစ်အထိ (၁၅) နှစ်ခန့် ပူးတွဲဆောင်ရွက်ခဲ့ရခြင်း၏ အဓိကရလာဒ်မှာ ၁၉၈၄– ခုနှစ်တွင် ဖျက်သိမ်းခဲ့သော မြေယာထိန်းသိမ်းရေးယူနစ်အင်အားကို အခြေခံ၍ သစ်တောဦးစီးဌာန၌ နအဖခေတ်အစိုးရလက်ထက် ၁၉၉၄ ခုနှစ်တွင် ''ရေဝေရေလဲစီမံအုပ်ချုပ်ရေးဌာနခွဲ''တစ်ခုကို သီးခြားလွတ်လပ်သောဌာနခွဲတစ်ခုအဖြစ် တိုးချဲ့တည်ထောင်နိုင်ခဲ့ပြီး လိုအပ်သောရေဝေရေလဲဒေသများအတွက် စီမံကိန်း၊ စီမံချက်များရေးဆွဲ၍ ရေဝေရေလဲဒေသ စီမံအုပ်ချုပ်မှုလုပ်ငန်းများကိုရန်ပုံငွေရရှိမှုအပေါ်အခြေခံ၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိနိုင်ပါသည်။

မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးလေးသွယ်ဖြစ်ကြသည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်များအတွင်းသို့ စီးဆင်းသော မြစ်ငယ်၊ ချောင်းငယ်များစွာရှိရာ အဓိကမြစ်ကြီးလေးသွယ်၏ ရေဝေရေလဲဧရိယာသည် တစ်နိုင်ငံလုံးဖြန့်ကြက်တည်ရှိလျက်ရှိပါသည်။ အဆိုပါ ရေဝေရေလဲဧရိယာသည် မြန်မာနိုင်ငံဧရိယာ၏ ၈၀ ရာခိုင်နှုန်းကျော် ပါရှိပါသည်။ ဆည်မြောင်းဦးစီးဌာနမှ လိုအပ်သောအချိန်၊ လိုအပ်သောနေရာများသို့ ရေမပြတ်ပေးဝေနိုင်ရေးအတွက် ဆည်မြောင်းတာတမံ၊ ရေထိန်းတံခါး၊ မြစ်ရေတင် လုပ်ငန်းများအနေဖြင့် အကောင်အထည်ဖော်လျက်ရှိရာ ယင်းကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဆည်၊ ရေလှောင်တမံစသည်တို့၏ ရေဝေရေလဲဧရိယာသည် အဓိကမြစ်ကြီးလေးသွယ်၏ ရေဝေရေလဲ ဧရိယာအတွင်းမှာပင် ကျရောက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံ၍ ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လယ်ယာစိုက်ပျိုးရေးအတွက် မရှိမဖြစ်လိုအပ်သော ရေသယံဇာတကို လိုအပ်သည့်နေရာနှင့် လိုအပ်သော အချိန်ရာသီများတွင် အလုံအလောက်ရရှိစေရန် ဆည်နှင့် ရေလောင်တမံများတည်ဆောက်နေခဲ့ပါသည်။ ထိုသို့ တစ်ဘက်မှ ဆည်နှင့် ရေလှောင်တမံများ တည်ဆောက်နေသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် အခြားတစ်ဘက်မှလည်း ဆည်နှင့်ရေလှောင်တမံများ ရေရှည်တည်တံ့အသုံးပြုနိုင်ရေး သဲ၊ နုန်းကျဆင်းမှု လျော့နည်းစေရေးအတွက် ရေဝေရေလဲသစ်တောများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့်နေရာများတွင် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်ရန် သီးနှံ/သစ်တောစိုက်ခင်းများတည်ထောင်ရန်နှင့် ကွန်တိုကန်သင်းကန့်များ၊ နုန်းထိန်းတစ်ဘက်ရပ် ဆည်များ၊ ရေနုတ်မြောင်း၊ ရေစိမ့်မြောင်းများ ပြုလုပ်ပေးရန်စသည့် ဘက်စုံပြုစုထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ရေဝေရေလဲဒေသများကို အုပ်ချုပ်လုပ်ကိုင်ရာတွင် တောင်သူတစ်ဦးချင်း၏ ခံယူချက်၊ လယ်ယာမြေစီမံခန့်ခွဲလုပ်ကိုင်မှုနည်းစနစ် လယ်ယာမြေအသုံးချမှုတို့သာမက သဘာဝဘေးအန္တရာယ်များသည် ပဓာနကျသော အချက်များဖြစ်ပါသည်။ အထူးသဖြင့် တောင်သူများ၊ ဒေသခံပြည်သူများ၏ ခံယူချက် အသိစိတ်ဓါတ်နှင့် မြေယာလုပ်ကိုင်မှုစနစ်တို့သည် ရေဝေရေလဲဒေသများကို ထိန်းသိမ်းပြုစုအုပ်ချုပ်လုပ်ကိုင်ရာတွင် အဆုံးအဖြတ်ပြုသောအချက်များဖြစ်ပါသည် ရေဝေရေလဲဒေသများ အုပ်ချုပ်လုပ်ကိုင်ရာတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုသည် အဓိကသော့ချက်ဖြစ်ပါသည်။ သစ်တောဦးစီးဌာနအနေဖြင့် ဦးဆောင်မှုအပိုင်းမှ ပါဝင်မြဲပါဝင်နေရမည်ဖြစ်သော်လည်း နိစ္စဓူဝ စီမံခန့်ခွဲလုပ်ကိုင်သူများဖြစ်သည့် ကျေးလက်ပြည်သူများ၊ တောင်သူလယ်သမားများ၏ အသိစိတ်ဓါတ်၊ ခံယူချက်၊ အခြေခံစားဝတ်နေရေးလိုအပ်ချက်နှင့် ဆင်းရဲနွမ်း

PDF Compressor Free Version

ပါးမှု၊ ပြည့်စုံလုံလောက်မှုတို့အပေါ် များစွာတည်မှီလျက်ရှိပါသည်။ သို့ဖြစ်ရာ ကျေးလက်ဒေသ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးမှု အစီအစဉ်များပါဝင်သည့် ရေဝေရေလဲဒေသ အုပ်ချုပ် လုပ်ကိုင်မှုကို ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်နှင့် လိုက်လျောညီထွေ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း မဖြစ်မနေ ဆောင်ရွက်ကြရန် တိုက်တွန်းနိုးဆော်အပ်ပါသည်။

**ဒေသခံပြည်သူအစုအဖွဲ့ သစ်တောလုပ်ငန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် သဘာဝသစ်တောသယံဇာတကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အစဉ်အလာအားဖြင့် ဒေသခံပြည်သူများသည် မိမိတို့၏ ဘဝရပ်တည်မှုအတွက် သစ်၊ ဝါး၊ အိမ်တိုင်၊ ခြံတိုင်၊ ကြိမ်၊ လျှော်၊ သက်ကယ်၊ ဓနိ စသည့် နေအိမ်ဆောက်လုပ်၊ ပြုလုပ်ရန်ပစ္စည်းများ ထင်း၊ မီးသွေး၊ ထင်းရှူးဆီ၊ ကညင်ဆီ၊ စသည့် ချက်ပြုတ်ရန် လောင်စာစွမ်းအင်ပစ္စည်းများ၊ အသီး၊ အပွင့်၊ အရွက်၊ သစ်ဥ၊ သစ်ဖု၊ သစ်ခေါက်၊ သစ်မြစ်၊ ပျားရည်စသည့် အစားအသောက်ပစ္စည်းများနှင့် သစ်တောများမှ စိမ့်စမ်းရေများ တသွင်သွင်စီးဆင်းထွက်ရှိသော သောက်ရေ၊ သုံးရေ၊ လယ်ယာသုံးရေ၊ ကျွဲနွားသုံးရေစသည့် အဖိုးမဖြတ်နိုင်သော ပစ္စည်းအမျိုးမျိုးကို ရယူသုံးစွဲလျက်ရှိပေသည်။

ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်သင့်သော သစ်တောလုပ်ငန်းများကို ယေဘူယျအားဖြင့် အဓိပ္ပါယ်ဖွင့်ဆိုရပါက ဒေသခံပြည်သူများ လူမှုစီးပွားရေး အဆင့်အတန်းပိုမိုမြင့်မားရေးအတွက် မိမိတို့နေထိုင်ရာ ကျေးလက်ရပ်ရွာနှင့် နီးစပ်သောဒေသများတွင် မိမိကိုယ်တိုင်ပါဝင်ဆောင်ရွက်သင့်သည့် သစ်ပင်သစ်တောစိုက်ပျိုးရေးလုပ်ငန်း၊ ပြုစုထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းနှင့် စနစ်တကျထုတ်ယူသုံးစွဲရေး လုပ်ငန်းများပင် ဖြစ်ပါသည်။

ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်သော သစ်တောလုပ်ငန်းအသွင်အဖြစ် ကျေးရွာပိုင်သစ်တောအုပ်စုများတည်ထောင်စိုက်ပျိုးခြင်းလုပ်ငန်းကို လွန်ခဲ့သော နှစ်ပေါင်း (၅၀)ကျော်ကပင် စတင်ဆောင်ရွက်နိုင်ခဲ့သည်မှာ မြန်မာနိုင်ငံအဖို့ ဂုဏ်ယူမှတ်တမ်းတင်ဖွယ်ရာဖြစ်ပါသည်။ ယင်းလုပ်ငန်းကို တိုးချဲ့အားပေးနိုင်ရန်အတွက် မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် သစ်တောပျိုးဥယျာဉ်များကို သစ်တောဦးစီးဌာနက တိုးချဲ့တည်ဆောက်ပြီး သစ်ပင်ပျိုးပင်ငယ်များကို မြောက်များစွာထုတ်လုပ်၍ အခမဲ့ဖြန့်ဖြူးခဲ့ကြကြောင်းတွေ့ရှိရပါသည်။ ထို့ပြင်မက ကမ္ဘာနှင့်ရင်ဘောင်တန်း၍ သစ်ပင်စိုက်ပျိုးရေးလသတ်မှတ်ပြီး နှစ်စဉ်မိုးရာသီအတွင်းကျရောက်သည့် ဇူလိုင်လတွင် ဒေသခံပြည်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်သော သစ်ပင်စိုက်ပျိုးရေးပွဲတော်များကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပစိုက်ပျိုးခဲ့ကြကြောင်းတွေ့ရှိရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ပြည်နယ်/တိုင်းဒေသကြီးများအတွင်း/ ခရိုင်အလိုက်ရှိနေသော လူဦးရေသိပ်သည်းမှုသည် ကွဲပြားခြားနားမှုရှိသကဲ့သို့ တောတောင်ရေမြေနှင့် ရာသီဥတုအနေအထားမှာလည်း တူညီမှုမရှိသောကြောင့် သစ်တောကဏ္ဍ ပင်မစီမံကိန်းတွင် ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ ရေးဆွဲထားသော်လည်း နယ်မြေအလိုက်ဆီလျော်သော ခရိုင်အလိုက်စီမံချက်များကို အသေးစိတ် ဆက်လက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ချက်ရှိကြောင်း တွေ့ရှိရပါသည်။ ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် ဒေသသုံး ထင်း၊ မီးသွေး၊ အိမ်တိုင်၊ ခြံတိုင်များတိုးတက်ရရှိလာမည်ဖြစ်ပြီး စီးပွားရေးသစ်တောကြိုးဝိုင်းများ ပြုန်းတီးမှု လျော့နည်းသွားမည်ဖြစ်သည့်အပြင် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာပြီး စိမ်းလန်းစိုပြည်၍ ပိုမိုလှပသော နိုင်ငံတော်ဖြစ်လာရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါသည်။ ထို့အပြင် မြေဆီလွှာထိန်းသိမ်းရေးနှင့် ကာဗွန်တိုးတက်ရေး (သို့မဟုတ်) ကာဗွန်ဒိုင်အောက်ဆိုက်လျော့နည်းစေရေး အထောက်အကူပြုပြီး ပါဝင်ဆောင်ရွက်သော ပြည်သူများအဖို့လည်း နောင်အလားအလာတွင် ကာဗွန်ဝင်ငွေတိုးသည့် အကျိုးအမြတ်များကိုရရှိမည်ဖြစ်၍ နိုင်ငံတော်၏သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများမှာ ပိုမိုထိရောက်အောင်မြင်ပြီး သစ်တောများထာဝစဉ်တည်တံ့မှုကို အထောက်အကူပြုမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် သစ်တောသယံဇာတများဖြင့် ကြွယ်ဝချမ်းသာသောနိုင်ငံဖြစ်ပါသည်။ ထို့ပြင်မက သဘာဝတောတောင်ရေမြေနှင့် ရာသီဥတုအနေအထားများအရ သစ်ပင်သစ်တောများကို အသစ်အသစ်ပြန်လည်စိုက်ပျိုးဖန်တီးရန် အခြေအနေပေးသော နိုင်ငံလည်းဖြစ်ပါသည်။ နိုင်ငံတော်၏ သစ်တောမူဝါဒနှင့် သစ်တောဥပဒေတို့တွင် ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်ရန် လိုအပ်ပုံတို့ကို ဖော်ညွှန်းထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ နဝတအစိုးရလက်ထက် ၁၉၉၅ ခုနှစ်ထုတ်ပြန်ခဲ့သော ဒေသခံပြည်သူအစုအဖွဲ့သစ်တောလုပ်ငန်းကို ဌာနဆိုင်ရာများနှင့်တကွ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကျယ်ပြန့်စွာ ပညာပေးဟောပြောပြီး ဒေသခံပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်နိုင်သည်နှင့်အမျှ နိုင်ငံတော်၏သစ်တောများ ထာဝစဉ်တည်တံ့ပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်းများလည်း ပိုမိုမြင့်မားလာမည်မှာ မလွဲကေန်ဖြစ်ပါသည်။

PDF Compressor Free Version




**မိုးလရာသီ**

မိုးသံလေသံလေးတွေ ကြားနေရပြီ။ ရွက်နုလေးများဝေလို့ အပင်လေးတွေ စိမ်းလန်းစိုပြည်လာလေပြီ။ တချို့မြို့ရွာတွေမှာ ပုလဲလုံးလေးတွေလို တဖွဲဖွဲရွာလေပြီ။ တချို့နေရာများမှာတော့ ဒေါသမာန်ဟုန်တင်း ခပ်ပြင်းပြင်းလေးရွာချေပြီ။ မိုးကိုမျှော်ပြီး စိုက်ပျိုးကြရမည့် သစ်တောသမားများ၊ သစ်တောသစ်ပင်များသည် ချစ်ခင်သူများလည်း ပျော်လေပြီ၊ ရေကို မျှော်သော ပြည်သူများလည်း ပျော်ကြရသည်။ တစ်နွေလုံး ခြောက်သွေ့ခဲ့ရသည့် သစ်ပင်လေးများလည်း ကြည်နူးရွှင်လန်း ပြုံးပန်းများ ငွားငွားစွင့်စွင့် ပွင့်ဖူးကြလေပြီ။ မိုးလရာသီမှာဖြင့် တောတောင်သစ်တော သစ်ပင်များဖြင့် ပတ်ဝန်းကျင်တစ်ခွင်လုံး စိမ်းလန်းသာယာလျက်ရှိတော့သည်။ မိုးဖြိုင်ဖြိုင်ရွာသွန်းသည်နှင့် မြေဆီစိုခိုက် သစ်ပင်စိုက်ရန် ဆောင်ရွက်ကြရတော့မည်ဖြစ်သည်။

**သစ်တောသစ်ပင် အကျိုးကျေးဇူး စုံလင်**

သစ်ပင် သစ်တောများက ထောက်ပံ့သော အကျိုးကျေးဇူးများကားများပြားလှသည်။ ငွေကြေးအားဖြင့် တန်ဖိုးဖြတ်နိုင်သော သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ထောက်ပံ့ပေးသကဲ့သို့ ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများစွာလည်းရှိ၏။ ''ဥတုရာသီ၊ တောကိုမှီ''ဆိုသကဲ့သို့ ရာသီဥတုပြောင်းလဲမှုအား ထိန်းညှိခြင်း၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူသိုလှောင်ဖယ်ရှားခြင်း၊ လေသန့်စင်မှုလုပ်ငန်းများ၊ မြေတိုက်စားမှု၊ မြေပြိုမှုများမှ ကာကွယ်ခြင်း၊ ဝတ်မှုန်ကူးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝစေခြင်း၊ မြေဆီမြေနှစ်အဆင့်ဆင့်ဖြစ်ပေါ်စေခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများကို သစ်ပင်သစ်တောများက ပံ့ပိုးပေးလျက်ရှိသည်။ ထို့အပြင် အပန်းဖြေမှု၊ အလှအပနှင့် မျက်စိပသာဒဆိုင်ရာ ဝန်ဆောင်မှု၊ ရိုးရာ ဓလေ့ယုံကြည်မှု ကိုးကွယ်မှုအတွက်လည်း သစ်တောသစ်ပင်များကပင် အထောက်အကူပြုလျက်ရှိပါသည်။

''သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်ပြုခြင်းလည်းမည်၏''ဟူ၍ ဗုဒ္ဓဘာသာတွင် ညွှန်ပြထားသည်။ ပန်းဥယျာဉ်၊ သစ်သီးဥယျာဉ်များ စိုက်ပျိုးလှူဒါန်းခြင်း (အာရောမရောပ ဒါန) အရိပ်ရအပင်၊ စားသုံးပင်စသော သစ်ပင်ကြီးငယ်တို့ကို



စိုက်ပျိုးလှူဒါန်းခြင်း (ဝန ရောပ ဒါန)၊ တံတားခင်းလမ်း ဖောက်လုပ်ခြင်း ([illegible] ဒါန)၊ [illegible]စင် တည်၍ လှူဒါန်းခြင်း (ပပါဒါန)၊ ရေတွင်းရေကန် ရေမြောင်းများတူး၍ လှူဒါန်းခြင်း(ဥပဒါန)၊ ဇရပ်တန်ဆောင်း၊ ဂူကျောင်းပြာသဒ်၊ နားနေရိပ်သာ၊ ဆေးရုံဆေးခန်းစသော အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်း (ဥပဿယ ဒါန) ဟူသည့် ထာဝရကုသိုလ် (၆)ပါး ရှိရာ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ် တစ်ပါးအဖြစ် ပါဝင်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း၊ ဂူကျောင်း ပြာသဒ်နှင့် အခြား ထာဝရကုသိုလ်များကဲ့သို့ တူညီသော ကုသိုလ်ကို ရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာ ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

မိုးလရာသီရောက်ပြီဆိုသည်နှင့် မြန်ပြည်တစ်ဝန်း စိမ်းလန်းစေဖို့ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းရေးကို တာဝန်ယူဆောင်ရွက်နေရသော သစ်တောသမား ဥယျာဉ်မှူးကြီးများက တစ်နိုင်တစ်ပိုင် တစ်ဦးချင်း၊ တစ်ယောက်ချင်းမှသည် ကျေးရွာအစုအဖွဲ့၊ အစိုးရနှင့် အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ၊ ကျောင်းသားကျောင်းသူများ၊ မိုးရာသီ လူထုလှုပ်ရှားမှုအနေဖြင့် သစ်ပင်များ ခြိမ့်ခြိမ့်သဲ အင်တိုက်အားတိုက် စိုက်ပျိုးကြသည်။

ထာဝရကုသိုလ်အတွက် မိမိတို့ ပတ်ဝန်းကျင်အတွက်၊ နောင်အနာဂတ် မျိုးဆက်သစ်များအတွက် ဥယျာဉ်မှူးကြီးများ မမောနိုင်မပန်းနိုင် ပျော်ရွှင်စွာ ပုံစံမျိုးစုံ နည်းလမ်းမျိုးစုံဖြင့် သစ်ပင်မျိုးစုံ စိုက်ပျိုးကြသည်။ ''ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း'' ဟူသော ဆောင်ပုဒ်များနှင့်အညီ တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင် ရှင်သန်ဖို့လည်း ကြိုးပမ်းကြရသည်။

**သဘာဝအခြေခံဖြေရှင်းသည့်နည်းလမ်း (သို့မဟုတ်) သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်း**

ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့သည် ယခုအချိန်တွင် ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းကြောင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုး၊ ဘေးရောဂါအမျိုးမျိုးကိုလည်း ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်အများကို တားဆီးကာကွယ်ရန်နှင့် ပြန်လည်ကုစားရန် အရိုးရှင်းဆုံးနည်းလမ်းသည် သဘာဝကိုအခြေခံပြီး ပြဿနာများကို ဖြေရှင်းခြင်း (တစ်နည်းအားဖြင့်) သစ်ပင်များစိုက်ပျိုးခြင်းနှင့် သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းဖြစ်သည်။ သဘာဝတောများနှင့် သစ်တောစိုက်ခင်းသစ်တောများသည် သစ်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက်သာမက ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများ တိုးပွားစေရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ဖြေရှင်းနိုင်ရေးအတွက်ပါ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာလျက်ရှိသည်။

ယနေ့အချိန်အခါသည် သဘာဝအခြေခံဖြေရှင်းသည့်နည်းလမ်း (Nature- based Solutions) သည် ထူးကဲသော အခွင့်အလမ်းတစ်ခုဖြစ်ပြီး တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်ရန် ၂၀၂၁ မှ ၂၀၃၀ ခုနှစ်ကာလကို ကုလသမဂ္ဂဂေဟစနစ် ပြန်လည်ထူထောင်ရေးဆယ်စုနှစ် (UN Decade of Ecosystem Restoration 2021- 2030) ဟု သတ်မှတ်ထားသည်။ ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် လက်ရှိအကောင်အထည်ဖော်နေသော ဘွန်းစိန်ခေါ်မှု (Bonn Challenge) နယူးယောက်သစ်တောများဆိုင်ရာ ကြေညာစာတမ်း (New York Declaration Forests) တို့၏ ရည်မှန်းချက်ဖြစ်သော ၂၀၃၀ ခုနှစ်တွင် သစ်တောပြုန်းတီးမှုလုံးဝမရှိစေရေးနှင့် တောနိမ့်တောပျက်များတွင် သစ်တောဧရိယာဟတ်တာသန်း ၃၅၀ တည်ထောင်ခြင်းလုပ်ငန်းတို့ကို အရှိန်အဟုန်တင် ဆောင်ရွက်သွားကြမည်ဖြစ်သည်။

ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၁၅)တွင်လည်း သစ်တောများ ဇီဝမျိုးစုံမျိုးကွဲများနှင့် စပ်လျဉ်းပြီး ကုန်းမြေဂေဟစနစ်များအား ကာကွယ်ရန်ပြန်လည်မွမ်းမံထိန်းသိမ်းရန်နှင့် ရေရှည်တည်တံ့စေမည့် နည်းလမ်းများဖြင့် အသုံးပြုရန်၊ သစ်တောများအား ရေရှည်တည်တံ့စေမည့် နည်းလမ်းများဖြင့် စီမံအုပ်ချုပ်ရန်၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရန်၊ မြေဆီလွှာပြုန်းတီးမှုရပ်ဆိုင်း၍ မြေအရည်အသွေးပြန်လည်ကောင်းမွန်စေရန် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှုရပ်တန့်ရန်ဟူ၍ ရည်မှန်းချက်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။

၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်ထိကို ကုလသမဂ္ဂ ဂေဟစနစ် ပြန်လည်ထိန်းသိမ်းရေးဆယ်စုနှစ် (UN Decade Ecosystem Restoration 2021- 2030) အဖြစ် ကုလသမဂ္ဂ အထွေထွေညီလာခံ ၂၀၁၉ ခုနှစ်၊ မတ်လ (၁) ရက်နေ့တွင် ဆုံးဖြတ်ချက် (၇၄/ ၂၈၄) ဖြင့် ဆုံးဖြတ်ကြေညာခဲ့သည်။ ကမ္ဘာတစ်ဝန်း ဂေဟစနစ်များ အတန်း



PDF Compressor Free Version

အစားကျဆင်းခြင်းကို ကာကွယ်ရန်၊ ရပ်တန့်ရန်နှင့် ပြန်လည်ထိန်းသိမ်းရန်၊ ဂေဟစနစ်ပြန်လည်ထိန်းသိမ်းခြင်းကြောင့် ရရှိလာနိုင်သည့် ဘက်စုံအကျိုးကျေးဇူးများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် နားလည်လာစေရန်နှင့် ပညာရေးစနစ်များတွင်လည်းကောင်း မူဝါဒချမှတ်သူများအကြားတွင်လည်းကောင်း ဂေဟစနစ်ပြန်လည်ထိန်းသိမ်းခြင်းနည်းပညာ ဗဟုသုတများ အသုံးချနိုင်စေရန် ရည်ရွယ်ပြီးကြေညာခဲ့ခြင်းဖြစ်သည်။

PDF Compressor Free Version

သစ်တောဦးစီးဌာနအနေဖြင့်လည်း သစ်တောများ သားစဉ်မြေးဆက် ထာဝစဉ်တည်တံ့စေရေးဂေဟစနစ်များ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးအတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ တိုးပွားလာစေရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့သစ်တောမူဝါဒ (၁၉၉၅) နှင့် အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း (၂၀၀၁ – ၂၀၀၂ မှ ၂၀၃၀– ၃၁) ရည်မှန်းချက်များအရ ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကို နိုင်ငံဧရိယာ၏ (၃၀) ရာခိုင်နှုန်း (၅၀,၁၅၅, ၇၇၅ ဧက)ထိ ဖွဲ့စည်းသွားရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ယနေ့အချိန်ထိ ကြိုးဝိုင်း (၈၂၆) ခု ဧရိယာ ၂၉၆၈၇၅၇၄.၃၇၇ ဧက၊ ကြိုးပြင်ကာကွယ်တော (၄၉၈) ခု၊ ဧရိယာ ၁၃,၆၇၄,၁၁၀.၁၉၅ ဧက၊ စုစုပေါင်း ၄၃,၃၆၁,၆၈၄.၅၇၂ ဧက (၆၇,၇၅၂.၆၃၂ စတုရန်းမိုင်) နိုင်ငံဧရိယာ၏ ၂၅.၉၄ ရာခိုင်နှုန်း ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပြီဖြစ်သည်။ ရည်မှန်းချက်ပြည့်မီစေရေးအတွက် နှစ်စဉ် ဧရိယာ ၇၀၂,၉၀၄ ဧက ကို ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး (၁၀) နှစ်စီမံကိန်း (၂၀၁၇–၁၈ မှ ၂၀၂၆–၂၇ ထိ) ကို ရေးဆွဲ၍ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောစိုက်ခင်းများကို စိုက်ပျိုးတည်ထောင်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းကာလအတွင်း နိုင်ငံပိုင်သစ်တောစိုက်ခင်း (စီးပွားရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်း) (၃၅၂,၄၃၈ ဧက)၊ ပုဂ္ဂလိကသစ်တောစိုက်ခင်း (၂၈၅,၁၀၄ ဧက) နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း (၇၇၀,၃၃၂ဧက) တို့ကို ရည်မှန်းချက်ချလျက် နည်းလမ်းမျိုးစုံဖြင့် တည်ထောင်စိုက်ပျိုးလျက်ရှိသည်။ ဓမ္မတာမျိုးဆက်ခြင်းအထောက်အကူပြုလုပ်ငန်းများဆောင်ရွက်ခြင်း ၈၁၈,၅၃၈ ဧကကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကျေးရွာထင်းစိုက်ခင်း ၁၀၄,၅၆၃ ဧက၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း ၁၆,၇၁၄ ဧကတို့ကိုလည်း ကျေးလက်ပြည်သူများအတွက် ရည်မှန်းတည်ထောင်စိုက်ပျိုးလျက်ရှိပြီး စုစုပေါင်း (၉၇.၀၉) သန်း (နှစ်စဉ် ပျိုးပင် ၁၀ သန်းခန့်) ကိုလည်း မိုးရာသီ သစ်ပင်စိုက်ပျိုးနိုင်ရေး ပြည်သူလူထုနှင့်ဆက်စပ်ဌာနများသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် သဘာဝနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းထိ တိုးချဲ့ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်ထိ သဘာဝနယ်မြေ ၆၂ ခု၊ ဧရိယာ ဧက (၁၀.၇၅) သန်း (၆.၄၃ ရာခိုင်နှုန်း) ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံ၏ သဘာဝအမွေအနှစ်များဖြစ်သည့် ဂေဟစနစ်များနှင့်ဇီဝမျိုးစုံမျိုးကွဲများကို တည်တံ့စေရန်ရည်ရွယ်၍ တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်း (Reestablishing Natural Habitats-RNH) လုပ်ငန်းအစီအစဉ် (၂၀၁၉–၂၀၂၀မှ ၂၀၂၈–၂၀၂၉အထိ) ကို ဉယျာဉ်/ ဘေးမဲ့တော (၁၉) ခုတွင် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သဘာဝနယ်မြေ ၆၂ ခုအနက် နိုင်ငံတကာအဆင့်အနေဖြင့် အာဆီယံဒေသအတွင်း ဇီဝမျိုးစုံမျိုးကွဲ၊ ဂေဟစနစ်နှင့် ယဉ်ကျေးမှုတို့အရ အာဆီယံအမွေအနှစ်ဉယျာဉ် (ASEAN Heritage Park -AHP) များဖြင့် သတ်မှတ်ခြင်းခံထားရသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၈ ခု ၊ ရေဝပ်ဒေသများ ကွန်ဗေးရှင်းမှ နိုင်ငံတကာအဆင့်အရေးပါသည့် ရမ်ဆာရေဝပ်ဒေသ( Ramsar site) ၇ ခုနှင့် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းများတွင် ဒေသခံပြည်သူများပါဝင်မှု၊ ထောက်ခံအားပေးမှုတို့အား မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ကုလသမဂ္ဂပညာရေး – သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့( UNESCO)၏ လူသားနှင့် ဇီဝအဝန်းနယ်မြေ (Man and Biosphere Reserve-MAB) ၂ ခုတို့ပါဝင်ပါသည်။

**ပျိုးပင်လေးတွေ ဖြန့်ဝေတယ်**

သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတဝန်းသစ်တောသစ်ပင်များဖြင့် စိမ်းလန်းနေစေဖို့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများတွင်သာ သစ်တောသစ်ပင်များ စိုက်ပျိုး

PDF Compressor Free Version

ထိန်းသိမ်းသည်မဟုတ်ပဲ မြို့ပြ၊ ကျေးလက်များတွင်လည်း သစ်ပင်ပန်းမန်များဖြင့် စိမ်းလန်းနေစေဖို့ အစဉ်အမြဲ ကြိုးပမ်းလျက်ရှိသည်။ သဘာဝတောများ သားစဉ်မြေးဆက် တည်တံ့စေရန် စနစ်တကျ စီမံအုပ်ချုပ်ထိန်းသိမ်းခြင်း၊ တောနိမ့်တောပျက်များတွင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ သစ်တောများ စိုက်ပျိုးထိန်းသိမ်းရာတွင် ဒေသခံပြည်သူများ ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်နိုင်ရန် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို ၁၉၉၅ ခုနှစ်ကပင်စတင် တည်ထောင်ခွင့်ပြုဆောင်ရွက်ခဲ့ရာ ခုဆိုလျှင် အောင်မြင်မှု အရှိန်အဟုန်မြင့်မားလျက်ရှိသည်။




ယခုအခါ သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူးကို ပြည်သူအများ နားလည်သဘောပေါက်လာသည်နှင့် အညီ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ဖို့ အစိုးရဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ မိုးရာသီတွင် သစ်ပင်စိုက်ပွဲတော်များ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလာကြသည်။ တက်တက်ကြွကြွပူးပေါင်းပါဝင်လာကြသည်။

ရပ်ရွာ၊ ကျေးလက်၊ မြို့ပြများ၊ ရုံးများ၊ ကျောင်းများ၊ ဆေးရုံများ၊ လမ်းဘေးဝဲယာများ၊ ဆက်သွယ်ရေးလမ်းမကြီး တစ်လျှောက် လမ်းဘေးဝဲယာများသည့် အများနှင့်သက်ဆိုင်သည့် နေရာများတွင် နှစ်စဉ်တိုးချဲ့စိုက်ပျိုးလာကြသည်။ သစ်တောဦးစီးဌာနအနေဖြင့် ပြည်သူများအတွက် လိုအပ်သော သစ်ပင်ပျိုးပင်မျိုးစုံကို တိုင်းဒေသကြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးရှိ သစ်တောဦးစီးဌာန၊ သစ်တောပျိုးဥယျာဉ်များတွင် လူထုဖြန့်ပျိုးပင်များကို စနစ်တကျဖြန့်ဖြူးပေးလျက်ရှိသည်။

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးလိုသူ၊ မိုးရာသီလူထုလှုပ်ရှားမှု၊ အဖွဲ့အစည်းလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးလိုသည့် မည်သူမဆို၊ မည်သည့်အဖွဲ့အစည်းကိုမဆို ဖြန့်ဖြူးပေးလျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် မိုးရာသီတွင် သစ်တောဦးစီးဌာနအနေဖြင့် တစ်ပင်စိုက်၊ တစ်ပင်ရှင်ပြီး အပင်ရှင်သန်မှုရာခိုင်နှုန်းမြင့်မားစေရန် ပျိုးသက် (၂) နှစ်၊ အမြင့် ၂ ပေရှိသော ကျန်းမာကြံ့ခိုင်သော ပျိုးပင်ပေါင်း ၂၀.၅၉ သန်း စိုက်ပျိုးသွားမည်ဖြစ်သည်။

သစ်တောနယ်မြေများဖြစ်သည့် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများတွင် သစ်တောစိုက်ခင်းများ အရှိန်အဟုန်ဖြင့် စိုက်ပျိုးတည်ထောင်လျက်ရှိသကဲ့သို့ အထူးလုပ်ငန်းတစ်ရပ်အနေဖြင့် အပူပိုင်းဒေသ (၁၃) ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောနယ်မြေပြင်ပ နေရာများတွင် တစ်ရွာ (၂)ဧကစိုက်ခင်း၊ ဘက်စုံသုံးစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ မကွေး–ရေနံချောင်း–ချောက်–ငွေးချို–ကျောက်ပန်းတောင်း–ညောင်ဦး–မိတ္ထီလာ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးသစ်ပင်များစိုက်ပျိုးခြင်း၊ အာဆီယံလမ်းမကြီးနှင့် ရထား လမ်းဘေး ဝဲယာ သစ်ပင်စိုက်ပျိုးခြင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးခြင်း၊ မြစ်ချောင်းများ ဘေး ဝဲယာ တစ်လျှောက် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ ရာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံဖြစ်ခဲ့သည့် နေရာဒေသများတွင် သစ်ပင်များ စိုက်ပျိုးခြင်းတို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် တောင်ကုန်း၊ တောင်ထိပ်များ စိမ်းလန်းစိုပြည်ရေးအတွက် ရှမ်းပြည်နယ်၊ ဗထူးမြို့၊ ရပ်စောက်မြို့နယ်နှင့်ပင်းတယမြို့နယ် အထူးစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးခြင်းနဲ့ အင်းလေးကန်ရေဝေရေလဲဒေသ အောင်ပန်း၊ ကလောနှင့် ညောင်ရွှေမြို့နယ်များ တောင်ထိပ်၊ တောင်ကုန်းများမှာ သစ်ပင်၊ သစ်တောများ ထိန်းသိမ်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

**ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း**

တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင်ရှင်သန်ဖို့အလွန်အရေးကြီးလှသည်။ သစ်စေ့မှ ပျိုးပင်တစ်ပင်ဖြစ်လာသည်အထိ အချိန်၊ ငွေ၊ လုပ်အားများစွာ အရင်းအနှီးစိုက်ထုတ်ခဲ့ရသည်။ ပတ်ဝန်းကျင် ရေ၊ မြေ၊ ဒေသအနေအထားနှင့် သဟဇာတဖြစ်သော သစ်မျိုးများဖြစ်ရန် လိုအပ်သည်။ ဒေသမျိုးရင်း အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက်ဖူးပွင့်နိုင်သည့် အပင်များ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများ စသည်ဖြင့် ရည်ရွယ်ချက်ချမှတ်ပြီး နေရာဒေသအလိုက် စနစ်တကျ ရွေးချယ်စိုက်ပျိုးခြင်းဖြင့်

PDF Compressor Free Version

ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်သည်။ သစ်ပင်ရှင်သန်အောင် စိုက်ပျိုးခြင်းသည် လုပ်ကွေသော်လည်း ကြီးအောင်ပြုစုဖို့၊ မြဲအောင်ထိန်းသိမ်းဖို့ အလွန်ခက်ခဲသည်။ အပင်တိုင်း အပင်တိုင်းကို တန်ဖိုးထားလျက် စတင်စိုက်ပျိုးခြင်းမှသည် ကြီးပြင်းသည်အထိ ရေလောင်းခြင်း၊ ပေါင်းရှင်းခြင်း၊ မီးကာကွယ်ခြင်း၊ သေပင်ဖာထေးခြင်းစသည့်လုပ်ငန်းများကို ရာသီအလိုက် လုပ်ဆောင်၍ မြဲအောင်ထိန်းသိမ်းရမည်ဖြစ်သည်။ မိမိစိုက်ပျိုးခဲ့သော သစ်ပင်များအတွက် အမြဲတမ်း ဝမ်းမြောက်ဂုဏ်ယူနိုင်အောင် ဆောင်ရွက်ကြရပါမည်။

ထို့အပြင် စိုက်သင့်သော နေရာကို စနစ်တကျဘက်စုံစဉ်းစား ရွေးချယ်စိုက်ပျိုးရန် လိုအပ်သည်။ ဥပမာ–လမ်းနှင့်မလွတ်သော နေရာများ၊ ဓာတ်ကြိုးများနှင့် မလွတ်ကင်းနိုင်သော နေရာများ၊ အဆောက်အဦနှင့် မလွတ်သော နေရာများစသည်ဖြင့် စိုက်ပျိုးပြီးအပင်ကို ခုတ်ထွင်ရှင်းလင်းခြင်းခံရမည့် အန္တရာယ်ရှိသောနေရာများကို မစိုက်ပျိုးမည်ကပင် သေချာလေ့လာရှောင်ကျဉ်ကြရမည်။ သို့မဟုတ်ပါက ဆုံးရှုံးမှုများစွာရှိလာမည်ဖြစ်သည်။ အပင်သက်တမ်းကြီးမားလာလေ ဆုံးရှုံးမှုကြီးမားလေဖြစ်သည်။

**ဂေဟစနစ်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းဖို့၊ သစ်ပင်စိုက်ပျိုးကြပါစို့**

''နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ ခုချိန်စိုက်က နောက်မကျ၊ ဒုတိယအကြိမ်အကောင်းဆုံးပ''ဟူသော ဆိုရိုးစကားနှင့်အညီ ယခုအချိန်သည် သစ်ပင်စိုက်ပျိုးရန် ဒုတိယအကြိမ် အကောင်းဆုံးအချိန်အခါ ဖြစ်သည်။ မိုးလရာသီ ရောက်ခဲ့ပြီ၊ မြေဆီစိုခိုက် သစ်ပင်စိုက်ဖို့၊ ဂေဟစနစ်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းဖို့၊ သစ်ပင်စိုက်ပျိုးဖို့ အချိန်အခါ ကောင်းလည်းဖြစ်သည်။

တစ်နိုင်တစ်ပိုင် တစ်ဦးချင်း၊ တစ်ယောက်ချင်းမှသည် ကျေးရွာအစုအဖွဲ့၊ အစိုးရနှင့် အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ၊ ကျောင်းသား၊ ကျောင်းသူများ မိုးရာသီ လူထုလှုပ်ရှားမှုအနေဖြင့် သစ်ပင်များစိုက်ပျိုးရန် အချိန်အခါကောင်းဖြစ်သည်။ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်လာစေရေး အထောက်အကူပြုရန်၊ သဘာဝတောများမှ ထုတ်ယူသုံးစွဲမှု လျှော့ချနိုင်ရန်၊ ကျေးလက်ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ပြုစုထိန်းသိမ်းရေးနှင့် စနစ်တကျ ထုတ်ယူသုံးစွဲရေးဆိုင်ရာ အသိအမြင်များ တိုးပွားလာစေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် မိုးရာသီကာလ သစ်ပင်စိုက်ပျိုးရန် သစ်တောဦးစီးဌာနက သစ်မျိုးစုံ သစ်ပင်၊ ပျိုးပင်များကို အခမဲ့ဖြန့်ဖြူးပေးလျက်ရှိသည်။ သက်ရှိလောက၊ တည်မြဲဖို့ ထာဝရကုသိုလ်ရယူဖို့ ဇီဝမျိုးစုံထိန်းသိမ်းဖို့ လောင်စာစွမ်းအင်ရရှိဖို့ ရေသယံဇာတထိန်းသိမ်းဖို့ ရာသီဥတုမျှတဖို့ သစ်ပင်စိုက်ပျိုးကြပါစို့လို့ တိုက်တွန်းရင်း ပြည်သူလူထု ပူးပေါင်းပါဝင်မည့် စနစ်ကျသော၊ ထိရောက်သော၊ ကြီးအောင်ပြုစုနိုင်သော၊ မြဲအောင်ထိန်းသိမ်းနိုင်သော၊ လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲတော်များကို ကြိုဆိုအပ်ပါသည်။

---

**အများပြည်သူထံမှတုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme-PFP)**

(၁) ကော်မရှင်သည် CPU ၏ လုပ်ငန်းစဉ် (၆)ရပ်ပါ ဆဋ္ဌမမြောက်အချက်ကို အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် သက်ဆိုင်ရာဌာနများ၏ ကြီးကြပ်မှုဖြင့် ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code " 1111 " အသုံးပြု၍ SMS မှတဆင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူများထံသို့ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်**

*''အဂတိလိုက်စားမှု လျှော့နည်းကျဆင်းစေရေးဆောင်ရွက်ရာမှာ စုံစမ်းစစ်ဆေးအရေးယူမှုတစ်ခုတည်းနဲ့ ဆောင်ရွက်မယ်ဆိုရင် လုံလောက်မှုမရှိနိုင်ပါဘူး။ အဂတိလိုက်စားမှုကို လုံးဝလက်မခံတဲ့ ယဉ်ကျေးမှုတစ်ရပ်ပေါ်ထွန်းလာစေရေးနဲ့ အကျင့်ပျက်ခြစားမှုများမရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်တဲ့ အသိပညာပေးရေးနဲ့ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်တွေကိုပါ ဟန်ချက်ညီညီချဉ်းကပ်ပြီး အချိန်နဲ့တစ်ပြေးညီ အလေးထားလုပ်ဆောင်သွားကြဖို့ လိုအပ်မှာဖြစ်ပါတယ်''*



# သေကံ မရောက်

အောင်ခင်(သစ်တော)

PDF Compressor Free Version

**ကြာတော့လည်း ကြာခဲ့ပါပြီ။** ၁၉၆၉ ခုနှစ်တုန်းက ကျွန်တော်နဝမတန်းလူရည်ချွန်အရွေးခံရပါတယ်။ ရန်ကုန်တိုင်းကပါ။ အဲ့ဒီအချိန်က မေမြို့ပွဲကောက်ရေတံခွန် စခန်းမှာ နဝမတန်းနဲ့ ဒသမတန်းလူရည်ချွန်တွေအတွက် လူရည်ချွန်စခန်းလုပ်ပေးတယ်။ အဲ့ဒီနှစ် တစ်နှစ်ပဲလုပ်တာ။ နောက်နှစ်တွေကျပွဲကောက်စခန်း မလုပ်တော့ဘူး။ ဘာကြောင့်ရယ်တော့မသိဘူး။ အဲ့ဒီတစ်ကြိမ်တောင်မှ စခန်းသိမ်းမီးပုံပွဲကို ပွဲကောက်စခန်းမှာ သာသာယာယာမလုပ်နိုင်ခဲ့ဘူး။ စခန်းသိမ်းပွဲလုပ်မယ့်နေ့ မနက်မိုးလင်းခါနီး မိုးတွေရွာချတာ၊ ပထမတော့မိုးရွာတာလို့မထင်ကြဘူး။ ရေတံခွန်တွေကရေကျသံတွေပဲလို့ထင်နေကြတာ။ ရွက်ထည်တဲအမိုးတွေပေါ်မိုးရေတွေအိုက်ပြီး တဲထဲကိုရေတွေ “တောက်တောက်...တောက်တောက်” ကျလာမှ ပစ္စည်းတွေ ကမန်းကတန်းသိမ်းကြရတယ်။ ဒါနဲ့မြို့ပေါ်က အထက်တန်းကျောင်းတစ်ခုကိုပြောင်းပြီး အဲ့ဒီမှာ စခန်းသိမ်းပွဲလုပ်ကြရတယ်။

လူရည်ချွန်စခန်းသာလုပ်တာ အခိုင်အမာအဆောက်အဦတွေမရှိသေးပါဘူး။ လူရည်ချွန်တွေကို ရွက်ထည်တဲလေးတွေနဲ့ထားပါတယ်။ ရွက်ထည်တဲတစ်လုံးမှာ ကျောင်းသားလေးယောက်အတူနေရပါတယ်။ တဲထဲမှာ နေရာယူပစ္စည်းတွေချထားပြီးတော့ ရေချိုးဆင်းကြပါတယ်။ ရာသီဥတုကလည်း ခပ်အေးအေးလေးပါပဲ။ သစ်ရိပ် ဝါးရိပ်တွေရယ်၊ ကြည်စိမ်းနေတဲ့ ရေတသွင်သွင်စီးဆင်းနေတဲ့ စမ်းချောင်းလေးတွေရယ်၊ ရေမြှုပ်ဖွေးဖွေးနဲ့အလှပဂေး ရေတံခွန်တွေရယ်၊သာသာယာယာရှိပါပေတယ်။ သူများတွေ ဘယ်လိုရေချိုးကြသလဲ အကဲခတ်ရပါတယ်။ ရေကူးတတ်တဲ့သူတွေကတော့ချောင်းထဲကို ဒိုင်ဗင်ထိုးပြီးပျော်ပါးမြူးထူးနေပါတယ်။ ရေမကူးတတ်တဲ့သူများကတော့ ချောင်းကမ်းစပ်ကနေ အသာအယာဆင်းပြီး ပေါင်လောက် ခါးလောက်အနက်မှာ ရေစိမ်နေကြပါတယ်။ ရေဆော့နေကြပါတယ်။ ကျွန်တော်က ရေမကူးတတ်လို့ ချောင်းစပ်ကို အသာအယာဆင်းလိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဆင်းလိုက်တဲ့နေရာက ချောက်ကြီးဖြစ်နေတာ။ လူတစ်ရပ်မကဘူး နက်တယ်။ ဆင်းလိုက်တာနဲ့ ပလုံဆိုမြုပ်သွားတာ။ မျက်စိပြာသွားပြီး ဘာမှမမြင်ရဘူး။ ဒါပေမဲ့ ရေထဲမဆင်းခင် အဲ့ဒီနားမှာ သစ်မျောတိုင်တစ်တိုင်စိုက်ထားတာ သတိရလိုက်တယ်။ မျောတိုင်ရှိတဲ့ဘက်ကို လက်နှစ်ဖက်နဲ့ရမ်းပြီး ရှာတာ။

ကံအားလျော်စွာပဲ တိုင်ကိုစမ်းမိတယ်။ တိုင်ကိုဖက်ပြီး ရေအောက်ကနေ ရေမျက်နှာပြင်အပေါ်ရောက်အောင်တွယ်တက်လိုက်တော့ ရေပေါ်ပြန်ရောက်လာတယ်။ သူငယ်ချင်းတွေက ရေတိမ်တဲ့ဘက်ကို ပြန်ဆွဲခေါ်သွားကြတယ်။ ကျွန်တော်ကတော့ နှလုံးခုန်၊ ရင်တုန်နဲ့မို့ ကမန်းကတန်း ရေချိုးပြီး တဲကိုပြန်ခဲ့ရပါတယ်။ ညကျတော့မအိပ်ခင် သူငယ်ချင်းတွေနဲ့ စကားဝိုင်းဖွဲ့တော့မှ သူငယ်ချင်းတွေကအားပေးတယ်။ မင်းကံကောင်းလို့၊ သတိလည်းကောင်းလို့မသေတာတဲ့။ တချို့နေရာတွေမှာ ဂလိုဏ်ကြီးတွေဖြစ်နေပြီး ရေကူးကျွမ်းကျင်တဲ့သူတွေတောင် မြုပ်သွားရင်ပြန်မတက်နိုင်ဘူးတဲ့။ တချို့များ အလောင်းတောင်ပြန်မရဘူးတဲ့၊ ကျွန်တော်လည်း တော်တော်လေးလန့်သွားတယ်၊ နောက်ဆို ရေထဲဆင်းရရင် အလွန်သတိထားပါတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ ဩော်...ငါသေနေ့ မစေ့သေးလို့ပါလား။ ကံကောင်းလို့ပါလားလို့ အခါခါတွေး မိပါတယ်။ “သေကံ...မရောက် သက်မပျောက်” ဆိုတာ ဒါမျိုးဖြစ်ပါလိမ့်မယ်၊ ဩော်...ကြုံဆိုပုံကြမ်းပါဘိ၊ ပွဲကောက်စခန်းရယ်၊

နောက်တစ်ကြိမ် မှတ်မှတ်ရရ ကြုံခဲ့ရတာကတော့ အေဒီရာထူးတိုးပြီး မင်းတပ်ခရိုင်တာဝန်ခံအဖြစ် အလုပ်ဝင်ခရီးစဉ်မှာပါ။ မင်းတပ်ကို ပခုက္ကူဘက်ကနေ သွားတာပါ။ ပခုက္ကူကနေ ပေါက်မြို့အထိ ကားကြုံနဲ့သွားပါတယ်။ ပေါက်မြို့ကနေ မင်းတပ်အထိ လမ်းတွေက ကားတွေသွားလို့မရအောင်ပျက်နေတယ်။ ဆိုင်ကယ်တောင်သွားလို့မရပါ။ ဒါကြောင့် မင်းတပ်ကလာကြိုတဲ့ဝန်ထမ်းနှစ်ယောက်နဲ့အတူ ခြေလျင်တက်ခဲ့ရတယ်။ ရွှံ့တွေ၊ ဗွက်တွေရှောင်မလွတ်တဲ့လမ်းပေါ်မှာ လျှောက်ကြရပါတယ်။ ချောင်းကလေးတွေကိုလည်း မကြာခဏဖြတ်ပြီး လျှောက်ရပါတယ်။ ပထမတစ်ရက်မှာ ပုံတောင်ပုံညာတောင်တန်းနှစ်ခုကြားက “**တပြန်း**” လို့ ခေါ်ကြတဲ့ရွာလေးအထိရောက်ပါတယ်။ သစ်တောကင်းရုံးလေးလည်းရှိတော့ အဲ့ဒီမှာညအိပ်ကြပါတယ်။

တပြန်းမရောက်ခင် အတော်အသင့်ကြီးတဲ့၊ ကျယ်



တဲ့ချောင်းငယ်တစ်ခုကိုဖြတ်ရပါတယ်။ ရွာဘေးက ဖြတ်စီးနေတာပါ။ ခရီးတော်တော်သန့်ပါတယ်။ ရေအနက်က PDF Compressor Free Version ပေါင်လယ် ခါးလယ်လောက်ကနေ တဖြည်းဖြည်းနဲ့ ရင်စို့လောက် လည်ပင်းလောက် ရောက်လာပါတယ်။ တပည့်တွေက ကျွန်တော့်ခရီးသွားအိတ်တွေ ခေါင်းပေါ်ရွက်ပြီး ကူးကြရတယ်။ ကမ်းစပ်က ရွာသားတွေက ရပ်ကြည့်နေကြတာ။ မျက်လှည့်ပွဲ၊ မျောက်ပွဲကျနေတာပဲ။ ကျွန်တော်တို့ကမ်းပေါ်ရောက်တော့မှ အသက်ကြီးကြီး ရွာသားတစ်ယောက်က မောင်ရင်တို့ကံကောင်းလို့ နောက်နာရီဝက်လောက်ကြာရင် ချောင်းကို ဖြတ်လို့မရလောက်တော့ဘူး။ ဖွတ်ဖြတ်ကူးရင်လည်း ရေထဲမျောပါသွားဖို့ပဲရှိတယ်လို့ ပြောတာ။ အဲ့ဒီကျမှ ကြက်သီးတွေ ထလိုက်တာ။ စောစောကတော့ ချောင်းကို ကူးချင်ဇောနဲ့ကူးခဲ့တာ။ တပြန်းရောက်တော့ တစ်ကိုယ်လုံး ရွှံ့တွေဗွက်တွေနဲ့ ညစ်ပေနေတာကြောင့် ရွာလယ်က ချောင်းမှာ ရေချိုးကြပါတယ်။ ချောင်းထဲမှာ ကျောက်တုံးလေးတွေရှိပါတယ်။ အာလူးကျောက်လို့ ခေါ်မယ်ထင်ပါရဲ့။ ရေကတော့ ဒူးဆစ်လောက်ပဲ မြုပ်တယ်။ ရေစီးကတော့ ဝါးလုံးထိုးစီးနေတာ။ ချောင်းထဲဆင်းလိုက်တော့ အောက်ကကျောက်တုံးတွေက ချောနေတာရယ်၊ ရေစီးသန်လွန်းတာရယ်၊ တစ်နေကုန် လျှောက်ထားရလို့ ခြေသလုံး၊ ပေါင်လုံးအကြောတွေ တောင့်တင်းနေတာရယ်တွေကြောင့် ချော်လဲပြီး နှစ်ပတ် သုံးပတ်လိမ့်သွားပါတယ်။ ဒါတောင် အတူပါလာတဲ့တပည့်က ဖမ်းထိန်းလိုက်လို့၊ မဟုတ်လို့ကတော့ ဘယ်နှစ်ပတ်လိမ့်မလဲ မပြောနိုင်ပါ။ တပြန်းမှာ ညအိပ်ခါနီးစဉ်းစားမိတယ်။ နေ့လယ်က လည်ပင်းလောက် မြုပ်တဲ့ချောင်းကို ဖြတ်ကူးစဉ် တပြန်းရွာလယ်ချောင်းထဲမှာလို ချော်လဲခဲ့ရင်ဖြင့် မိမိမှာ ဘဝတပါးကို ရောက်သွားမှာပဲလို့။ သြော် ကံကောင်းလို့ပါလားလို့။ သေကံမရောက်သေးပါကလားလို့။ (တပြန်းကို ဒေသခံတွေရဲ့အသံထွက်အတိုင်း ရေးထားတာပါ။ မြေပုံတွေ၊ စာတွေထဲမှာတော့ “**တမျဉ်း**” လို့ရေးတာတွေ့ရပါတယ်)

မင်းတပ်မှာ တာဝန်ထမ်းဆောင်နေဆဲမှာပဲ နောက်တစ်ကြိမ် အသဲတုန် အူတုန် ဖြစ်ရပ်တစ်ခုနဲ့ကြုံရပါသေးတယ်။ ရန်ကုန်ကလာတဲ့ ဧည့်သည်တစ်ဖွဲ့နဲ့ ဝီလီဂျစ်ကားလေးနဲ့ဝေသီမြင့်မားတဲ့ တောင်ပေါ်လမ်းလေးကို သွားခဲ့ကြစဉ်ကပေါ့။ လမ်းတစ်ဖက်က ချောက်ကမ်းပါးပါ။ အနက်ကြီးပါ။ ကားစီးနေတာပေမဲ့ မြေပြင်ကို လေယာဉ်ပျံပေါ်ကနေကြည့်နေရသလိုပါပဲ။ ရင်ခုန်စရာပါ။ နောက်တစ်ဖက်က တောင်ကမ်းပါးယံပါ။ မတ်မတ်ကြီးပါ။ လမ်းလည်း တော်တော်ကျဉ်းလို့ လမ်းမှာ မျက်နှာချင်းဆိုင်က ကားလာရင်ရှောင်လို့ရအောင် အဆင်းကားက လမ်းနည်းနည်း ပိုကျယ်တဲ့ နေရာမှာ ရပ်ပြီးရှောင်ပေးရတာ။ ဒီလိုလမ်းမှာ တစ်နာရီ ဆယ်မိုင်နှုန်းလောက်ပဲ ခရီးတွင်ပါတယ်။ မတ်စောက်တဲ့ တောင်တန်းတွေကို ကွေ့ကောက်ပြီး တက်နေရတာ။ ကိုယ်သွားချင်တဲ့နေရာက မြင်နေရပြီ။ တော်တော်နဲ့ မရောက်နိုင်တဲ့ တောင်ပေါ်လမ်းပါ။ ဟိုငေး ဒီငေး၊ ဟိုတွေး ဒီတွေးနဲ့ ကားစီးရင်းနဲ့ မှေးကနဲ အိပ်အငိုက်မှာ အသံကျယ်ကျယ်နဲ့ –

“ဟေ့...ဟေ့...ဘာဖြစ်တာလဲ...ဘာဖြစ်တာလဲ ” လို့ အော်သံကြားလို့ မျက်လုံးဖွင့်ကြည့်လိုက်တယ်။

ကျွန်တော်တို့စီးလာတဲ့ကားက လမ်းအကွေ့က ဝါးရုံလေးမှာ ချိတ်ပြီးရပ်သွားတယ်။ ရှေ့ဘယ်ဘီးရယ်၊ နောက်ဘီးနှစ်လုံးရယ်ပဲ မြေကြီးပေါ်မှာရှိပြီး ရှေ့ယာဘီးကတော့ ချောက်ကမ်းပါးစွန်းမှာ ဖရိုးဖြစ်ပြီး လည်နေတာမြင်ရတယ်။ ဖြစ်စဉ်ကို လိပ်ပတ်လည်အောင်ထပ်ပြောရရင် ကားမောင်းသမား သုံးရက်လောက် အိပ်ရေးပျက်ထားတော့ငိုက်သွားတာ။ ကားသမားအငိုက်မှာ ဘေးမှာ ကပ်ထိုင်လာတဲ့ အဖွဲ့ခေါင်းဆောင်က ဘရိတ်ကိုရအောင်နင်း၊ စတီယာရင်ကိုလည်း ထိန်းလိုက်နိုင်လို့ပေါ့။ မဟုတ်ရင် ကျွန်တော်တို့အားလုံး ဝီလီဂျစ်ကားပျံစီးပြီး အဝီစိပဲ ရောက်မလား၊ ယောရဝပဲရောက်သွားမလား၊ မပြောတတ်ပါဘူး။ အဖွဲ့ခေါင်းဆောင်က အရေးထဲ ကျွန်တော့်ကို ချီးမွမ်းနေသေးတာ။ အေဒီကြီးက တော်တော်သတ္တိကောင်းတယ်၊ ကားပေါ်က ခုန်မချဘူးတဲ့။ အမှန်က ကျွန်တော်လည်းငိုက်နေတာကို သူ့ခမျာမသိရှာဘူး။ ကြားဖူးတာလေးတစ်ခုရှိတယ်။ အခုလို ကားလေးတစ်စီးနဲ့ခရီးသွားကြတာ။ ကားရဲ့ အနောက်ဖျားမှာ ယမကာ လုလင်တစ်ယောက်က ပုလင်းလေးပိုက်လို့ လိုက်လာတယ်။ တစ်နေရာမှာ ကားက ခုန်ပြီး ပုလင်းနဲ့လူ လမ်းပေါ်ကို ဖုတ်ကနဲ ပြုတ်ကျပါလေရော။ ကားပေါ်မှာပါတဲ့သူတွေက ကျွန်တော့်လိုပဲ ငိုက်နေကြသလား မသိပါဘူး။ ကားသမားကလည်းဆက်မောင်းသွားတာ။ လမ်းအကွေ့တစ်ခု ချောက်ကမ်းပါးစွန်းကနေ ကားပျံဖြစ်ပြီးအောက်မှာရှိတဲ့ ဘုရားကျောင်းပေါ်ကျသတဲ့။ ကားပေါ်ပါတဲ့သူတွေကတော့ တစ်ယောက်မှ အသက်မရှင်ဘူး။ ပြုတ်ကျခဲ့တဲ့ ယမကာလုလင်လည်း ပုလင်းလေးပိုက်ပြီး ငိုက်စိုက် ငိုက်စိုက်နဲ့လိုက်လာတာ သူစီးလာတဲ့ကားရဲ့ ဖြစ်ပုံမြင်တော့ ဒီလိုတွေးသတဲ့။ ငါမူးနေလို့ ကားပေါ်က ပြုတ်ကျခဲ့တာ မမူးရင် ကျန်တဲ့လူတွေလိုပဲသေမှာ။ ဒါကြောင့် မသေမချင်း အရက်သောက်တော့မယ်လို့ပြောသတဲ့။ သူများပြောတာကြားဖူးတာပါ။ ကိုယ်တွေကတော့ ကားပျံစီးရလုလုနီးနီးဖြစ်ခဲ့တာပါ။ ဒါလည်း ကံကောင်းလို့၊ တောစောင့်နတ်၊ တောင်

စောင့်နတ်၊ ရုက္ခစိုး၊ ဘုမ္မစိုးနတ်မင်းကြီးများစောင့်ရှောက်လို့နေမှာ။

PDF Compressor Free Version

နောက်တစ်ကြိမ်ကတော့ စစ်ကိုင်းတိုင်း၊ ကလေးဝမြို့နယ်ထဲ သစ်တောစိုက်ခင်းတွေကို စစ်ဆေးခဲ့စဉ်ကပါ။ အဲ့ဒီအချိန် ကျွန်တော်က စစ်ကိုင်းတိုင်း ဒုညွှန်မှူးပါ။ စိုက်ခင်းများ ရှိရာသို့သွားရာမှာ မြစ်သာမြစ်ကို ဖြတ်ရပါတယ်။ မြစ်သာမြစ်ရဲ့ ထူးခြားချက်က တောင်ဘက်က နေမြောက်ဘက်ကိုစီးဆင်းတာပါ။ ကျွန်တော်တို့ ဖြတ်ကူးဖို့ ပဲ့ထောင်ခပ်သေးသေးတစ်စီး စီစဉ်ထားပါတယ်။ ကျွန်တော် အပါအဝင် မြို့နယ်ဦးစီးရယ်၊ တောအုပ်၊ တောခေါင်းတွေရယ်၊ လူအားလုံး ဆယ်ယောက်လောက်ရှိပါတယ်။ ပါလာသမျှ လူအားလုံး ပဲ့ထောင်ပေါ်စုပြုံတက်ကြတယ်။ ပဲ့ထောင် ဘေးဘောင်က ရေပေါ်ကို နှစ်လက်မလောက်ပဲ ပေါ်တော့တယ်။ ကျွန်တော်က ပဲ့ထောင်မောင်းမည့်လူကို ''မင်းလှေက လူအားလုံးကို နိုင်ပါ့မလား''လို့ မေးပါတယ်။ သူက''ရပါတယ်။ ကိစ္စမရှိပါဘူးဆရာကြီး'' လို့ပြန်ပြောပြီး မြစ်ကိုကူးကြပါတယ်။

မြစ်က သိပ်မကျယ်ပါဘူး။ ရေစီးလည်း မသန်ပါဘူး။ ဘေးဘောင်ပေါ်ထိုင်နေတဲ့ကောင်တွေကို လှေဝမ်းထဲ အကုန်ဆင်းထိုင်ခိုင်းရတယ်။ ကျွန်တော်လည်း တုတ်တုတ်မှ မလှုပ်ဘဲ ငြိမ်ကုတ်လိုက်လာရတယ်။ ရေစီးအတိုင်း ခပ်မျောမျောကူးလာတာ မြစ်လယ်ရောက်လာပါတယ်။ အဲ့ဒီအချိန်မှာ ဝန်ထမ်းတစ်ယောက်ကလှုပ်လိုက်လို့ လှေလူးသွားပါတယ်။ လှေဝမ်းထဲကို ရေတွေ ဝင်လာတယ်။ ကျွန်တော်လည်း ဒီတစ်ခါတော့ငါရေနစ်တော့မှာပဲလို့ တွေးမိတယ်။ ရေကူးတတ်တဲ့ ဝန်ထမ်းတစ်ယောက်က ရေထဲခုန်ချပြီးလှေကိုထိန်းပါတယ်။ ခဏနေတော့အဲ့ဒီဝန်ထမ်းက ဆရာမစိုးရိမ်နဲ့တော့ မြစ်ကြမ်းပြင်ကို ကျွန်တော့်ခြေဖျားနဲ့ ထောက်မိတယ်လို့ပြောတယ်။ ဒီအခါကျမှ ကျွန်တော်လည်း သက်ပြင်းချနိုင်တယ်။ တစ်ဖက်ကမ်းကိုတက်ကြပြီး လမ်းပြတစ်ယောက်ကို ရှေ့ကသွားခိုင်းပြီး တောလမ်းလေးအတိုင်းလမ်းလျှောက်ရတာ အရသာရှိပါဘိ။ လေကောင်းလေသန့်လေးတွေ ရှူရင်းပေါ့။ စောစောက ရေအောက်ရောက်သွားရင် ဒီအရသာလည်း ခံစားနိုင်မှာမဟုတ်ဘူး။ ကျွန်တော်ဒေါသထွက်ပြီး သူတို့ကိုဆူမှာ ဆဲမှာကြောက်ပြီး ကုတ်ကုတ် ကုတ်ကုတ်နဲ့ နောက်က လိုက်လာကြတယ်။

စိုက်ခင်းတွေ စစ်ပြီးပြန်လာ လှေဆိပ်ရောက်တော့ ကျွန်တော်က အမိန့်ပေးရတယ်။ မင်းတို့လူတဝက်ပဲ တက်ပြီး တစ်ခေါက်ကူး၊ နောက်တစ်ခေါက်ကျမှ ကျန်တဲ့သူတွေနဲ့ ငါကူးမယ်။ အမိန့်မပေးလို့မဖြစ်ဘူး။ အလာတုံးကလိုမြစ်အလယ်ရောက်မှ 'ကိစ္စရှိပြီ ဆရာကြီး'လို့ တရုတ်လှေသမားကြီးလေသံအပြောမျိုးနဲ့ မကြုံချင်ဘူးလေ။ ဒီတစ်ခါလည်း ငါတော့သွားပြီလို့ ထင်ထားခဲ့တာ။ မြစ်က ရေနည်းတဲ့အချိန်၊ နာမည်နဲ့အညီ ရေစီးသာတဲ့အချိန်ဖြစ်နေတာကြောင့် ကျွန်တော် ဒီအဖြစ်အပျက်ကိုပြောနိုင်တာပါ။ ဒီလိုမဟုတ်ဘဲ ရေစီးသန်တဲ့အချိန်၊ မိုးတွင်းရေများတဲ့အချိန်ဆိုရင်တော့ လှေမှောက်လို့ ရေအောက်က ဘုရိဒတ်တို့ တိုင်းပြည်ရောက်ရင် ရောက်သွားမှာနော်။ အခုတော့ သေကံမရောက်သေးလို့ပဲ မှတ်ရပါတယ်။ ၂၈.၃.၂၅ ရက်နေ့က အင်အားအလွန်ပြင်းထန်တဲ့ လျှင်ကြီးလှုပ်ခဲ့တယ်။ ပြင်းအား ၇.၇ ခန့်ရှိတယ်လို့ သိရပါတယ်။ ကျွန်တော်တို့က အဲ့ဒီငလျင်ကြီး လှုပ်တဲ့အချိန် ပုသိမ်ကြီးအိမ်မှာရှိကြတယ်။ အဲ့ဒီနေ့က တပေါင်းလကွယ်နေ့ဖြစ်တာကြောင့် ဥပုသ်သီလစောင့်ထိန်းတယ်။ မွန်းမတည့်ခင် နေ့လယ်စာစားသောက်ပြီးလို့ ဆက်တီကုလားထိုင်လေးတွေမှာ အေးအေးဆေးဆေးထိုင်ပြီး ပုတီးစိပ်နေကြတာပါ။ ဖြန်းကနဲ ငလျင်လှုပ်တော့ ကျွန်တော့်အမျိုးသမီးကလန့်ပြီး အသံကုန်အော်တယ်။

''အစ်ကိုရေ...လုပ်ပါဦး ကယ်ပါဦး... ''စသဖြင့်ပေါ့။ လှုပ်ခတ်နေတာတော်တော်ကြာတယ်။ ဘီရိုပေါ်တင်ထားတဲ့ ပစ္စည်းတွေကျကွဲတယ်။ မီးဖိုချောင်ထဲက ဖန်ပုလင်းတွေ၊ပန်းကန်ခွက်ယောက်တွေ ကျကွဲကုန်တယ်။ သစ်သားခုံလေးပေါ်တင်ထားတဲ့ ဖလက်တီဗွီလေးကို ကြည့်လိုက်တော့ ယပ်တောင်ခတ်နေသလိုပါပဲ။ ထမပြေးနိုင်ဘူး၊ လှုပ်တာကြမ်းလို့ ချော်လဲမှာစိုးလို့ပါ။

ကြောက်အားလန့်အားနဲ့ ထပြေးလို့ မိတ်ဆွေတစ်ယောက်ချော်လဲပြီး ပေါင်ရိုးကျိုးသွားတဲ့အကြောင်း နောက်တစ်ရက်မှာ သတင်းကြားရတယ်။ တော်ပါသေးရဲ့၊ အဲ့ဒီကျမှ ကျွန်တော်တို့ ထမပြေးမိတာမှန်သွားတယ်လို့ ကိုယ့်ဖာသာ မှတ်ချက်ချရတယ်။ ခဏငြိမ်သွားလို့ အိမ်အပြင်ဘက်ကို ခပ်သွက်သွက်ထွက်ကြတယ်။ အဲ့ဒီအချိန်မှာ နောက်တစ်ကြိမ် ခပ်ပြင်းပြင်းလှုပ်ပြန်တယ်။ အိမ်ရှေ့အုတ်ရေကန်ထဲကရေတွေ ဘောင်ဘင်ခတ်ပြီး ကန်တစ်ဝက်လောက်ဖိတ်ကုန်တယ်။ တော်သေးတယ်၊ လူတွေ မထိခိုက်တာ။ ပစ္စည်းအနည်းအကျဉ်း ပျက်စီးဆုံးရှုံးပါတယ်။ နောက်ရက်တွေမှာလည်း After shock အကြိမ်ရေများစွာ လှုပ်တယ်။ သေသေချာချာ စစ်ဆေးကြည့်တဲ့အခါ အိပ်ခန်းအဝင် တံခါးတွေ ရွဲ့တယ်။ အိပ်ခန်းနံရံ၊ မီးဖိုခန်းနံရံ၊ ရေချိုးခန်းနဲ့ အိမ်သာနံရံတွေအက်သွားတယ်။ ရေချိုးခန်းအမိုး ဆလပ်ပြားတွေ အလွှာလိုက်ကွာကျတယ်။ အဲ့ဒီလိုဖြစ်လို့ မှတ်တမ်းအနေနဲ့ လိုင်းပေါ်တင်လိုက်မိတယ်။

စာမျက်နှာ (၂၅) သို့

ယခင်လမှအဆက် ➤

PDF Compressor Free Version

# ရေနံ့သာ တမ်းချင်း



Ba Soe (83)

ရေနံ့ချောင်းမြို့မှာ ကိုယ်နေတဲ့ ဆောက်လုပ်ရေး ကုန်းနေရာဟာ သီးခြားတောင်ပေါ်တက်လာတဲ့လမ်းဖြစ်ပြီး၊ ဝင်ကာစလမ်းအစမှာ လူနေအိမ်တွေရှိပေမဲ့ ဖူးစာကုန်း နေရာက လမ်းကွေ့ကနေ လမ်းဆုံးတဲ့ မယက ဥက္ကဋ္ဌ အိမ်ဝင်းအထိက ခြံကျယ်တွေနဲ့ဝန်ထမ်းတွေက စိုက်ခင်းနဲ့ နီးရာ ဖန်ခါးစမ်းစခန်းမှာလည်း နေကြတာမို့၊ အိမ်ပြည့် လူရှိကြတာ မဟုတ်ပဲ နေထိုင်ရ အထီးကျန်ဆန်လှပါတယ်။ ညအချိန်ဆို လူပြတ်လှတာမို့ အသွားအလာ မရှိသလောက် ပါပဲ။ ခြံဝန်းကျယ်ကြီးထဲက ရုံးအတွင်းမှာ ရုံးနဲ့ မိမိနေရတဲ့ အိမ်က မျက်နှာချင်းဆိုင်ဖြစ်ပြီး၊ ရုံးရဲ့အနောက်ဖက် ၃၀၀ ပေလောက်ခြားပြီးမှ ဝန်ထမ်းအိမ် ၄ အိမ်၊ မိမိအိမ်ရဲ့ အနောက်ဖက်ကို ၂၀၀ ပေကျော်ခြားပြီးမှ ဝန်ထမ်းအိမ် ၁ အိမ်ရှိပါတယ်။ ပထမပိုင်းလတွေမှာ အိမ်ပြည့်နီးပါးရှိ သေးပေမဲ့ ပြောင်းရွှေ့သွားတဲ့ဝန်ထမ်းတွေ၊ ဆုံးပါးသွားတဲ့ ဝန်ထမ်းတစ်ဦး ရှိပြီးနောက်ပိုင်းမှာတော့ လူနေအိမ်က ကိုယ့်အိမ်နဲ့ နောက် ၂အိမ်လောက်သာရှိလေတော့ နေ့မှာ မသိသာပေမဲ့ ညဖက်မှာတော့ လူကပြတ်၊ အိမ်တွေကဝေး ခြောက်ခြားဖွယ်ရာအတိပါပဲ။ ၂၀၀၂ ခုနှစ်ကာလ လူရှိ သေးပေမဲ့ ၂၀၀၃ နဲ့ ၂၀၀၄ ခုနှစ် ဇွန်လ နေထိုင်ခဲ့ရတဲ့ ကာလတွေကတော့ အလုပ်ပူတွေ၊ လူကြီးခရီးစဉ်တွေက တဖက်၊ ရှိတဲ့ဝန်ထမ်းနည်းနည်းလေး၊ မြို့ပေါ် အထီးကျန် နေရမှုတွေကတော့ မငြိုးငြူစတမ်း ရင်ဆိုင်ရမှုတွေ ဖြစ်ပါတော့တယ်။ အလုပ်အကြောင်းမစခင် ဖော်ပြပါ ဆောက်လုပ်ရေးကုန်းနဲ့ ကိုယ်နေထိုင်ရတဲ့အိမ်ရဲ့ ဂမ္ဘီရဆန် ဆန် အဖြစ်အပျက်လေးတွေ အရင်ဖော်ပြလိုပါသေးတယ်။

ကိုယ့်ဝင်းရှေ့မှာက ဆောက်လုပ်ရေး ရုံးဝင်းရှိပါ တယ်။ တစ်ခါသားတော့ ညဦးနက်ရင် ခွေးအူသံတွေ တစ်ပတ်လောက် ဆက်နေပြီးတဲ့အခါ၊ ခြံဝင်းနဲ့လမ်း ကပ်ရက် SAE အမျိုးသမီးက နံနက် အရုဏ်ဆွမ်းကပ် လို့ လာဖိတ်ပါတယ်။ စားသောက်ပြီး

"အစ်ကို ခဏ နေပါဦး" ဆိုလို့ လူရှင်းချိန်စောင့် နေတော့မှ ဆွမ်းကျွေး၊ ပရိတ်ရွတ်ရတဲ့အကြောင်းကို ပြောပြပါတော့တယ်။

ပြီးခဲ့တဲ့ရက်တွေမှာ ညသန်းခေါင်လောက်ကြရင် ခွေးတွေအူချိန် လမ်းပေါ်က တစ်ခုခုဖြတ်သွားသလို ခံစားရ ပြီး သူ့အိမ်ပြတင်းပေါက်တွေကို လက်နဲ့ ပုတ်သွားလေ့ရှိ တာကြောင့် မနေရဲတော့ပဲ ခုလို ပရိတ်ရွတ်ရပါကြောင်း။ သူ့အိမ်က ခြံနဲ့ ၁၀ ပေလောက်ပဲကွာပြီး၊ လမ်းတစ်ဖက်က ကိုယ့်အိမ်က ခြံနဲ့ ပေ ၃၀ လောက် ကွာလေတော့ Ghost က လက်လှမ်းမမီလို့ ပုတ်မသွားတာထင်ပါရဲ့။ ဒါနဲ့ မဖြစ်ချေဖူးရယ်လို့ မိမိတို့လည်း ကိုးကွယ်တဲ့ ကျောင်းက ဆရာတော်ကိုပင့်လို့ ပရိတ်ရွတ်၊ ပရိတ်ကြိုး အိမ်ပတ်လည် ပတ်၊ ပရိတ်ရေဖြန်းတာတွေ လုပ်ရပါ တော့တယ်။

မိမိအနေနဲ့ ကြောက်စိတ်မဖြစ်မိပေမဲ့၊ ဇနီးသည် ဖြစ်သူက တစ်ယောက်တည်း အိမ်မှာကျန်တာက များပါ



PDF Compressor Free Version

တယ်။ ကိုယ်က စိုက်ခင်းနဲ့ သဘာဝတောတွေသွားချိန်၊ မကွေးကို meeting သွားရတဲ့အခါမျိုး၊ မိုးချုပ် ည ၉... ၁၀နာရီတွေထိ တစ်ယောက်တည်းနေရတဲ့ အခါများ ရှိပါတယ်။ သူကလည်း ဘုရားတရားအလွန်လုပ်၊ သတ္တိ မခေလှသူမို့ နေရဲပေမဲ့၊ အကြောက်တရားတော့ ဘယ်ကင်း ပေမလဲ။ ဒါ့အပြင် လမ်းက ဖြစ်ရပ်သာမက၊ ကိုယ်နေတဲ့ အိမ်ကလည်း၊ ရာဇဝင်လေးတွေရှိတာလည်း ပါပါလေ တယ်။ အိမ်ဝင်းက ရှေ့ပိုင်းမှာ ရေးဖူးသလို၊ တစ်ချိန်က ကင်ပေတိုင်ရုံးဖြစ်ခဲ့တာက တပိုင်း၊ ကိုယ့်ကိုတော့ ဘာမှ မပြောကြပေမဲ့ ကိုယ့်ဇနီးကိုတော့ အိမ်အကြောင်း အမျိုး သမီးချင်း (ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ) ပြောစကားတွေရှိ ပါတယ်။

အိမ်က အရှေ့လှေကား တက်တက်ချင်း Parlour ခန်းရှိနေပြီး၊ ညာဘေး ခြေတစ်လှမ်းအမြင့်မှာ ဝင်ပေါက် တံခါးတစ်ခု၊ ဝင်ဝင်ချင်း ဘယ်ဖက်မှာ အိပ်ခန်း ၂ခု၊ ပြီးရင် ထမင်းစားခန်း၊ ညာဖက်က ဘုရားခန်းနေရာကျယ်၊ နောက်ထပ်က master bedroom၊ အဲ့ဒီက လှေကား တစ်ထစ်ဆင်းရင်၊ မီးဖိုခန်းနဲ့ ကြားကလျှောက်လမ်းဘေးက နောက်ဖေးတံခါး၊ မိသားစု ၇ ယောက်၊ ၈ ယောက်လောက် ကျယ်ကျယ်ပြန့်ပြန့်နေနိုင်တဲ့အိမ်ပါ။ ထိုအိမ်ကြီးမှာ လင်မယားနှစ်ယောက်တည်း၊ နောင်သောအခါ မိန်းမက သားအတန်းကြီးလာလို့ ရန်ကုန်မှာ အနေများတဲ့အခါ၊ တပည့်တစ်ယောက်နဲ့ နှစ်ယောက်တည်း ဖြတ်သန်းနေခဲ့ ရတဲ့ အိမ်ကြီးပါပဲ။

အိမ်အကြောင်း အမျိုးသမီးချင်းပြောတဲ့စကားမှာ ဘယ်ဖက်က ဒုတိယအိပ်ခန်းမှာ ပုဂ္ဂိုလ်တစ်ဦးရှိလို့ အစ်မ တို့ အဲဒီအခန်းကို အသန့်ထားပေးပါတဲ့။ ဒါနဲ့ပဲ မသုံးဖြစ်တဲ့အိမ်ထောင်ပစ္စည်းတွေထားရာ Store ခန်းအဖြစ်ပဲ သုံးဖြစ်ပါတော့တယ်။ ကိုယ်တွေနေစဉ်တော့ ထူးထူးခြားခြား ဘာမှမဖြစ်ပါ။ ဒါပေမဲ့ ရိုးတိုးရိတ်တိတ်နှစ်ခုတော့ ဖြစ်ခဲ့ပါတယ်။ တစ်ခုက ဇနီးသည်ဖြစ်သူ ထမင်းစားခန်း ပြတင်းပေါက်ကနေ ညအိပ်ရာမဝင်ခင် မျက်နှာသစ်ချိန် တစ်ယောက်ယောက်က နောက်ကနေ ပခုံးကိုတွန်းလိုက်သလို ခံစားရတာပါ။ (ဒါကပေါင်းတည်မြို့စွန်အိမ်နေချိန် တပည့်တစ်ယောက်ဖြစ်ဖူးတာမျိုး၊ သရဲတွေ ခြောက်နည်း formula တစ်ခုထင်ပါတယ်)

နောက်တစ်ခါက ကိုယ်တိုင်ပါ။ ဇနီးက ကိုယ်နဲ့ မနေနိုင်ပဲ သားဆီ ရန်ကုန်သွားနေနေလို့ တစ်ယောက်တည်း တပည့်နဲ့နေချိန်၊ ထမင်းစားချိန် ခွက်လေးနဲ့စားပွဲထိုင်နေချိန်၊ နောက်ဖေးတံခါးက ကိုယ့်ညာဖက် ဓားလွယ်ခုတ်နေရာမှာ၊ လေလည်း မတိုက်ပါပဲနဲ့ (တံခါးက အဖွင့်ဖက်ယိုင်ခြင်းလည်းမရှိ) လူ ဆွဲဖွင့်လိုက်သလို ကျွီကနဲမြည်လို့ ဖြေးဖြေးလေးပွင့်ထွက်သွားတာပါ။ ဒါနဲ့ အိမ်ရှေ့က တပည့်ကို အောက်ဆင်းပြီး

"လူရှိလားကြည့်ကွာ" ဆိုတော့လည်း

"ဘာမှမရှိဘူးဆရာ" တဲ့။

ကိုယ်ကလည်း အရှိန်လေးနဲ့ဆိုတော့

"အေး....ဒါဆိုလည်း သရဲဖြစ်မှာပေါ့ကွာ" ဆိုပြီး ထမင်းစားအိပ်ယာဝင်ငြား၊ အိပ်ခန်းကျယ်ကြီးထဲ တစ်ယောက်တည်း အိပ်တဲ့ဆီတော့ လာအနှောက်အယှက် မပေးရှာပါ။ သို့ပေသော်လည်း ရန်ကုန်သို့နှစ်ယောက်စလုံး ပြန်ကြစဉ် အိမ်စောင့်ထားခဲ့သော တပည့်များက ဇနီးကို ပြောပြသည့် အခြောက်ခံရမှုများကတော့ ကြမ်း၏။ (မိမိကိုတော့ မပြောကြ၊ မယုံပဲအဆူခံရမည်စိုး၍)၊ ထိုထက် နောက်ပိုင်း မိမိနေရာ successors များအနက်၊ ညီ တစ်ယောက် ကြုံခဲ့ရသည်များက ပြန်ကြားစကားများအရ ပိုကြမ်းလေ၏။ ထိုဖြစ်ရပ်များသည် နာနာလောက တကယ်ရှိလို့ ဖြစ်နိုင်သလို၊ စိတ်ခံစားမှုများအရ psycho ဝင်ခြင်းများလည်း ဖြစ်နိုင်ပါသည်။ ချင့်ချိန်လို့ သုံးသပ်ကြရန်သာ။

++++++++++

# သစ်ပင်စိုက်ပွဲကျင်းပကြရအောင်

PDF Compressor Free Version



ခင်ဇော်(သစ်လုပ်ငန်း)

၁၉၆၉ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့ လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာတွင် "သစ်ပင်စိုက်ကြပါစို့" ဟူသည့်ဆောင်းပါးကို ကျွန်တော်ရေးခဲ့သည်။ ထိုစဉ်က ကျွန်တော် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တတိယနှစ် သစ်တောကျောင်းသားဖြစ်သည်။ ကမ္ဘာပေါ်တွင်သစ်ပင်များနေ့အထိမ်းအမှတ် သစ်တောစိုက်ပွဲတော်များဖြစ်ပေါ်လာခဲ့ပုံ၊ မြန်မာနိုင်ငံတွင်လည်း ကျင်းပခဲ့သည့်သစ်ပင်စိုက်ပွဲများအကြောင်း ရေးခဲ့ခြင်းဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်များတွင် ဂျပန်–ဂျိုက်ကာ ပညာသင်ဟောင်းများ၏ မိုးရာသီသစ်ပင်စိုက်ပွဲများကို ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အချို့တွင် ပြုလုပ်ခဲ့သည်။ သစ်ပင်စိုက်သည့် အဖွဲ့ဝင်များနှင့် ဒေသခံလူထုအား ပညာပေးသည့်အနေဖြင့် ကျွန်တော်က "သစ်ပင်စိုက်ကြပါစို့"ဟူသည့် စာတမ်းလေးပြုစုဖြန့်ဝေပေးခဲ့ပါသည်။ ထိုစာတမ်းမှာ "အောင်ပင်လယ်"လူမှုဝန်းကျင်မဂ္ဂဇင်းနှင့် စိတ်ကူးချိုချိုမှထုတ်ဝေသော သဘာဝပတ်ဝန်းကျင်စာအုပ်တွင် ဖော်ပြခြင်းခံရပါသည်။

သစ်ပင်စိုက်ပွဲကိစ္စကို စိတ်ဝင်စားသော ကျွန်တော်သည် အင်တာနက်မှရှာဖွေရင်း သစ်ပင်စိုက်ပွဲကျင်းပနည်းလမ်းညွှန်စာအုပ်ကို တွေ့ရှိခဲ့ပါသည်။ ထို့ကြောင့် ကမ္ဘာ့သစ်ပင်များနေ့ဖြစ်ပေါ်လာပုံ မြန်မာနိုင်ငံတွင် သစ်ပင်စိုက်ပွဲများကျင်းပကြပုံ၊ သစ်ပင်စိုက်ပွဲကို စနစ်တကျနှင့် စိတ်ပါဝင်စားပျော်ရွှင်ဖွယ်ကျင်းပနိုင်ပုံတို့ကို ပြန်လည်ဖောက်သည်ချလိုစိတ်ဖြစ်ပေါ်လာပါသည်။ သစ်ပင်များနေ့ဆိုသည်မှာ ကျောင်းသားလူငယ်များ၊ ပြည်သူလူထုအစုအဖွဲ့များ၊ ရပ်ကွက်၊ ရဟန်းရှင်လူ၊ အများပြည်သူများ သစ်ပင်သစ်တောများ၏ တန်ဖိုးကို သိရှိ နားလည်စေရန်၊ ရည်ရွယ်ချက်ဖြင့် စုပေါင်း၍ သစ်ပင်စိုက်ပျိုးကြသော အထိမ်းအမှတ်နေ့တစ်နေ့ဖြစ်ပါသည်။ လူထုအများနှင့် သက်ဆိုင်သော မြေကွက်လပ်များ၊ ဥယျာဉ်ပန်းခြံများ၊ တက္ကသိုလ်နှင့် စာသင်ကျောင်းများ၊ ဘာသာရေးအဝန်းအဝိုင်း ပရဝုဏ်များတွင် သစ်တောသစ်ပင်များ၊ အရိပ်ရပင်၊ ပန်းအလှပင်၊ အသီးစားပင်စသည့် သစ်ပင်၊ ပန်းပင်အမျိုးမျိုးကို နှစ်စဉ်လူထုလှုပ်ရှားမှုဖြင့် စုပေါင်းစိုက်ပျိုးကြခြင်းဖြစ်ပါသည်။

သစ်ပင်များနေ့ ကမ္ဘာပေါ်တွင် စတင်ဖြစ်ပေါ်ခဲ့သည်မှာ အမေရိကန်ပြည်ထောင်စုဖြစ်ပါသည်။အမေရိကန်နိုင်ငံ၊ နီဘရက်စကားပြည်နယ်သည် ၁၈၇၂ ခုနှစ် မတိုင်မီက သစ်ပင်အလွန်နည်းပါးသော လွင်တီးခေါင်ဒေသဖြစ်ခဲ့ပါသည်။ ထိုပြည်နယ်သို့ မီချီဂန်မြို့မှ ပြောင်းရွှေ့ရောက်ရှိလာသော သတင်းစာသမားလည်းဖြစ်၊ နိုင်ငံရေးသမားလည်းဖြစ်သော ဂျူးလီးယပ်စ်စတာလင်မော်တင် ဆိုသူသည် နီဘရက်စကားပြည်နယ် စိုက်ပျိုးရေး ဘုတ်အဖွဲ့ဝင်ဖြစ်ခဲ့သည်။ လွင်တီးခေါင်ဖြစ်နေခဲ့သော နီဘရက်စကားပြည်နယ်တွင် သစ်ပင်များစိုက်ပျိုးရှင်သန်ဖုံးလွှမ်းလာအောင် မော်တင်က လူထုလှုပ်ရှားမှုဖြင့် ကြိုးပမ်းခဲ့သည်။ သူကိုယ်တိုင် သူ့ကိုယ်ပိုင်လယ်ယာမြေနှင့် သစ်သီးခြံများတွင် သစ်ပင်စိုက်ပျိုးခြင်းဖြင့် စံနမူနာပြခဲ့ပြီး၊ သစ်ပင်များ၏ အရေးကြီးပုံ၊ အသုံးဝင်ပုံကို ပြသခဲ့သည်။ သစ်ပင် စိုက်ပျိုးရေးနေ့တစ်နေ့သီးသန့်သတ်မှတ်၍ စုပေါင်းသစ်ပင် စိုက်ပျိုးကြရန် တိုက်တွန်းအဆိုပြုခဲ့သည်။ပထမဆုံးသစ်ပင်စိုက်ပွဲကို နီဘရက်စကားပြည်နယ်တွင် ၁၈၇၂ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့၌ ကျင်းပခဲ့သည်။ ထိုသစ်ပင်စိုက်ပွဲတွင် သစ်ပင်

PDF Compressor Free Version

မျိုးစုံအပင်တစ်သန်း စိုက်ပျိုးခဲ့သည်။ ဒုတိယသစ်ပင်စိုက်ပွဲကို ၁၈၈၄ ခုနှစ်တွင် မော်တင်၏ မွေးနေ့လည်းဖြစ်သော ဧပြီလ ၂၂ ရက်နေ့၌ကျင်းပခဲ့ပြီး ၁၈၈၅ ခုနှစ်မှစ၍ ထိုနေ့ကိုနီဘရက်စကား ပြည်နယ်၏ သစ်ပင်စိုက်အထိမ်းအမှတ်အားလပ်ရက်အဖြစ် သတ်မှတ်ခဲ့သည်။ ဂျူးလီးယပ်စ်စကာလင်မော်တင်သည် နောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စု၏ စိုက်ပျိုးရေးဝန်ကြီးဖြစ်လာခဲ့သည်။

သစ်ပင်များနေ့သည် အမေရိကန်ပြည်ထောင်စုပြည်နယ် ၅၀ အထိ တစ်စတစ်စပျံ့နှံ့လာခဲ့သည်။ ပြည်နယ်အလိုက် ရာသီဥတုအခြေအနေပေါ်မူတည်၍ သင့်တော်သည့်နေ့ရက်ကို သစ်ပင်များနေ့အဖြစ် သတ်မှတ်ခဲ့သည်။ များသောအားဖြင့် နှစ်စဉ် ဧပြီလ ၁၀ ရက်နေ့ကို သတ်မှတ်သည်။ ၁၉၇၀ ပြည့်နှစ်မှစ၍ သမ္မတနစ်ဆင်က အမေရိကန်ပြည်ထောင်စု၏ အမျိုးသားသစ်ပင်များနေ့အဖြစ် နှစ်စဉ် ဧပြီလ၏ နောက်ဆုံးပတ် သောကြာနေ့ သတ်မှတ်ခဲ့သည်။ ကမ္ဘာ့အဝှမ်းတွင်လည်း သစ်ပင်များနေ့ကို မိမိတို့နိုင်ငံအလိုက် ဖြစ်ပေါ်တည်ရှိသော ရာသီဥတုအခြေအနေပေါ်မူတည်၍ သတ်မှတ်ကြပါသည်။ တချို့နိုင်ငံများတွင် သစ်ပင်များနေ့ကို အလုပ်အားလပ်ရက်အဖြစ် သတ်မှတ်၍ သစ်ပင်စိုက်ကြသကဲ့သို့ အချို့နိုင်ငံများက အလုပ်မပိတ်ဘဲ သစ်ပင်စိုက်ပွဲနေ့အဖြစ် သတ်မှတ်စိုက်ပျိုးကြသည်။ နိုင်ငံအချို့၏သစ်ပင်များနေ့ကို ဖော်ပြရလျှင် အယ်လ်ဂျီးရီးယား (အောက်တိုဘာ-၂၅)၊ ဩစတြေးလျ (ကျောင်းသားများအတွက် ဇူလိုင်-၂၈)၊ အများပြည်သူများအတွက် (ဇူလိုင်-၃၀)၊ ဘယ်လ်ဂျီယံ (မတ်-၂၁)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ် (ထိုင်ဝမ်)-(ဒေါက်တာဆွန်ယက်ဆင် ကွယ်လွန်သည့် မတ်-၁၂)၊ ကမ္ဘောဒီးယား (ဇွန်-၁)၊ အီဂျစ် (ဇန်နဝါရီ-၁၅)၊ ဂျာမဏီ (ဧပြီ-၂၅)၊ အီရန် (မတ်-၃)၊ အစ္စရေး (ဇန်နဝါရီ/ဖေဖော်ဝါရီအတွင်း ကျရောက်သည့် ရှဗတ်လ၏ - ၁၅ ရက်နေ့)၊ ဂျပန် (ဟီရိုဟီတိုဘုရင့်မွေးနေ့ ဧပြီ-၂၉)၊ ကင်ညာ (ဧပြီ-၂၁)၊ လီဆိုသို (မတ်-၂၁)၊ မက်ဆီဒိုးနီးယား (မတ်-၁၂)၊ မာလာဝီ (ဒီဇင်ဘာ ဒုတိယပတ်တနင်္လာ)၊ နမီးဘီးယား (စက်တင်ဘာ-၇)၊ နယ်သာလန် (မတ်-၂၁ သို့မဟုတ် စက်တင်ဘာ-၂၁ ဝန်းကျင်)၊ နယူးဇီလန် (ဇူလိုင်-၃၀)၊ ၁၉၇၇ ခုနှစ်မှစ၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်သော (ဇွန်-၅)ရက်၊ ဖိလစ်ပိုင်(ဇွန်-၂၅)၊ ပေါ်တူဂီ (မတ်-၂၁)၊ တောင်ကိုရီးယား (ဧပြီ-၅)၊ သီရိလင်္ကာ (အောက်တိုဘာ-၁၅)၊ တန်ဇန်းနီးယား (ဇန်နဝါရီ-၁)၊ ယူဂန်ဒါ (မတ်-၂၄)၊ ဘင်နီဇွဲလာ (မေလနောက်ဆုံးပတ် တနင်္ဂနွေနေ့) တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်ပထမဆုံးအကြိမ် သစ်ပင်များနေ့ကို ၁၉၅၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် ကျင်းပခဲ့ကြောင်း မှတ်တမ်းရဖူးပါသည်။ ထိုနေ့က နိုင်ငံတော်ဝန်ကြီးချုပ်မှဦးဆောင်၍ ကမ္ဘာအေးကုန်းမြေတွင် သစ်ပင်ပေါင်းစုံ ၁၀၀၀ခန့်စိုက်ပျိုးခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း သစ်ပင်များနေ့ သစ်ပင်များစိုက်ပျိုးခြင်းကို ၁၉၆၆ ခုနှစ် ဇွန်လ ၂၇ ရက်နေ့က တက္ကသိုလ် ဆရာ/ဆရာမနှင့် ကျောင်းသား/ကျောင်းသူများ စုပေါင်းကျင်းပခဲ့ရာ ကျွန်တော်တို့သစ်တောပညာကျောင်းသားများ အဓိကပါဝင်ဆင်နွှဲခဲ့ကြသည်ကို အမှတ်တရရှိခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ဇွန်၊ ဇူလိုင်လများသည် မိုးဖြိုင်ဖြိုင်ရွာသွန်းသောလများဖြစ်သဖြင့် သစ်ပင်များ အစိုဓာတ်လုံလောက်စွာရရှိရှင်သန်နိုင်မည့် ဇွန်/ဇူလိုင်လများကို သစ်ပင်စိုက်ပွဲတော်ရာသီအဖြစ် နိုင်ငံတော်အစိုးရမှသတ်မှတ်၍ သစ်ပင်များနေ့၊ သစ်ပင်စိုက်ပျိုးပွဲများ ပြုလုပ်စေပါသည်။ ကျောင်းများ၊ လူထုလူတန်းစားအသင်းအဖွဲ့များသို့ သစ်တောဦးစီးဌာနမှ ပျိုးပင်များ အခမဲ့ထုတ်ပေး၍ ကျောင်းများ၊ ပန်းခြံများ၊ အမျိုးသားဥယျာဉ်များနှင့် သစ်ပင်စိုက်ပျိုးရန် လိုအပ်သောနေရာများတွင် ပြည်သူအများစုပေါင်း၍ သစ်ပင်စိုက်ပွဲများ ပြုလုပ်ကြပါသည်။

သစ်ပင်များနေ့၏ မူလရည်ရွယ်ချက်မှာ သစ်ပင်ပန်းမန်များ၏ တန်ဖိုးကို လူအများသိရှိပြီး သစ်ပင်များကို ချစ်ခင်ရန်ဖြစ်သော်လည်း ယခုအခါ သဘာဝသစ်တောများကို ထိန်းသိမ်းရေး၊ ပြန်လည်စိုက်ပျိုးရှင်သန်စေရေး၊ လူတို့မှီခိုအားထားရသည့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်ရေး၊ အဓိကအားဖြင့် ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ကမ္ဘာ့ရာသီဥတုများပြောင်းလဲဖောက်ပြန်မှုမှ ကာကွယ်ရေးတို့အတွက် အရေးပါသော လူထုလှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် သဘောပေါက် ခံယူဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်ဖြစ်လာပြီဖြစ်ပါသည်။ သစ်ပင်များနေ့ကျင်းပ၍ သစ်ပင်များစိုက်ပျိုးခြင်းသည် စိုက်ပျိုးသူအတွက် သစ်ပင်များအကြောင်း ပိုမိုလေ့လာခွင့်ရရှိပြီး ကမ္ဘာကြီးအား ပိုမိုကောင်းမွန်သော အနေအထားဖြင့် ရောက်ရှိစေရန် ပါဝင်ဆောင်ရွက်ပေးနိုင်မည့် အခွင့်အရေးကို ရရှိစေပါသည်။ သစ်ပင်များနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပွဲကိုခပ်သေးသေးအကျဉ်းချုံး၍ ကျင်းပနိုင်သလို ချဲ့ထွင်၍ ကြီးကြီးကျယ်ကျယ်လည်း ကျင်းပနိုင်ပါသည်။ သင့်သစ်ပင်စိုက်ပွဲသည် အိမ်နီးနားချင်းမိသားစုများနှင့် စုပေါင်း၍ အနီးနားရှိကျောင်း၊ သို့မဟုတ် ပန်းခြံထဲတွင် သစ်ပင်စိုက်ကြခြင်းဖြင့်လည်း ပြီးမြောက်နိုင်သည်။ ကလေး၊ လူငယ်လူကြီး၊ ထောင်ပေါင်းများစွာစုပေါင်း၍ သတ်မှတ်မြေရိယာ

PDF Compressor Free Version

တစ်ခုတွင် ရက်သတ္တတစ်ပတ် ဆယ်ရက်အချိန်ယူ၍လည်း သစ်ပင်စိုက်ပွဲကျင်းပနိုင်သည်။ သစ်ပင်များနေ့ အထိမ်းအမှတ်သည် ကျောင်းတစ်ကျောင်း၊ အတန်းတစ်တန်း၊ နှစ်ပတ်လည် သစ်ပင်စိုက်ပျိုးရေးစီမံချက်၏ လုပ်ငန်းတစ်ရပ်လည်းဖြစ်နိုင်သကဲ့သို့ မြို့နယ်အဆင့် ကျယ်ပြန့်သော သစ်ပင်စိုက်စီမံကိန်းကြီးအနေနှင့်လည်း ကျင်းပနိုင်ပါသည်။

သင့်နေထိုင်ရာမြို့နယ်၊ ရပ်ရွာရှိ သဘာဝပတ်ဝန်းကျင်ရေးရာလုပ်ငန်းများကို ထူးခြားစွာ ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များရွေးချယ်၍ ထိုသူတို့အား ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပွဲကျင်းပပါ။ သစ်ပင်စိုက်ပျိုးခြင်း၊ စွန့်ပစ်ပစ္စည်း ပြန်လည်အသုံးချခြင်း (Recycling) သစ်ပင်ပျိုးဥယျာဉ်တည်ထောင်ခြင်း၊ သစ်ပင်စိုက်ရန် ရန်ပုံငွေတည်ထောင်ခြင်း၊ စသည့်လုပ်ငန်းများတွင် ဦးစီးဦးဆောင်လုပ်ဆောင်ညွှန်ကြားသည့် ပုဂ္ဂိုလ်များအား မိမိတို့နယ်၊ရပ်ရွာထဲမှ အများဆန္ဒဖြင့် ရွေးချယ်၍ ထိုသို့ဂုဏ်ပြုရန်ဖြစ်သည်။

အကြီးဆုံးသစ်ပင်၊ အသက်အရင့်ဆုံးသစ်ပင်များ၊ ပတ်ဝန်းကျင်တွင် ရှာဖွေမှတ်တမ်းတင်သည့်ပွဲ ပြုလုပ်ပါ။ တွေ့လျှင်တွေ့ရှိသူအမည်၊ သစ်ပင်မျိုး၊ နေရာစသည်တို့ပါဝင်သည့် လမ်းညွှန်စာအုပ်ထုတ်ဝေပါ။ သစ်ပင်စိုက်တော့မည်ဆိုလျှင် စိုက်မည့်နေရာသည် သစ်တောဦးစီးဌာနက ထိန်းသိမ်းသည့်မြေနေရာ၊ သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲသည့်မြေနေရာ၊ သာသနိကနယ်မြေ၊ စာသင်ကျောင်းပိုင်မြေ စသည်ဖြင့်ရှိတတ်သဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့်ဦးစွာညှိနှိုင်း၍ ခွင့်ပြုချက်ရယူရန်လိုပါသည်။ ထို့နောက် သစ်မျိုးကိုရွေးချယ်ရာ၌ စိုက်မည့်နေရာဒေသရှိ သဘာဝအတိုင်း ရှိနေမည့်အပူချိန်၊ စိုထိုင်းစ၊ အလင်းရောင်(နေရောင်) ရရှိမှု၊ ရောဂါပိုးမွှား၊ မြေဆီလွှာလေထုညစ်ညမ်းမှု၊ လေထဲတွင် ဓာတုပစ္စည်းပါဝင်မှု) တို့ကို လေ့လာနှိုင်းဆ၍ထိုနေရာတွင် ခံနိုင်ရည်ရှိ၍ ရှင်သန်ကြီးထွားမှု အကောင်းဆုံးရရှိနိုင်မှု သစ်ပင်မျိုးကို စနစ်တကျရွေးချယ်ရန် လိုအပ်ပါသည်။ သစ်မျိုးရွေးချယ်ရာ၌ သစ်တောဦးစီးဌာန၏ ကျွမ်းကျင်မှုအကူအညီအများဆုံး ရယူနိုင်ပါသည်။ တစ်ခါတစ်ရံ သစ်တောဦးစီးဌာနက ဒေသအလိုက်၊ ကာလအလိုက်ကျွမ်းကျင်မှုအခြေခံရွေးချယ်၍စီမံချက်ဖြင့်ဖြန့်ဖြူးစိုက်ပျိုးစေသော သစ်ပင်အမျိုးအစား (မျိုးစိတ်)ကိုလည်း စိုက်ပျိုးနိုင်ပါသည်။ သစ်ပင်အမျိုးအစားအလိုက် စိုက်ပျိုးနည်းအမျိုးမျိုးကို သစ်တောဦးစီးဌာနနှင့် မြို့တော်၊ မြို့နယ်စည်ပင်သာယာသစ်ပင်ပန်းမန်နှင့်ဥယျာဉ်ဌာနတို့နှင့်ဆက်သွယ်၍ အကူအညီရယူနိုင်ပါသည်။

ဒေသအတွင်းရှိ သစ်ပင်စိုက်ပျိုးရေးဆိုင်ရာ လူမှုအဖွဲ့အစည်းရှိလျှင် ထိုအဖွဲ့အစည်းအမှုအဆောင်များ၊ ရပ်မိရပ်ဖများ၊ သက်ဆိုင်သောဌာနဆိုင်ရာများကို ဖိတ်ကြား၍ သစ်ပင်စိုက်ပွဲဆိုင်ရာ ညှိနှိုင်းပွဲပြုလုပ်နိုင်ပါသည်။ မြို့တော်ဝန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး စသည်တို့က သစ်ပင်စိုက်ပွဲကြေညာချက်ထုတ်ပြန်၍ သစ်ပင်စိုက်လှုပ်ရှားမှုကို စတင်ပေးခြင်းသည် သြဇာသက်ရောက်သော လှုပ်ရှားမှုဖြစ်စေပါသည်။ သစ်ပင်စိုက်ပျိုးရေးနေ့ဆိုင်ရာ ဝတ္ထု၊ ဆောင်းပါး၊ ပိုစတာပြိုင်ပွဲများ ပြုလုပ်ခြင်း၊ ပြဇာတ်ကခြင်း၊ စသည်တို့ကို အတွေ့အကြုံရှိသော ရှေးမီပုဂ္ဂိုလ်ကြီးများက ဦးဆောင်၍ ကျင်းပပေးခြင်းဖြင့် သစ်ပင်သစ်တောချစ်မြတ်နိုးစိတ် ရှင်သန် ထက်မြက်စေခြင်း၊ သစ်ပင်စိုက်ပွဲတော် ကျင်းပနည်းတစ်ခုဖြစ်ပါသည်။ မူလတန်းကြီး (စတုတ္ထနှစ်၊ ပဥ္စမအဆင့်) ကလေးများကို ကာတွန်း၊ ပိုစတာများ ပြိုင်ပွဲပြုလုပ်ပေးခြင်းဖြင့်လည်း ကလေးသူငယ်များ သစ်ပင်ချစ်စိတ်ကို နိုးဆွပေးရန်ရောက်ပါသည်။ ကျောင်းသားငယ်များနှင့် လူငယ်များအား မိမိရပ်ရွာပတ်ဝန်းကျင်တွင် ပေါက်ရောက်နေသော သစ်ပင်အမျိုးအစားများကို အရွက်၊ အပွင့်၊ အခေါက်၊ အပွေး စသည့် သွင်ပြင်လက္ခဏာများအရ ခွဲခြားသည့်နည်းဖြင့် လက်တွေ့ခွဲခြားခိုင်းပါ။ ခွဲခြားနည်းကို နီးစပ်ရာ တက္ကသိုလ်များရှိ ရုက္ခဗေဒဌာနတွင် ရုက္ခမျိုးခွဲနည်း (Plant Taxonomy) သို့မဟုတ် သစ်ပင်မျိုးခွဲနည်း(Dendrology) ဘာသာရပ်ဆရာများနှင့် စာအုပ်စာတမ်းများမှ အကူအညီရယူနိုင်ပါသည်။ ဤနည်းမှာလည်း သစ်ပင်ပွဲတော်လှုပ်ရှားမှု၏ နမူနာတစ်ခုဖြစ်ပါသည်။

အများပြည်သူသုံးပန်းခြံတစ်ခု၊ သို့မဟုတ် မြို့လယ်ဧရိယာတစ်ခုရွေးချယ်၍ အမှိုက်ကောက်ခြင်းလှုပ်ရှားမှုတစ်ခုလုပ်ပါ။ စွန့်ပစ်ပစ္စည်းပြန်လည်အသုံးချခြင်း (Re-cycle) လုပ်နိုင်သည့် ပစ္စည်းများကိုရွေးချယ်၍ ပြန်လည်ထုတ်လုပ်သည့်စက်ရုံသို့ပို့ပါ။ ဤလုပ်ငန်းကို ပတ်ဝန်းကျင်လေထုအား လှုံ့ဆော်အသိပေး၍ ပတ်ဝန်းကျင်သန့်ရှင်းရေး ဂရုပြုရန် နှိုးဆော်ပါ။ ဤလုပ်ငန်းသည်လည်း သစ်ပင်သစ်တောအသုံးပြုမှု ချွေတာသည့်နည်းဖြစ်ပါသည်။သစ်ပင်စိုက်ပွဲကျင်းပရန် ညှိနှိုင်းစီစဉ်သူတစ်ဦးတော့ ရှိရန်လိုအပ်ပါသည်။ သစ်ပင်စိုက်ပွဲမတိုင်မီ (၈)လခန့်မှစ၍ ထိုသူသည် စီမံကိန်းရေးဆွဲရေးကော်မတီဖွဲ့စည်းခြင်း၊ ယခုတစ်ကြိမ်ပြုလုပ်မည့် သစ်ပင်စိုက်ပွဲ၏ အဓိက ဦးတည်ချက်သတ်မှတ်ခြင်း၊ ပွဲလုပ်မည့်နည်းလမ်းလျာထားခြင်း၊ ရန်ပုံငွေရှာဖွေရေးနည်းလမ်းရှာခြင်း၊ ပြုလုပ်မည့်နေ့၊ အချိန်၊ နေရာသတ်မှတ်၍ သက်ဆိုင်ရာအာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းခြင်း၊ ပွဲမလုပ်မီတစ်လအကြာတွင် သစ်ပင်စိုက်မည့်နေရာများဖြစ်သော ပန်းခြံ၊ ကျောင်း၊ ဘုန်းကြီးကျောင်း

PDF Compressor Free Version

စသည်တို့နှင့် အသေးစိတ်ညှိနှိုင်းခြင်း၊ (၂)ပတ် (၃)ပတ်ခန့် အလိုတွင် ကော်မတီအစည်းအဝေးထိုင်၍ ငွေရေးကြေးရေး၊ သတင်းဖြန့်ချိရေး၊ ပညာပေးစာစောင်များပြုစုဖြန့်ဝေရေး စသည့် အသေးစိတ်လုပ်ငန်းများ သစ်ပင်စိုက်ပွဲကို ပျော်ပျော်ပါးပါး ကျင်းပနိုင်ပြီဖြစ်ပါသည်။

စိုက်ပြီးလျှင်လည်းပြီးရောမဟုတ်ဘဲ ပေးစရာ ဆပ်စရာရှိသည့် ကုန်ကျစရိတ်များ ရှင်းလင်းပေးဆပ်ခြင်း၊ ကူညီဝိုင်းဝန်းပံ့ပိုးသူများကို ကျေးဇူးတင်လွှာများပေးပို့ခြင်း၊ သစ်ပင်စိုက်ပွဲ၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည် ဝေဖန်သုံးသပ်ခြင်း၊ စိုက်ထားသောသစ်ပင်များ ရှင်သန်ကြီးထွား အနှောင့်အယှက်ကင်းရေးအတွက် စီမံချက်ချမှတ်၍ လက်တွေ့စောင့်ကြည့်လေ့လာခြင်း၊ ပေါင်းရှင်းခြင်း၊ အကိုင်းချိုင်ခြင်း၊ စသည့်နောက်လိုက် ပြုစုပျိုးထောင်မှုများကိုလည်း သက်ဆိုင်ရာ ကျွမ်းကျင်ဌာနများနှင့် ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားရန်ရှိပါသည်။ ယခုလောက်ဆိုလျှင် ပြီးပြည့်စုံသောသစ်ပင်စိုက်ပွဲတစ်ခု ကျင်းပရန် အကြံဉာဏ်ကောင်းတချို့ရရှိပြီဟုယူဆပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင် သစ်ပင်စိုက်ပွဲတစ်ခုကို ထဲထဲဝင်ဝင်ပါဝင် ဆင်နွှဲကြပါစို့။

> ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဂျာနယ်တွင် ဖော်ပြခဲ့သည့် ခင်ဇော် (သစ်လုပ်ငန်း)၏ "သစ်ပင်စိုက်ပွဲကျင်းပကြရအောင်" ဆောင်းပါးအား ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။
>
> စာတည်းအဖွဲ့

*စာမျက်နှာ (၁၉)မှ အဆက်*

သစ်တောဌာနက အငြိမ်းစားနောင်တော်ကြီးတစ်ယောက်က သတင်းမေးတယ်။ စစ်ကိုင်းမှာလားတဲ့။ ကျွန်တော်က အကြောင်းတစ်ခုကြောင့် စစ်ကိုင်းမှာ ခေတ္တသွားနေသေးတာကို အဲ့ဒီနောင်တော်ကြီးက သိတယ်။ စစ်ကိုင်းကပြန်လာပြီး ပုသိမ်ကြီးမှာနေတဲ့အကြောင်း နောင်တော်ကြီးကို ပြန်ဖြေရတယ်။ နောင်တော်ကြီးကပြောတယ်။ ကိုအောင်ခင်… ကံဖယ်တာပဲတဲ့။ ဟုတ်တယ်။ စစ်ကိုင်းမှာ ကျွန်တော်တို့ခေတ္တသွားနေတဲ့ ကျောင်းကဆရာတော် ကျောင်းပြိုလို့ ပျံလွန်တော်မူတယ်။ တခြားဦးဇင်းတစ်ပါးလည်း ကျောင်းပြိုလို့ ပြင်းထန်တဲ့ဒဏ်ရာရတယ်။ ကျွန်တော်တို့ညအိပ်တဲ့ ကျောင်းဆောင်လည်းပြိုတယ်။ ကျောင်းဆောင်က ပြားချပ်သွားတာပဲ။ စစ်ကိုင်းမှာသာ ကျွန်တော်တို့ရှိနေရင် တစ်ခုခုဖြစ်သွားနိုင်တယ်။ နောင်တော်ကြီးပြောသလိုပါပဲ။ ကံဖယ်တာပါ။ ကျွန်တော်သေကံမရောက်သေးလို့ပေါ့။ လူတိုင်း၊ သတ္တဝါတိုင်း တစ်နေ့နေ့တော့သေကြမှာမလွဲကေန်ပါပဲ။ ပြေးလို့လည်းမလွတ်၊ ရှောင်လို့လည်းမလွတ်နိုင်ပါ။ လူတွေမှာသက်တမ်းကုန်လို့ သေကြတယ်။ ကံကုန်လို့သေကြတယ်။ ဒါကြောင့် လူတစ်ယောက်သေရင် ကံကုန်တယ်လို့လည်း ပြောတတ်ကြသေးတယ်။ သက်တမ်းလည်းမကုန်သေး၊ ကံလည်းမကုန်သေးဘဲ မမျှော်လင့်တဲ့အကြောင်းတစ်ခုကြောင့် သေကြတာလည်းရှိတတ်တယ်။ အဲ့ဒါကို ဥပစ္ဆေဒကကံနဲ့ သေတယ်လို့ ပြောကြတယ်။ ကျွန်တော် ငယ်စဉ်ကလက္ခဏာဆရာတွေကဟောဖူးတယ်။ ဥပစ္ဆေဒကကံနဲ့ ခင်ဗျားမသေနိုင်ဘူးတဲ့။ ကျွန်တော်ကိုယ်တိုင်လည်း ရတနာသုံးပါးဦးထိပ်ထား ကိုးကွယ်ဆည်းကပ်တဲ့ ကုသိုလ်ကံက အထောက်အပံ့ပြုတာလည်း ပါ ပါလိမ့်မယ်။ ဒါန၊ သီလ၊ ဘာဝနာ မြတ်ကောင်းမှုတွေကိုယုံယုံကြည်ကြည်နဲ့ တတ်စွမ်းသမျှအားထုတ်တဲ့ ကုသိုလ်ကံတွေက စောင့်ရှောက်တာ ပါ ပါလိမ့်မယ်။ ကျွန်တော့်အတိတ်ကံက စောင့်ရှောက်တာလည်းဖြစ်နိုင်တယ်။

ကြားဖူးဖတ်ဖူးကြပါလိမ့်မယ်။ လူတစ်ယောက်ကို မကြာခင်သေနေ့စေ့လို့သေတော့မယ်လို့ တန်ခိုးရှင်တစ်ဦးက ပြောတယ်။ ဒါတင်မကဘူး။ သင်ဟာ ဘာအပင်မှမရှိတဲ့ ဒီကုန်းခေါင်ခေါင်မှာ မျောက်ဖြစ်လာလိမ့်မယ်လို့လည်း ပြောသေးသတဲ့။ အပြောခံရတဲ့လူကစဉ်းစားတယ်။ ငါမျောက်ဖြစ်ခဲ့ရင် အရိပ်ခိုလို့ရအောင် အသီးအရွက်စားလို့ရအောင်၊ သီးပင်စားပင်တွေ စိုက်မှပဲလို့။ နောက် သီးပင်စားပင်တွေရှာပြီး ကုန်းခေါင်ခေါင်မှာစိုက်သတဲ့။ အချိန်ကာလတစ်ခုရောက်တော့ တန်ခိုးရှင်က အဲ့ဒီတောင်ကုန်းကိုရောက်လာပြီးမျောက်ကိုရှာတယ်။ စိမ်းစိမ်းစိုစိုတောင်ကုန်းပေါ်မှာ သူက သေမယ်လို့ နိမိတ်ဖတ်ခဲ့တဲ့သူက သစ်ပင်တွေစိုက်နေတာ သွားတွေ့တယ်။ သေမယ်လို့ အပြောခံရတဲ့သူက တန်ခိုးရှင်ကို မေးတယ်။ ကျွန်ုပ် ဘာကြောင့် မသေသေးတာလဲပေါ့။ ဒီအခါမှာ သေချာအောင် တန်ခိုးရှင်ကမေးတယ်။ ကျွန်ုပ်နဲ့တွေ့ပြီး သင်ဘာကောင်းမှုတွေလုပ်ဖြစ်သေးသလဲပေါ့။ ဟိုလူက ကျွန်ုပ်တခြားဘာကောင်းမှုမှမလုပ်ပါဘူး။ သေပြီးမျောက်ဖြစ်သွားရင် စားသောက်နေထိုင်ဖို့ သီးပင်စားပင်တွေပဲ စိုက်နေခဲ့တာပါလို့ ပြန်ဖြေတယ်။ အဲ့ဒီအခါမှ တန်ခိုးရှင်က သင် အသက်ရှည်ရခြင်းက သစ်ပင်စိုက်ပျိုးတဲ့ကုသိုလ်ကြောင့်လို့ဖြေကြားတယ်။ ကျွန်တော်လည်း ဘဝတစ်လျှောက်နေရာအနှံ့မှာ သစ်ပင်ပေါင်းများစွာစိုက်ခဲ့တဲ့ကုသိုလ်က အကျိုးပေးတယ်လို့ လေးလေးနက်နက်ယုံကြည်ပါတယ်။

PDF Compressor Free Version

# ဒုံးကျွန်းစုအဏ္ဏဝါအမျိုးသားဥယျာဉ်သတ်မှတ်မည့်အပေါ် ဒေသခံများအား ကြေးတိုင်လုပ်ငန်းစဉ်များ ချပြရှင်းလင်းခြင်း ဆောင်ရွက်ခဲ့စဉ်က

သိုက်ဝင်းထွန်း

၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီ ၂၄

မြိတ်မြို့မှ ထွက်လာသော စပိဘုတ်လေးသည် နာရီဝက်ခန့်အကြာမှာ ကျွန်းစုမြို့ဆိပ်ကမ်းသို့ ရောက်လာသည်။ ကမ်းပေါ်မှာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အတူစိစစ်ရေးအဖွဲ့၌ ပါဝင်သည့်ဌာနဆိုင်ရာများစောင့်နေကြ၏။ လှေပေါ်သို့ တစ်ယောက်ပြီးတစ်ယောက်တက်လိုက်ရာ လှေဦးက ရေထဲနစ်ဝင်ပြီး ပဲ့ကထောင်သွားသည်။ လူရေတွက်ကြည့်ရာ ဆယ့်နှစ်ယောက်။ တက်ရန်ပြင်နေသူတို့ကိုလည်း တားရ၏။

"ကဲ... ဥက္ကဋ္ဌရေ... တချို့လည်းချန်ခဲ့ရတော့မှာဘဲ"

"အဲလိုဘဲ လုပ်ကြတာပေါ့ အစ်ကိုကြီး"

မဖြစ်မနေပါရမည့်သူတို့ကို ချန်ပြီးနောက်တစ်ချို့ကိုပြန်ဆင်းစေရတော့သည်။ လူကိုးယောက်အတိကျန်မှသာ လှေဦးကပုံမှန်အတိုင်း ပြန်ထောင်လာသည်။လှေတည်ဆောက်ထားပုံက တိကျသည်။

FDCCA project ဖြင့် သစ်တောဦးစီးဌာန၊ ရုံးချုပ်မှ ဝယ်ယူပေးထားသော ဤ speed boat လေးက အလွန်အသုံးတည့်ပါသည်။ 115hp အင်ဂျင်တစ်လုံးတပ်ဖြစ်၍ ကိုယ်ထည်သေးငယ်သော်လည်း သစ်တောဦးစီးဌာန၏ လုပ်ငန်းအမျိုးမျိုးတို့ ဆောင်ရွက်ရန် ပင်လယ်ပြင်ခရီးနှင့် ဒီရေ



တောများသို့ သွားရောက်ရသည့်အခါများတွင် သူ့ကြောင့်အလွန်တာသည်။ ခရီးတို့ကိုကြုံ့စေသည်။ အချိန်ကုန်သက်သာစေသည်။ ဌာနအတွက် အားကိုးရ၏။

ဒုံးကျွန်းစုအဏ္ဏဝါ အမျိုးသားဥယျာဉ်သတ်မှတ်နိုင်ရေးရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် သက်ဆိုင်ရာ ဒေသတွင်နေထိုင်ကြသော အများပြည်သူတို့ သိရှိစေရန်အလို့ငှါ ရက်ပေါင်းသုံးဆယ်အတွင်း ကြေးတိုင်အရာရှိမှ ထပ်ဆင့်အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေငြာပြီးဖြစ်သည်။ သတ်မှတ်မည့် အမျိုးသားဥယျာဉ်၏ "ကြေးတိုင် လုပ်ငန်းစဉ်များ"နှင့် ပတ်သက်ပြီး ဒေသခံပြည်သူများအားရှင်းလင်းတင်ပြရန်မှာ ကြေးတိုင်အရာရှိမှ ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် စိစစ်ရေးအဖွဲ့၏ တာဝန်ဖြစ်ပေသည်။

သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ဖွဲ့စည်းတည်ထောင်သွားမည့် ဒုံးကျွန်းစုအဏ္ဏဝါအမျိုးသားဥယျာဉ်ကို တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်း ဧရိယာ ၃၆၉,၉၉၆ ဧကဖြင့် တည်ထောင်ရန် ရည်ရွယ်ထားပြီး ရေပြင် ဧရိယာ ၂၈၈,၅၈၀ ဧက၊ ကုန်းမြေ ဧရိယာ ၇၈,၁၁၆ ဧက တို့ပါဝင်သည်။

သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး





PDF Compressor Free Version

နိုင်ရန်နှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းတို့အား ချပြရှင်းလင်းရန် သက်ဆိုင်ရာ [illegible] ဒုံးကျွန်းစုပေါ်ရှိ ကျေးရွာကြီးကိုးရွာသို့ ခရီးနှင်လာကြခြင်းဖြစ်သည်။ ရွာသိမ်တဲစုလေးများက နီးစပ်ရာရွာကြီးသို့ ပူးပေါင်းစေရသည်။ ယနေ့မှာ သွားရမည့် ခရီးတာလည်းရှိသည့်အတွက် ဒုံးပုလဲအော်ကျေးရွာနှင့် လင်းလွန်းကျေးရွာတို့တွင်သာ ချပြရှင်းလင်းနိုင်မည်။ တွေ့ဆုံမည့်နေရာနှင့် အချိန်တို့ကို ကြိုတင်ညှိနှိုင်းပြင်ဆင်ထားပြီးဖြစ်သည်။ ကျွန်တော်တို့ပညာမ စိစစ်ရေးအဖွဲ့မှာရွာလူထုနှင့်တွေ့ဆုံရမည့်နေရာသို့ လမ်းလျှောက်လာကြစဉ် ရွာထဲ လမ်းဆုံတစ်နေရာအရောက်၌ သတ်မှတ်မည့် ဒုံးကျွန်းစုအဏ္ဏဝါအမျိုးသားဥယျာဉ်၏ တည်နေရာပြမြေပုံ၊ တားမြစ်ချက်များပါဝင်သော ဆိုင်းဘုတ်များကိုတွေ့ရသည်။ ကျွန်းစုမြို့နယ်၊ သစ်တောဦးစီးမှူးက ကျွန်တော့်အား–

''ဒီမှာဆရာ...ရွာထူထုသိရှိလေ့လာနိုင်အောင် အခုသတ်မှတ်မည့်သဘာဝထိန်းသိမ်းရေးနယ်မြေရဲ့တည်နေရာပြမြေပုံနဲ့ အချက်အလက်တွေကို ဗီနိုင်းထုတ်ပြီး ကြော်ငြာထားပါတယ်၊ လိုက်နာရမယ့် သတိပေးတားမြစ်ချက်တွေလည်း အပါအဝင်ပေါ့၊ ရွာတိုင်းမှာ ဒီလိုဆောင်ရွက်ထားပါတယ်''

ရွာနှစ်ရွာ၌ ရွာသားတွေနှင့်တွေ့ဆုံရမည့်နေရာမှာ ဥယျာဉ်ခြံကြီးတစ်ခု အတွင်း၌လည်းကောင်း၊ ဘုန်းကြီးကျောင်းဓမ္မာရုံ၌လည်းကောင်း စီစဉ်ထားရှိပေသည်။ တွေ့ဆုံမည့်နေရာတွင် ရွာလူထုက စိတ်ဝင်တစားရှိသည့်အတွက် ရွာလုံးကျွတ် တက်ရောက်ကြတာ တွေ့ရသည်။ တချို့သောသူတို့၏ မျက်လုံးများတွင်ပြင်းပြသော သိလိုစိတ်တို့လည်း မြင်ရသည်။ သူတို့အားလုံး၌ သို့လောသို့လောဖြစ်ပေါ်ခံစားနေရသောစိတ်တို့ပြေပျောက်စေရန် ဖြေရှင်းပြဖို့ ကျွန်တော်တို့အဖွဲ့ရောက်လာရတာဘဲ ဖြစ်သည်။

ကျွန်တော်တို့အဖွဲ့တွင် ခရိုင်/မြို့နယ် သစ်တောဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဒုံးကျွန်းစုပေါ်ရှိ ကျေးရွာတို့၏ အုပ်စုအုပ်ချုပ်ရေးမှူး၊ FFI (Fauna&Flora International) မှ အဖွဲ့ဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်ကြသည်။ တစ်ချို့လည်း အရင်နေ့ကတည်းက ကြိုတင်ရောက်နေကြတာဖြစ်သည်။ ပညာမစိစစ်ရေးအဖွဲ့၏ ဥက္ကဋ္ဌ၊ ကြေးတိုင်အရာရှိမှာ ကျွန်းစုမြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်သည်။ ယခုခရီးမှာ သူကိုယ်တိုင် တက်ကြွစွာ လိုက်ပါဆောင်ရွက်သည်။ အခမ်းအနားမှာ ဒေသခံကျေးရွာသားတို့သိသင့်သည်များကို ကျွန်တော်တို့အဖွဲ့က ကိုယ့်ဌာန၊ ကိုယ့်နယ်ပယ်၊ ကိုယ့်တာဝန်အလျောက် အသီးသီးရှင်းပြကြသည်။

ဒေသခံများအနေဖြင့် ၎င်းတို့၏ မူလအခွင့်အရေးများ ဆုံးရှုံးမှာကို စိုးရိမ်ကြသည်။ ကျေးရွာသားအများစုက ကရင်တိုင်းရင်းသား တို့ဖြစ်သည်။ ရွာလူထုအပေါ် ဩဇာညောင်းသည့် သင်းအုပ်ဆရာနှင့် ကျောင်းအုပ်ကြီးတို့ကိုလည်း တက်ရောက်ပေးနိုင်ဖို့ဖိတ်ခိုင်းထားရပါသည်။ ကျွန်တော်တို့အားလုံး ရှင်းပြပြီးသောအခါ မေးခွန်းများ မေးမြန်းစေပါသည်။ မေးခွန်းများအနက် သစ်တောဌာနနှင့် စပ်ဆိုင်သောမေးခွန်းတို့ကို ကျွန်တော်မှရှင်းပြသလို၊ ဆိုင်ရာဌာနအဖွဲ့အစည်းများကလည်း ၎င်းတို့ဌာနနှင့် သက်ဆိုင်သည့်အခန်းကဏ္ဍများအား ရှင်းလင်းကြသည်။ အုပ်ချုပ်ရေးပိုင်းနှင့် စပ်ဆိုင်သောကိစ္စရပ်များ၊ ကတိကဝတ် စကားများနှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက ဖြေကြားပေးသည်။ ဒေသအာဏာပိုင်တို့ထံမှ နှုတ်ထွက်စကားတို့ကလည်း ဒေသခံတို့အပေါ် ထိရောက်သည်။

''အဏ္ဏဝါအမျိုးသားဥယျာဉ်သတ်မှတ်မည့် ဒုံးကျွန်းစုဧရိယာနေရာတွေထဲမှာ ဆလုံတွေနေထိုင်ကြတဲ့နေရာတွေ ပါနေတယ်၊ ဆလုံတွေက အခု အဲဒီနေရာတွေကနေ တခြားထွက်သွားရမှာလား သိချင်ပါတယ်''

''ဆလုံတွေအနေဖြင့် သူတို့နေရင်းဒေသမှာ ဆက်လက်နေထိုင်ခွင့်ရှိပါတယ်''

''နေလို့ဘဲရတာလား၊ သူတို့အသက်မွေးဝမ်းကျောင်းလုပ်ငန်းက ငါးဖမ်းကြတာ၊ ငါးဖမ်းခွင့်ကိုရောပိတ်မှာလား''

''ဆလုံတို့ရဲ့ရိုးရာ ငါးဖမ်းနည်းစနစ်တွေနဲ့ အရင်အတိုင်းဘဲ ငါး၊ ပုစွန်၊ ကဏန်း ဖမ်းလို့ရပါတယ်၊ လိုအပ်တဲ့နေရာတွေမှာ သစ်တောဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနဲ့ FFI တို့ အတူတကွပူးပေါင်းပြီး LMMA (Locally Managed Marine Area) တွေသတ်မှတ်ပြီး စနစ်တကျ ငါးဖမ်းတာမျိုးလုပ်ရပါမယ်၊ အဲ့ဒီမှာ လုံးဝငါးမဖမ်းရတဲ့နေရာတွေလည်း ပါလာပါလိမ့်မယ်''

''အားလုံးသိကြတဲ့အတိုင်း ဟိုးနှစ်ပေါင်းများစွာကတည်းက ဆလုံတွေမှာ ပုလဲငုပ်တဲ့အလေ့အထလည်းရှိပါတယ်၊ သူတို့ရဲ့အသက်မွေးဝမ်းကျောင်းထဲမှာ ပါတယ်၊ အဲ့ဒါကိုရော ပိတ်မှာလား''

''ဟုတ်ကဲ့....သတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေနဲ့အညီ လိုက်နာဆောင်ရွက်ဖို့လိုပြီး ဆလုံတွေရဲ့ရိုးရာအစဉ်အလာ လုပ်ကိုင်ခွင့်တွေ၊ အခွင့်အရေးတွေ မဆုံးရှုံးစေရပါဘူး''

PDF Compressor Free Version

ဆလုံတို့က ပုလဲ(မုတ်ကောင်)ငုပ်ခြင်း ကျွမ်းကျင်ကြသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေသတ်မှတ်မည်ဆိုတော့ တဆင့်စကား၊ တဆင့်ကြားဖြင့် သူတို့စိုးရိမ်စိတ်က ပိုကြီးမားလာသည်။ အခုလို သိလိုက်ရပြီဆိုလျှင် ဆလုံတိုင်းရင်းသားတို့အတွက် စိုးရိမ်ကြောင့်ကြစိတ်တို့ ကင်းစင်သွားပါလိမ့်မည်။ နောက်ထပ်မေးခွန်းမေးတာက အသက်ကြီးပိုင်း တိုင်းရင်းသားကြီးတယောက်ဖြစ်သည်။

''အဏ္ဏဝါအမျိုးသားဥယျာဉ်သတ်မှတ်ပြီးရင် ဘယ်သူတွေ စီမံအုပ်ချုပ်ကြမှာပါလဲ''

''သစ်တောဦးစီးဌာနဝန်ထမ်းတွေကိုယ်တိုင်ဘဲ စီမံအုပ်ချုပ်ရမှာပါ၊ သဘာဝထိန်းသိမ်းရေးနယ်မြေတွေစီမံအုပ်ချုပ်ဖို့သဘာဝဝန်းကျင်နဲ့ သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနရှိပါတယ်၊ ဒါ့အပြင် သက်ဆိုင်ရာမြို့နယ်က သစ်တောဝန်ထမ်းတွေလည်း ပူးတွဲတာဝန်ထမ်းဆောင်ကြရတာမျိုးပါ''

သူတို့အနေဖြင့် ကျွန်းစုမြို့နယ်၊ သစ်တောဝန်ထမ်းများနှင့် ခင်မင်ရင်းနှီးသည့်အလျောက် သူတို့၏ စိုးရိမ်မှုလျော့ကျသွားသည်ကို တွေ့မြင်ရသည်။ ဘုတ်ပြင်းမြို့နယ်ရှိ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်နှင့်နှိုင်းယှဉ်ပြီး သူတို့ကို ရှင်းပြရသည်။

''နောက်ပြီး တိုင်းသစ်တောဌာနနဲ့ ခရိုင်သစ်တောဌာနကလည်း ပူးတွဲတာဝန်ယူစီမံအုပ်ချုပ်ရပါတယ်။''

နောက်ထပ်မေးတာက လူငယ်တစ်ဦးဖြစ်သည်။ သဘာဝထိန်းသိမ်းရေးနယ်မြေသတ်မှတ်လိုက်တဲ့အခါ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး သူတို့သိလိုကြသည်။ ဒုံးကျွန်းစုတွေပေါ်က သစ်တောတွေထဲမှာ ကျက်စားနိုင်သည့် တောရိုင်းတိရစ္ဆာန်အမည်တို့ကိုမေးရင်း အရေးကြီးပြီး ရှားပါးသည့် တောရိုင်းတိရစ္ဆာန်အမည်တို့ကိုလည်း ပြောပြသည်။ ဤတောဤတောင်များမှာ ကျက်စားသည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်တို့ကို ကျွန်တော်တို့အနေဖြင့် စုံစမ်းလေ့လာထားပြီးလည်း ဖြစ်သည်။ ဒေသခံတို့၏ ရိုးရာဓလေ့အရ ဒူးလေးနှင့် တူမီးကိုင်ကြသူများရှိသည်။ ဥယျာဉ်ခြံနှင့် သီးနှံစိုက်ခင်းများအတွင်း ချေတို့၊ တောဝက်တို့၊ ရှဉ့်တို့ ဝင်ရောက်စားသောက် (ဖျက်ဆီး)ခံရလျှင်ပင် မည်သို့မျှ အရေးမယူနိုင်မှာကို သူတို့စိုးရိမ်ကြသည်။

သို့နှင့် လုံးဝကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်များ၊ သာမန်ကာကွယ်ထားသောတောရိုင်းတိရစ္ဆာန်များ၊ ရာသီအလိုက်ကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်များ၊ နို့တိုက်၊ တွားသွား၊ ငှက်များ စသည်ဖြင့် ခွဲခြားရှင်းပြရသည်။ လုံးဝအမဲလိုက်ခွင့်မရှိသောနေရာဒေသ၊ အမဲလိုက်ခွင့်မရှိသော တောရိုင်းတိရစ္ဆာန်အမျိုးအမည်များကို သူတို့နှင့် အပြန်အလှန်မေးပြောပြောရင်း ရှင်းပြရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသတချို့တွင် ရာချီသော သံညှပ်ထောင်ချောက်များ၊ ကျော့ကွင်းများ အသုံးပြုလျက် တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးတာတွေရှိသည်။ ဒါတွေ ပပျောက်စေရန် သစ်တောဦးစီးဌာနနှင့် FFI တို့မှ ပူးပေါင်းဆောင်ရွက်နေသည်။ ရိုးရာမဟုတ်သည့် နည်းလမ်းများဖြင့် စီးပွားဖြစ် အလွန်အကျွံ အမဲလိုက်ခြင်းများက တောရိုင်းတိရစ္ဆာန်များ မျိုးတုန်းစေနိုင်ကြောင်းတို့ကို ရှင်းပြရသည်။ သစ်တောဥပဒေ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ မျိုးသုန်းမည့်အန္တရာယ်မှ ကာကွယ်ရမည့်တောရိုင်းတိရစ္ဆာန်များအကြောင်းကို လိုအပ်သလောက်အနှစ်ချုပ်ရှင်းပြပြီး ထိုဥပဒေတို့၏ ရည်ရွယ်ချက်သည် ဒေသခံတို့ကို ထိန်းချုပ်ရန်မဟုတ်၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ကိုလည်းကောင်း၊ ထိုအထဲမှာ ကျင်လည်ကျက်စားသည့် တောရိုင်းတိရစ္ဆာန်တို့ကိုလည်းကောင်း ရေရှည်တည်တံ့ပွားများစေဖို့ ဖြစ်ကြောင်းနှင့် သဘာဝပတ်ဝန်းကျင်၊ လူသားတို့နှင့် အပြန်အလှန် မည်သို့မှီခိုရှင်သန်ရပုံတို့ကို ရှင်းပြရသည်။ နောက်မေးခွန်းတစ်ခုက လက်ရှိ လုပ်ကိုင်စားသောက်နေသော ဥယျာဉ်ခြံများနှင့် ပတ်သက်၍ မည်သို့မည်ပုံ အရေးယူဆောင်ရွက်မည်ကိုသိရှိလိုသည်။ ဒေသခံများလုပ်ကိုင်စားသောက်နေသော မြေများ၊ လုပ်ကိုင်ဆောင်ရွက်ဆဲမြေများနှင့် ချန်သင့်သည်တို့ကိုသတ်မှတ်ချန်လှပ်ပါမည်။ သို့သော် မြေမှန်သမျှ စိုက်ပျိုးမြေလုပ်လို့မရ၊ မြေဆီလွှာထိန်းသိမ်းရေး၊တောင်နံရံကမ်းပါးတွေအပါအဝင် မြေပြိုကျမှုထိန်းသိမ်းရေး၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် လိုအပ်ပုံနှင့် သူတို့နှင့်လက်လှမ်းမီသည့်ဒေသတွင်းတချို့မှာ မြေပြို တောင်ပြိုတာကို နမူနာပြရင်း ရှင်းပြရသည်။

(စကားချပ်။ သစ်တောမြေအဖြစ်ဖွဲ့စည်းသတ်မှတ်ရန် ရည်ရွယ်သောအခါ မြေပြင်နှင့်မြေပုံတိုက်ဆိုင်ပြီး ချန်လှပ်ရမည့်/ ချန်လှပ်သင့်သည့် ဧရိယာတို့ကို အစကတည်းကချန်လှပ်ပြီးမှသာ မြေပုံရေးဆွဲပြီး ရည်ရွယ်ကြောင်း အဆိုပြုလွှာ တင်ပြခြင်းဖြင့် ဒေသခံတို့ဘက်မှ စိုးရိမ်စိတ်လျော့ပါးသလို ကြေးတိုင်လုပ်ငန်းများလည်း လျင်မြန်လွယ်ကူစွာ ပြီးမြောက်နိုင်သည်။ ထိုသို့ဖြစ်စေရန်မှာ ရည်ရွယ်ကြောင်း အဆိုပြုလွှာ မတင်မီ မြို့နယ် ထွေ/ အုပ် အပါအဝင် သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ဆွေးနွေးညှိနှိုင်းဆောင်ရွက်သင့်ပေသည်)

ဆက်လက်ဖော်ပြပါမည်-

PDF Compressor Free Version



# လူတိုင်း အနာဂတ်လှပဖို့ ရေချွေတာသုံးစွဲစို့

အေးအေးသန်း (ဦးစီးအရာရှိ)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ကမ္ဘာ့မြေမျက်နှာပြင်သည် ကုန်းမြေနှင့်ရေပြင်များဖြင့် ဖွဲ့စည်းထားကြောင်း သိရှိထားပြီးဖြစ်ပါသည်။ ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၁ ရာခိုင်နှုန်းကို ဖုံးလွှမ်းထားသောရေထုသည် ပင်လယ်သမုဒ္ဒရာထဲ၌ ၉၆ ဒသမ ၅ ရာခိုင်နှုန်း တည်ရှိပြီး အန္တာတိကနှင့် ဂရင်းလန်းဒေသများတွင် ရေခဲပြင်၊ ရေခဲတောင်များအနေဖြင့် ၁ ဒသမ ၇ ရာခိုင်နှုန်း၊ လေထုနှင့် တိမ်တိုက်များထဲ၌ ရေခိုး၊ ရေငွေ့၊ မိုးတိမ်အနေဖြင့် ၀ ဒသမ ၀၀၁ ရာခိုင်နှုန်း၊ မြေအောက်ရေသတ္တုသိုက်အနေဖြင့် ၁ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးတည်ရှိနေပါသည်။ သို့သော် များပြားသည့် ရေထုထဲတွင် လူသားများနှင့် သက်ရှိသတ္တဝါများသောက်သုံးရန် သန့်စင်သည့် ရေပမာဏသည် ၂ ဒသမ ၅ ရာခိုင်နှုန်းသာရှိပြီး ချောင်း၊ မြစ်၊ ရေကန်နှင့် လေထုထဲ၌သာ တွေ့ရှိရပါသည်။ တချို့မှာ မြေအောက်မှာရှိသည့် ရေသယံဇာတများပင် ဖြစ်ပါသည်။

လူသားများသည် ရေကို နေ့စဉ်သောက်ပြီး အားဖြည့်ရပါသည်။ လူ၏ ခန္ဓာကိုယ်ကို ရေထု ၃ ပုံ ၂ ပုံနှင့် ဖွဲ့စည်းထားပြီး ဦးနှောက်၏ ၉၅ ရာခိုင်နှုန်း၊ သွေး၏ ၈၂ ရာခိုင်နှုန်းနှင့် အဆုတ်၏ ၉၀ ရာခိုင်နှုန်းကို ရေဖြင့်ဖွဲ့စည်းထားကာ ရေခန်းခြောက်သွားလျှင် လူသည် အသက်ရှင်ရန် ခဲယဉ်းမည်ဖြစ်ပါသည်။ မြေပေါ်မြေအောက်ရေများသည် ကမ္ဘာကြီး၏အပူရှိန်ကို ထိန်းညှိပေးနိုင်ပြီး လူသားများ၏ ခန္ဓာကိုယ်ကိုလည်း အပူချိန်ညီညွတ်မျှတအောင် ထိန်းသိမ်းပေးနိုင်သည်။ ထိုမျှမက ခန္ဓာကိုယ်ထဲရှိ အာဟာရပစ္စည်းများ၊ အောက်ဆီဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ဟော်မုန်းများ၊ အညစ်အကြေးများကို တစ်နေရာမှ တစ်နေရာသို့ သယ်ဆောင်ပေးသည့် အရာသည်လည်း ''ရေသာလျှင်''ဖြစ်ပါသည်။ ရေ၏ အခြားလုပ်ဆောင်ချက်များမှာ ခန္ဓာကိုယ်ထဲသို့ ရောက်ရှိလာသော အစားအစာများအား ခွန်အားအဖြစ် ပြောင်းလဲပေးခြင်း၊ ခန္ဓာကိုယ်ထဲမှ ပိုလျှံပြီးမလိုလားအပ်သော အရည်များနှင့် အဆိပ်အတောက်များကို ဆီး၊ ဝမ်း၊ သွေး၊ ချွေး၊ ချွဲ၊ သလိပ်အဖြစ် စွန့်ထုတ်ပေးခြင်း၊ အသက်ရှူမှုကို အထောက်အပံ့ဖြစ်စေခြင်း၊ အရိုးအဆစ်များ ပွန်းပဲ့တိုက်စားခြင်းမှ သက်သာစေခြင်း၊ ခန္ဓာကိုယ်တွင်း ဆဲလ်များကို အောက်ဆီဂျင်မပြတ်လပ်အောင် ထိန်းသိမ်းပေးခြင်း၊ သက်လုံကောင်းစေခြင်း၊ ခေါင်းကိုက်ရောဂါသက်သာခြင်း၊ ပင်ပန်းနွမ်းနယ်မှုကို ပြေပျောက်စေကာ စိတ်ကြည်လင်လန်းဆန်းစေခြင်း၊ အမောအပန်းခံနိုင်ပြီး လေ့ကျင့်ခန်းကြာကြာလုပ်နိုင်ခြင်း၊ အသားအရေကောင်းမွန်ပြီး၊ အရွယ်တင်နုပျိုစေခြင်း၊ ဝက်ရူးပြန်၊ တီဘီ၊ ပန်းနာရင်ကျပ်၊ ကျောက်ကပ်၊ လည်ချောင်းနာ၊ ဝမ်းချုပ်၊ လိပ်ခေါင်းရောဂါတို့ကိုသက်သာစေခြင်း၊ အမြင်အာရုံတိုးတက်ကောင်းမွန်စေခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုပြုလုပ်နိုင်ခြင်း၊ ရေကူးနိုင်ခြင်းစသည်ဖြင့် ဘက်စုံကောင်းကျိုးပြုနိုင်ပါသည်။ ထို့ပြင် ကမ္ဘာ့စီးပွားရေးကဏ္ဍအသီးသီးတွင် ရေသည် အရေးပါသောသယံဇာတအနေဖြင့် အဓိကပါဝင်ပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် ရေကို ၇၀ ရာခိုင်နှုန်းခန့် သုံးစွဲရပါသည်။ ရေသည် လူများ၏ စားနပ်ရိက္ခာဖြစ်သည့် ငါးနှင့် ရေသတ္တဝါများ ပေါက်ဖွားကြီးပြင်းလာသည့် ဒေသရပ်ဝန်းကြီးဖြစ်ပါသည်။ လှေ၊ သင်္ဘောများ အလွယ်တကူကုန်စည်ပို့ဆောင်နိုင်ရန် ချောင်းများ၊ မြစ်များ၊ ပင်လယ်၊ သမုဒ္ဒရာများထဲတွင်ရှိသည့် ရေသည် အဓိက ကြားခံပစ္စည်းတစ်ခုအနေဖြင့် အရေးပါပါသည်။ မြို့ကြီးများနှင့် ကျေးလက်ဒေသများတွင် ရေကို အဓိကသောက်သုံးရန်၊ ချက်ပြုတ်ရန်၊ လျှော်ဖွပ်ရန် သုံးကြပါသည်။ မြစ်ချောင်း၊ ရေကန်၊ အင်း

အိုင်၊ ရေတံခွန်၊ ပင်လယ်များသို့လည်း သွားရောက်အပန်းဖြေကြပါသည်။ အစားအသောက်များကို ရေရှည်ခံနိုင်ရန်ပြုပြင်သည့်နေရာတွင် ရေသည် မပါမဖြစ် အရေးကြီးပြီး

PDF Compressor Free Version

သဘာဝကြောင့်ဖြစ်စေ၊ လူတို့၏ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ ဖြစ်ပေါ်လာသော မီးလောင်မှုကို ငြိမ်းသတ်ရာ၌လည်း ရေကို အဓိကသုံးစွဲရပါသည်။ ပျော်ပွဲရွှင်ပွဲအနေဖြင့်လည်း မြန်မာနိုင်ငံတွင် နှစ်သစ်ကူးအတာသင်္ကြန်တွင် ရေပက်ဖျန်း၍ ဆော့ကစားကြခြင်း၊ ကုသိုလ်ယူရန်အတွက်လည်း ကဆုန်လတွင် ညောင်ရေသွန်းပွဲ ပြုလုပ်ကြခြင်း၊ တော်သလင်းလတွင် လှေလှော်ပြိုင်ပွဲများလည်း ကျင်းပရာတွင်လည်း ရေသည် အဓိကဖြစ်ပါသည်။ ထို့ကြောင့် ရေ၏အသုံးဝင်ပုံကို ''ရေအသက် တစ်မနက်''ဟု လည်းကောင်း၊ "No Water, No Life" ဟု တစ်သွယ် တင်စားကြပါသည်။

အထက်ပါ လူသားတို့အတွက် အသုံးဝင်လှသော ရေသည် ယခုမျက်မှောက်ကာလတွင် လူဦးရေ ထူထပ်ပေါ်များလာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်း စသည့် အကြောင်းအချက်များကြောင့် ရေလုံလောက်မှုမရှိခြင်း၊ ရေရှားပါးလာခြင်းများ ပေါ်ပေါက်နေရပါသည်။ ဆက်လက်၍ တိုးတက်နေသော ကမ္ဘာ့လူဦးရေကြောင့် ရေကို ပိုမိုလိုအပ်လာသည်ဟု ဆိုရာတွင် သောက်သုံးရေကိုသာ ပို၍လိုအပ်လာခြင်းမဟုတ်ပေ။




လူတို့စားသုံးရန် အစားအစာများ ထုတ်လုပ်သည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် စက်မှုလက်မှုကဏ္ဍတို့တွင်လည်း ရေသည် မပါမဖြစ်ချေ။ **လူတစ်ဦးလျှင် အိမ်သုံးအတွက် တစ်ရက်လျှင် အနည်းဆုံး ၁၀ ဂါလန် လိုအပ်ပြီး၊** စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများ၌ လိုအပ်သော ရေပမာဏကို လူတစ်ဦးနှုန်းနှင့်တွက်ပါက အိမ်သုံးသက်သက်ထက် ငါးဆမှ အဆ ၂၀ အထိ လိုအပ်ပါသည်။ ကမ္ဘာ့လူဦးရေတိုးလာသောအခါ တစ်ဦးချင်းစီအတွက် ရနိုင်သော ရေပမာဏသည် ယုတ်လျော့လာပြီး လုံလောက်မှုမရှိကြောင်း တွေ့ရှိလာရပါသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲနေပြီး အနာဂတ်တွင်လည်း ဆက်၍ ပြောင်းလဲကာ လူနေမှုဘဝနှင့်သဘာဝပတ်ဝန်းကျင်ကို သက်ရောက်နေမည်ဖြစ်ရာ ယင်းဖြစ်စဉ်သည် ရေရရှိရေးနှင့် ရေအရည်အသွေးတို့ကိုပါ ထိခိုက်နေပါသည်။ ရေကြီး၊ မုန်တိုင်းတိုက်၊ မိုးခေါင်၊ အပူလွန်ကဲ စသည့် အစွန်းရောက်ရာသီဥတုဖောက်ပြန်မှုများ၏အကျိုးဆက်အဖြစ် ရေကောင်းရေသန့်လုံလောက်စွာမရသောအခါ ရသည့်ရေကို သောက်သုံးကြရသဖြင့် ရေနှင့်ဆက်နွှယ်သော ရောဂါများ ဖြစ်ပွားလာရပါသည်။ ရာသီဥတုပြောင်းလဲခြင်းကြောင့် ပိုမို ပြင်းထန်သည့် မုန်တိုင်းတိုက်ခြင်း၊ ရေကြီးခြင်းတို့ကြောင့် ရေဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သော ရေလှောင်ကန်များ၊ ရေနှင့်ရေဆိုးသန့်စင်စက်ရုံများ၊ ရေစက်၊ အဝီစိတွင်း၊ ရေသယ်ပို့ဖြန့်ဝေသွယ်တန်းသည့် ပိုက်လိုင်းစနစ်များ ချို့ယွင်းပျက်စီးလာပါသည်။ ရေအရင်းအမြစ်ရှိပါလျက် ယင်းအဆောက်အအုံတို့ပျက်စီးခြင်း၊ ချို့ယွင်းခြင်း၊ ကောင်းစွာ အလုပ်မလုပ်ခြင်းစသည်တို့ကြောင့် ရေလုံလောက်စွာမရသည့်အခါ စီးပွားရေးနှင့် ဆက်နွှယ်သော ရေရှားမှုများ ပေါ်ပေါက်လာရပါသည်။

ရေရှားပါးလာမှုဖြစ်ပေါ်လာရခြင်း၏ အဓိကအချက်တစ်ချက်သည် သစ်တော၊ သစ်ပင်များပြုန်းတီးခြင်းပင်ဖြစ်သည်။ တိုးတက်လာသော ကမ္ဘာ့လူဦးရေအတွက် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် စိုက်ပျိုးမြေများတိုးချဲ့ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ တောင်ယာခုတ်ထွင်ရှင်းလင်း၍ မီးရှို့ခြင်းတို့ ပြုလုပ်လာကြသည်။ ''ဥတုရာသီတောကိုမှီ၏'' ဟူသောဆိုရိုးနှင့်အညီ သစ်ပင်ခုတ်၍ သစ်တောပြုန်းတီးလျှင် ရာသီဥတု ပူပြင်းလာပြီး ရေခန်းခြောက်ရှားပါးမှုများ ကြုံတွေ့လာရသည်။

စာမျက်နှာ (၃၃) သို့


PDF Compressor Free Version

# ဧကကွဲဝဆွဲနောက်ပတ်ရွဲ...

ထွန်းလှိုင် (BFS 73-75)

၁၉၇၈ ခုနှစ်လောက်ကပါ၊ သစ်တောဝန်ထမ်းများ၏အဓိကသစ်တောလုပ်ငန်းတစ်ခုဖြစ်ပြီး ရာသီချိန်မီလုပ်ရသည့် ကျွန်းသင်းသတ်အလုပ်တွက် လိုအပ်သည့် စာရွက်စာတမ်း မြေပုံများစုဆောင်းပြီးပြီ၊ အလုပ်လုပ်ရမည့်နေရာက နတ်တလင်းမြို့နယ်၊ ပဲခူးရိုးမရှိ တောင်ညိုကြိုးဝိုင်း ပန်းညိုကြီးချောင်းဝန်းကျင်မှာ သင်းသတ်ခေါင်းဆောင် ကျွန်တော် တောအုပ်မောင်ဖိုးထွန်းနဲ့ တွဲပေးတဲ့တောခေါင်း နှစ်ယောက်ထဲမှာတစ်ယောက်က တောခေါင်းအသစ်စက်စက်၊ သစ်တောဝန်ထမ်းတွေနဲ့ မစိမ်းလှတဲ့ သစ်တောရုံး အကူရာထူးကနေ တောခေါင်းရာထူးနဲ့ အခုမှ တောတောင်တွေထဲ ရောက်ဖူးမည့်သူ၊ လူပုံက ဖြူနွဲ့နွဲ့နဲ့ လူဖလံလေး။

ဆောင်းရာသီ မနက်စောစော ကျွန်တော် မောင်ဖိုးထွန်းနဲ့အဖွဲ့ကို သစ်ထုတ်ရေးက တီအီးဟီးနိုးကားကြီးနဲ့ ပေါင်းတည်မြို့အရှေ့ဘက်မိုင်နှစ်ဆယ်ကျော်ဝေးတဲ့ ကြို့ပင်အိုင်ရွာထိ ပို့ပေးပါတယ်၊ အဲ့ကတဆင့် ဝန်စည်စလယ်တွေကို ကျွဲလှည်းတွေနဲ့သယ်ပြီး လူတွေက ကျောပိုးအိတ်ကိုယ်စီ ကျောပိုးကာ ရှစ်မိုင်လောက်ဝေးတဲ့ နတ်တလင်းမြို့နယ် ကွင်းကျယ်ရွာထိ ခြေလျင်ခရီးနှင်၊ ရွာကသိကျွမ်းခဲ့သူတစ်ဦးအိမ်မှာ ညအိပ်၊ နောက်တစ်နေ့ ကွင်းကျယ်ရွာကနေ တောတွေတောင်တွေကိုဖြတ်ပြီး ကျောက်ပြုတ်ရွာထိ တစ်နေ့တာကို ခြေလျင်ခရီးဆက် ညအိပ်စခန်းချ၊ နောက်တစ်ရက်မှာ ရွာတွေ လူနေ တောင်ယာတဲတွေ မရှိတဲ့ ရိုးမအတွင်း တောလမ်းခရီးအတိုင်း ရိက္ခာအပါအဝင် တောသုံးပစ္စည်းများကို လူငှါးတွေနဲ့ ထမ်းပြီး ပန်းညိုကြီးချောင်းအနီး ချီတက်လာရတာ နေ့လယ်လောက်မှ ကျွန်းသင်းသတ်မည့် စခန်းချမည့် နေရာကိုရောက်ပါရော၊

နှစ်ညအိပ်ခရီးနှင်ခဲ့တဲ့ ပဲခူးရိုးမအတွင်း ကျွန်းသင်းသတ်မည့် ပန်းညိုကြီးချောင်းအနီးက စခန်းချနေရာရောက်ရောက်ချင်း အိပ်ရာလိပ်၊ ကျောပိုးအိပ် ရိက္ခာသေတ္တာတွေ စုပုံထားပြီး ကျွန်တော်မောင်ဖိုးထွန်းဦးဆောင်တဲ့ သင်းသတ်အဖွဲ့မှာ ပါလာသူတွေက တဲထိုးဖို့ ဝါးခုတ်သူခုတ်၊ သစ်တုံး ရှာသူရှာ၊ သယ်သူသယ်၊ ထမင်းချက်ဖို့ ပြင်သူကပြင်၊ ထင်းခွေ၊ ရေခပ်၊ စခန်းတဲထိုးတဲ့ အလုပ်တွေကို အားလုံးကိုယ်စီ တက်ညီလက်ညီနဲ့ပေါ့။

မောင်ဖိုးထွန်းက ကိုယ်တိုင်လည်း ပါဝင်လုပ်၊ အလုပ်လုပ်နေသူတွေကိုကြည့်ရှုရင်း လိုက်လံကြီးကြပ်နေရ၏၊ အဲ့အချိန်မှာ စခန်းချမည့်နေရာနှင့် မလှမ်းမကမ်းရှိ ကျွန်းသစ်ငုတ်တိုအဟောင်းကြီးပေါ်မှာထိုင်ပြီး ငိုင်တွေတွေကြီးဖြစ်နေသူ တောခေါင်းအသစ်စက်စက်ကလေး မောင်လှချော (အမည်လွှဲ) ကို ထူးခြားနေသလိုမြင်တွေ့ရတော့ ဘာများဖြစ်လေမလဲဆိုတဲ့ စိုးရိမ်စိတ်နဲ့ ကျွန်တော်မောင်ဖိုးထွန်းလည်း လှချော ရှိရာသွားပြီး–

''ဟေ့ မောင်လှချော ဘာဖြစ်နေတာလဲ ဝါးတွေကူသယ်လေကွာ''

''ဆရာ့ကိုကျွန်တော် မေးစရာလေးတစ်ခုရှိတယ်'' ကျွန်တော်မောင်ဖိုးထွန်းအမေးကို လှချော ဘာမှပြန် မဖြေ


PDF Compressor Free Version

ဘဲ သူကတောင် မေးခွန်းတွေ ပြန်ထုတ်နေပါရော့လား၊ မောင်ဖိုးထွန်းလည်း ခရီးကပန်း အလုပ်ကမော၊ ဗိုက်လည်း ဆာနေတာကြောင့်–

''နောက်မှမေး မမှောင်ခင် စခန်းတဲအပြီးထိုးရမယ်၊ လာ လုပ်စရာရှိတာ ဝိုင်းဝန်းလုပ်မှပေါ့ကွ''

''ဆရာတို့ သင်းသတ်တာ ပင်ထောင်ရိုက်တာတွေ ဒီလိုပဲ အရမ်းပင်ပန်းတာလား''

မောင်ဖိုးထွန်းစကားကို ပေယျာလကန်ပြုပြီး သူမေးချင်တာကိုမေးလာတဲ့ လှချော၊ စခန်းတဲအတွက်လိုအပ်တဲ့နှီးဝါး (တင်းဝါးနှ) တစ်ပင်ကို ခုတ်အပြီး မောင်ဖိုးထွန်းက လှချောဖက် လှည့်ကာ–

''မိုးတွင်းမှာ ပင်ထောင်ရိုက်တဲ့ တောအလုပ်ဆို အခုလုပ်မယ့် ကျွန်းသင်းသတ် အလုပ်ထက် နှစ်ဆပိုပြီး ပင်ပန်းတယ်ကွ၊ တောထဲ မိုးထဲ လေထဲမှာအလုပ်ကပန်း၊ ငှက်ဖျားဖြစ်မှာစိုးနဲ့ အလုပ်လုပ်ရင်းသွားလာနေရင်း စခန်းနေရင်းတောင် ရုတ်တရက်ကြီး အရှိန်နဲ့ကျလာမယ့် တောင်ကျ ချောင်းရေကိုလည်းကြောက်ရသေးတယ်''

မောင်ဖိုးထွန်း စကားအဆုံး လှချောက သက်ပြင်းချပြီး–

''ဆရာရယ် ကျွန်တော်က ရုံးအကူလုပ်ရာက တောအုပ်တွေ တောခေါင်းတွေ ယူနီဖောင်းဝတ်ပြီး ရုံးလာကြတာမြင်ပြီး သူတို့တွေက အေးဆေးပါလားလို့ တွေးမိတာကြောင့် တောခေါင်းလုပ်ချင်လို့ ခရိုင်ရုံးက ဆရာတွေကိုပြောပြီး တောခေါင်းရာထူးယူခဲ့တာ ဒီလိုပင်ပန်းမယ်မှန်းသိရင် မလုပ်ပါဘူးဆရာရယ်''

မောင်ဖိုးထွန်းက ဖြတ်တောက်ထားတဲ့ နှီးဝါးအဆစ်များကို စုစည်းရင်း လှချောကို ကြည့်လိုက်တယ်၊ ဘာမှတော့ မပြောသေး၊ လှချောက –

''ကျွန်တော် ရုံးအကူပဲ ပြန်လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်ပြီဆရာ''

''လှချော၊ မင်းဘာသာမင်း ရုံးအကူပြန်လုပ်တာ နောက်မှ၊ အခုက တောခေါင်း၊ တောခေါင်းဆိုမှတော့ တောခေါင်းအလုပ်လုပ်ရမှာပဲ၊ အေး အခု လောလောဆယ်တော့ ငါဆစ်ထားတဲ့ နှီးဝါးအဆစ်စည်းတွေ ကူသယ်ပေး၊ ကြားလား''

မောင်ဖိုးထွန်း၏ လေသံမာမာစကားကြောင့် လှချောတစ်ယောက် ဝါးအဆစ်စည်းကို မသယ်ချင် သယ်ချင်ဖြင့် သယ်ကာ လှုပ်လီလှုပ်လဲ့ဖြင့် စခန်းဘက် ပြန်လျှောက်သွားလေရဲ့။

မောင်ဖိုးထွန်းနဲ့ အဖွဲ့လည်း ပန်းညိုကြီးချောင်းအနီးမှာ စခန်းချရင်း ကျွန်းသင်းသတ်အလုပ်တွေ လုပ်နေလေရဲ့၊ ဒီလိုနဲ့ ရက်သတ္တတစ်ပတ်ပြည့်တော့ တောတွင်းနေ့စဉ် ကျွန်းသင်းသတ်ပင် စာရင်းမှတ်စု S 32(a)တွေကို ပြုစုထားသည့် အပါတ်စဉ်စာရင်းချုပ်နှင့် တောတွင်းသင်းသတ်ဝန်ထမ်းများ၏ နေ့စဉ်မှတ်တမ်း (diary) တွေ သက်ဆိုင်ရာ ခရိုင်သစ်တောရုံး ပေးပို့ရတော့မည်။

အဲ့စာတွေကို မြို့ပေါ်ရှိ ခရိုင်သစ်တောရုံးပေးပို့ဖို့ သူတာဝန်ယူပါရစေလို့ လိုလိုချင်ချင် အရေးဆို တောင်းခံလာသူက တောခေါင်းအသစ်စက်စက်လေး မောင်လှချော၊ နောက်တစ်နေ့ နံနက်စောစောမှာ လှချောက နံနက်စာစား

PDF Compressor Free Version

ပြီး ရုံးစာများသေချာထုပ်ကာ ကျောပိုးအိတ်ထဲ ထည့်တယ်၊ ကျွန်းသင်းသတ်ဖို့ တောထဲမဝင်မီ မောင်ဖိုးထွန်းက လမ်းခရီးတလျှောက်တောကောင်များအန္တရာယ်နှင့် ခလုတ်ထိမည့် မတော်တဆအဖြစ်မျိုးမှအစ ဘာမှမဖြစ်အောင် အစစဂရုပြု သတိနှင့်သွားရန် လှချောကို သွန်သင်မှာကြားတယ်၊ ကျောပိုးအိတ် ကျောပိုးကာ စခန်းမှ ထွက်သွားသည့် မောင်လှချော နောက်ကျောပိုင်းကို မျက်စိတဆုံးနှင်းမှုံကြားထဲမှ ပျောက်ကွယ်သွားသည်ထိ ကြည့်နေသည်ကား မောင်ဖိုးထွန်း။

မြန်မာနိုင်ငံသစ်တောကျောင်းသင်တန်း အမှတ်စဉ်တိုင်းတွင် သင်တန်းသားများအား စိတ်ဓာတ်၊ စည်းကမ်း၊ ဝီရိယ၊ ပညာ၊ ဖွဲ့တည်းဟူသော ငါးလွှာသောမှတ်ကျောက်အတင်ခံနိုင်မှသာ သင်တန်းဆင်းပေးပြီး သစ်တောဦးစီးဌာနကြီး၏ ကျောရိုးသစ်တောဝန်ထမ်း (backbone forester) သတ်မှတ်တယ်ဆိုတာမသိ၊ သစ်တောဝန်ထမ်းတွေမှာ မရှိမဖြစ်လိုအပ်သည့်အခြေခံအကျဆုံး 'ဖွဲ့' တည်းဟူသော မှတ်ကျောက်တစ်ခုကိုပင် မကျော်ဖြတ်နိုင်သူ လှချော။

သစ်တောဝန်ထမ်းတွေအနက် ရာထူးအမည်မှာ 'တော' ပါတဲ့ တောကြပ်၊ တောခေါင်း၊ တောအုပ်၊ တောအုပ်ကြီးတွေဆိုတာ တောတွင်းမြေပြင်မှာ သစ်တောအလုပ်တွေကို အခြေခံကျကျ လက်တွေ့ကျကျ စနစ်ကျကျ အပတ်တကုတ်လုပ်ရသူတွေပါလားလို့ အနှစ်သာရကို မကြည့်၊ အပေါ်ယံတူညီဝတ်စုံ (Uniform)ဆိုတဲ့ အသွင်သဏ္ဌာန်လောက်တာမြင်တတ်တဲ့ လှချော၊ တောခေါင်းဖြစ်စ အဓိကကျသောသစ်တောလုပ်ငန်း ကျွန်းသင်းသတ်အလုပ်မှာ လိုက်ပါလာရပြီး ပင်ပန်းမှုဒဏ်မခံနိုင်၊ သင်ယူမှုလေ့လာမှု အားနည်းသူ မောင်လှချော၊ နောင်တစ်ချိန်မှာ သစ်တောဝန်ထမ်းကောင်း အဘယ်သို့ ဖြစ်နိုင်အံ့နည်း၊ မောင်လှချောအကြောင်းတွေးမိတိုင်း ကျွန်တော် တောအုပ်မောင်ဖိုးထွန်း သက်ပြင်းရှည်ကြီးချမိတယ်။

ပဲခူးရိုးမ တောင်ညိုကြိုးဝိုင်းထဲက တောတွင်းပန်းညိုကြီးချောင်းစခန်းသို့ မောင်လှချော တစ်ယောက်ပြန်လာလေမလားရယ်လို့ မောင်ဖိုးထွန်း မမျှော်မိတော့ပါ၊

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင်**
**စိမ်းစိုလှပ ကြည်နူးရ၏။**

*စာမျက်နှာ (၃၀) မှအဆက်*

လူဦးရေတိုးတက်မြို့တိုးတက်နေသော ကမ္ဘာကြီးသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် ရေရှားပါးလာပါသဖြင့် စိုက်ပျိုးသူ၊ ထုတ်လုပ်သူ၊ ရောင်းချသူ၊ သုံးစွဲသူများပါဝင်သည့် ရေသုံးစွဲမှုဖြစ်စဉ်ကွင်းဆက်တွင် လူသည်နောက်ဆုံးသုံးစွဲသူဖြစ်သည့်အတွက် လူတိုင်းရေချွေတာသုံးစွဲကြဖို့ အရေးကြီးလှပါသည်။ ရေအသုံးချွေတာခြင်းသည် ရေအရင်းအမြစ်အသစ်တစ်ခုကို ရှာဖွေတွေ့ရှိခြင်းနှင့် အလားတူပင်ဖြစ်သည်။ ဥပမာ–မျက်နှာသစ်နေချိန်တွင် ရေပိုက်ခေါင်းကို တောက်လျှောက်ဖွင့်ထားမည့်အစား ဆပ်ပြာဖြင့်မျက်နှာကိုပွတ်နေခိုက်တွင် ပိတ်ထားနိုင်လျှင်ပင် လူတစ်ဦးတစ်ရက်လျှင် တစ်ဂါလန်၏ လေးပုံတစ်ပုံခန့်သောရေတို့ကို ချွေတာလိုက်နိုင်သည်။ ထို့အတူ စားသောက်ပြီးသော အိုးခွက်ပန်းကန်များ ဆေးကြောရာတွင် ဆပ်ပြာတိုက်နေစဉ်ရေကိုပိတ်ထားခြင်း၊ အဝတ်လျှော်သည့်ရေများကို သွန်မပစ်ဘဲ အပင်ရေလောင်းခြင်း၊ မိုးရေကိုစုဆောင်းထားခြင်း၊ ပန်းပင်လေးများကို နေအေးသည့်အချိန်ရေလောင်းခြင်း၊ အဝတ်များကို တစ်ထည်ချင်း မလျှော်ဖွပ်ပဲ စုပြီးလျှော်ခြင်း၊ လမ်းသွားရင်း ရေပိုက်ပေါက်ပြီး ရေစိမ့်ထွက်နေသောနေရာအား တွေ့ခဲ့ပါလျှင် နီးရာမြို့တော်စည်ပင်သာယာရေးဌာနသို့ အကြောင်းကြားခြင်းစသည့် လုပ်ငန်းလေးများကို လုပ်ဆောင်ရင်း ရေကိုချွေတာသင့်ပါသည်။

အထက်ဖော်ပြပါ လုပ်ဆောင်ချက်များကို လူတိုင်းလိုက်နာကျင့်သုံးကြပါလျှင် ဂါလန်သန်းရာပေါင်းများစွာသော ရေအတွက် အရင်းအမြစ်အသစ် ရှာစရာမလိုအပ်ဘဲရှိပြီးဖြစ်သည့် ရေအရင်းအမြစ်နှင့် ပြေလည်နေပါလိမ့်မည်။ ရေချွေတာခြင်းသည် မိမိကိုယ်တိုင် အပါအဝင် လူသားတစ်ရပ်လုံး၏အနာဂတ်အတွက် အရေးပါလှကြောင်း လူတိုင်း၏နှလုံးသားတွင် စွဲမြဲစွာ လက်ခံ၊ ယုံကြည်၊ လိုက်နာကျင့်သုံးနိုင်စေရန် အထူးလိုအပ်ကြောင်း တိုက်တွန်းအပ်ပါသည်။

**မှီငြမ်းကိုးကား**

http://htwettoe.com/article-details/news/14976395/

(၂၃.၂.၂၀၁၈)ရက်နေ့ ကြေးမုံသတင်းစဉ်ပါ
စောမိုးမြင့်(သတ္တုတွင်း)၏ ကမ္ဘာ့ရေနေ့ဆောင်းပါး။
စာရေးဆရာကျော်ဦး၏ ရေကြည်တစ်ပေါက်စာအုပ်။

**မိုးပေါ်ကရေ မြေပေါ်တော**
**မိုးရေကို ငွေလိုစု ရွှေဥတဲ့တော။**



PDF Compressor Free Version

# တောဆင်ရိုင်းနှင့် အိမ်မွေးဆင်များ ထိန်းသိမ်းစောင့်ရှောက်ရေး

# စီမံကိန်းနှင့်စာရင်းအင်းဌာန

ဥက္ကာ
ညွှန်ကြားရေးမှူး
စီမံကိန်းနှင့်စာရင်းအင်းဌာန

ဆင်သည် ကမ္ဘာပေါ်ရှိကုန်းနေနို့တိုက်သတ္တဝါများတွင် အကြီးဆုံးဖြစ်သည်။ လက်ရှိအချိန်တွင် အာရှဆင်မျိုးနှင့် အာဖရိကဆင်မျိုး (၂) မျိုးသာ ကျန်ရှိတော့သည်။ ဆင်တစ်ကောင်သည် တစ်နေ့လျှင် သစ်ကိုင်းသစ်ရွက် ငယ်၊ ဝါးနု၊ တောငှက်ပျော၊ သစ်ခေါက်နှင့် နွယ်များ ပိဿာချိန် (၂၀၀)မှ (၂၅၀)ခန့်နှင့် ရေဂါလံ ၃၀ ခန့် စားသောက်သည်။ များသောအားဖြင့် နံနက်နှစ်နာရီမှ လေးနာရီခန့်အထိ အိပ်စက်တတ်သည်။

ဆင်သက်တမ်းမှာ လူ၏သက်တမ်းကဲ့သို့ နှစ်တစ်ရာသက်တမ်း၌ ရှိသည်။ ဆင်တစ်ကောင်သည် (၁၅) နှစ်သားအရွယ်တွင် စတင်မိတ်လိုက်သည်။ အသက် (၂၅) နှစ်မှ ၄၅ နှစ်အရွယ်အထိ အရွယ်ကောင်းဖြစ်ပြီး အသက် (၇၀) ကျော်ပါက အိုပြီဟုသတ်မှတ်သည်။ ကိုယ်ဝန်ဆောင်ကာလ (၂၀) လခန့်ရှိပြီး ဆင်ကလေး (၂)နှစ်သားအထိ စောင့်ရှောက်တတ်သဖြင့် လေးနှစ်တစ်ကြိမ်ခန့် ကိုယ်ဝန်ဆောင်သည်ဟု ဆိုနိုင်သည်။

၂၀၁၈ ခုနှစ် သစ်တောဥပဒေတွင် အိမ်မွေးတိရစ္ဆာန်ဆိုသည်မှာ လူတို့မွေးမြူထားသော တိရစ္ဆာန်များကို ဆိုလိုသည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသဖြင့် သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ပုဂ္ဂလိကနှင့် တိရစ္ဆာန်ရုံများ၌ မွေးမြူထားသည့်ဆင်ဖြူတော်၊ ဆင်မဲ စသည့် ဆင်အားလုံးသည် အိမ်မွေးတိရစ္ဆာန်များဖြစ်သည်။ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၆၉၀/၂၀၂၀ (၄-၃-၂၀၂၀)ဖြင့် သစ်တောဥပဒေ ပုဒ်မ ၁၉(က) အရ မြန်မာတစ်နိုင်ငံလုံးတွင် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ(နို့တိုက်သတ္တဝါ)စာရင်းတွင် ဆင်ပါဝင်သည်။ ထို့အပြင် အမိန့်ကြော်ငြာစာ အမှတ် ၆၉၁/၂၀၂၀ (၃-၆-၂၀၂၀) သစ်တောဥပဒေပုဒ်မ ၁၉(က) အရ မျိုးဆက် ပျက်သုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအနက် စီးပွားရေးအလို့ငှါ မွေးမြူခြင်းပြုနိုင်သော တောရိုင်းတိရစ္ဆာန်အမျိုးအမည်များ စာရင်းတွင် ဆင်ပါဝင်သည်။

မြန်မာနိုင်ငံတွင် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေ၊ နည်းဥပဒေများတွင် ဆင်များထိန်းသိမ်းကာကွယ်ခြင်းနှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်များကို ကျယ်ကျယ်ပြန့်ပြန့်ထည့်သွင်းခဲ့ပါသည်။

၁၈၇၉ – ဆင်ထိန်းသိမ်းရေး အက်ဥပဒေကို စတင်ရေးဆွဲခြင်း (Elephant Preservation Act)

၁၈၈၃ – ဆင်ထိန်းသိမ်းရေးအက်ဥပဒေကို ထုတ်ပြန်ခြင်း





*Crd photos*

- ၁၉၀၂ – သစ်တောအက်ဥပဒေ (Burma Forest Act)
- ၁၉၁၂ – တောရိုင်းငှက်နှင့် တိရစ္ဆာန်များ ကာကွယ်ရေး အက်ဥပဒေ (The Wild Bird and Animals Protection Act)

PDF Compressor Free Version

- ၁၉၃၆ – မြန်မာ့တောရိုင်းတိရစ္ဆာန်များ ကာကွယ်ရေး အက်ဥပဒေ (The Wildlife Protectoin Act)
- ၁၉၄၁ – မြန်မာ့တောရိုင်းတိရစ္ဆာန်များ ကာကွယ်ရေး နည်းဥပဒေ
- ၁၉၅၆ – မြန်မာ့တောရိုင်းတိရစ္ဆာန်များ ကာကွယ်ရေး ဥပဒေကို ပြင်ဆင်သည့် အက်ဥပဒေ (Burma Wildlfe Protection Act) (၁၉၃၆ ခုနှစ် ဥပဒေနှင့် ၁၉၄၁ နည်းဥပဒေများကို ပေါင်းစပ်၍ ပြုပြင်ရေးဆွဲခြင်း)
- ၁၉၉၄ – တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (Protection of Wildlife, Wild Plants and Conservation of Natural Areas Law)
- ၂၀၀၂ – တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးနည်းဥပဒေ
- ၂၀၁၈ – ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ ဥပဒေ(The Conservation of Biodiversity and Protected Areas Law)

တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအစီအစဉ် (Re-establishing Natural Habitats -RNH)ကို (၂၀၁၉–၂၀၂၀ မှ ၂၀၂၈–၂၀၂၉ အထိ) ဥယျာဉ်ဘေးမဲ့တော (၁၉) ခု တို့တွင် ရေးဆွဲကျင့်သုံးလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် မတ်လကုန်အထိ အမျိုးသားဥယျာဉ်နှင့် တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော (၆၂) ခု ဧရိယာ (၁၀,၇၅၇,၇၅၃.၁၂) ဧက တည်ထောင်ထားပြီး ဖြစ်ပါသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဝင်း အတွင်းရှိ သဘာဝ သမိုင်းပြတိုက်တွင် WWF (World Wide Fund) အဖွဲ့၏ အကူအညီဖြင့် မြန်မာ့ဆင်ပြတိုက်ကို (၃–၃–၂၀၁၉) ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ရှေးမြန်မာဘုရင်များလက်ထက်တွင် ဆင်များကို ဖမ်းဆီး၍ မင်္ဂလာဆင်တော်များ၊ တိုက်ဆင်များအဖြစ် အသုံးပြုခဲ့ကြပါသည်။ မြန်မာ့ဆင်များကို သမိုင်းမှတ်တမ်းများအရ အေဒီ(၁၀၄၄) ပုဂံခေတ် အနော်ရထာဘုရင်လက်ထက်မှ စတင်အသုံးပြုခဲ့ကြကြောင်း၊ လေးလံသော အရာဝတ္ထုများဆွဲရာတွင် လည်းကောင်း၊ စစ်အင်္ဂါလေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ဆင်တပ်ကို ဖွဲ့စည်းရာတွင်လည်းကောင်း အသုံးပြုခဲ့ကြပါသည်။ သစ်လုပ်ငန်းများတွင် ဆင်အသုံးပြုခဲ့သော သမိုင်းကြောင်းမှာ အေဒီ ၁၈၀၈ ခု ကုန်းဘောင်ခေတ်မှ စတင်ခဲ့ကြောင်း သိရှိရပါသည်။ ၁၈၅၆ ခုနှစ်မှစ၍ မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းစနစ်ကိုသတ်မှတ်ခဲ့ရာ ယင်းစနစ်ကို အထောက်အကူပြုရန်အတွက် စက်ယန္တရားများအစား ဆင်ဖြင့် သစ်ထုတ်ခြင်းဖြစ်ပါသည်။ ဆင်ဖြင့် သစ်ထုတ်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို မပျက်စီးစေကြောင်းတွေ့ရှိရပါသည်။ ထို့အတွက် ဆင်ရိုင်းများကို ဖမ်းဆီးမွေးမြူ လေ့ကျင့် အသုံးပြုခဲ့သည့် ရှည်လျားသောကာလရှိခဲ့သဖြင့် ဆင်ရိုင်းအရေအတွက်ထက် အိမ်မွေးဆင်အရေအတွက် ပိုမိုများပြားပြီး ဆင်ရိုင်းမွေးမြူလေ့ကျင့်ရေးဆိုင်ရာ အသိပညာများ အတွေ့အကြုံများ ခိုင်မာစွာရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အိမ်မွေးဆင်များသည် နိုင်ငံ့တာဝန်ကို သမိုင်းအစဉ်အဆက် ထမ်းဆောင်ခဲ့ကြကြောင်း၊ မြန်မာလူမျိုးများသည် တောဆင်ဖမ်းဆီးခြင်းအတတ်ပညာ၊ လေ့ကျင့်ခြင်းအတွေ့အကြုံ၊ အတတ်ပညာ၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းအတတ်ပညာ၊ ထိန်းချုပ်ခိုင်းစေခြင်းအတတ်ပညာများတွင် ထူးချွန်စွာ စွမ်းဆောင်နိုင်ကြသူများအဖြစ် မှတ်တမ်းတင်ခဲ့ကြပါသည်။

မြန်မာ့အိမ်မွေးဆင်များတွင် ဆင်ဖြူတော်များသည်လည်း ထူးခြားသည့် ကြန်အင်လက္ခဏာများကြောင့် အထူးအလေးပေးခံခဲ့ကြရပါသည်။ ၅၅၀ နိပါတ်တော်တွင် ဝေသန္တရာမင်းကြီးသည် ဆင်ဖြူတော်အား တိုင်းတစ်ပါးသို့ လှူဒါန်းခဲ့သဖြင့် ပြည်နှင်ဒဏ်ပေးခံခဲ့ရပါသည်။ အထူးအဆန်းများ ပြသသူ အမေရိကန်နိုင်ငံသား ပီတီဘားနင်းသည် သီပေါမင်းထံမှ ဆင်ဖြူတော်အား ဒေါ်လာ (၂၅၀,၀၀၀) ဖြင့် ဝယ်ယူခဲ့ပါသည်။ အဆိုပါ ဆင်အား "တောင်တလုံး"ဟုခေါ်ပြီး ၁၈၈၄ ခုနှစ်၊ မတ်လ (၂၈)ရက်နေ့တွင် မန္တလေးမြို့၊ ဂေါဝိန်ဆိပ်ကမ်းမှ လန်ဒန်မြို့သို့ စတင်သယ်ဆောင်ခဲ့ပါသည်။ ထိုမှတစ်ဆင့် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့သို့ ဆက်လက်သယ်ဆောင်ခဲ့ပါသည်။ ယိုးဒယားမှ ဆင်ဖြူကျွမ်းကျင်သူများအား ခေါ်ယူစစ်ဆေးရာ ဆင်ဖြူတော်အမှန်အကန်ဖြစ်ကြောင်း ထောက်ခံခဲ့ကြပါသည်။ အင်းတော်ကြီးမြို့နယ်၊ မြန်မာ့

PDF Compressor Free Version

သစ်လုပ်ငန်း ဆင်မ မယ်စု(ဆင်မှတ်ပုံတင်–၈၂၄) မှ ဆင်ဖြူငယ်တစ်ကောင် မွေးဖွားခဲ့ပါသည်။ ၁၉၀၆ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ အကောင်ပေါင်း (၁၂၀) ခန့်ရှိသည့်အနက် သီပေါမင်း၏ ဆင်ဖြူတော်ကြီးတစ်ကောင် ပါရှိပါသည်။ အဆိုပါ ဆင်ဖြူတော်ကြီးမှာ ၁၉၁၀ ခုနှစ်တွင် မုန်ပြင်းထန်ပြီး လူများကို အန္တရာယ်ပြုသဖြင့် သေနတ်ဖြင့် ပစ်သတ်ခဲ့ပြီး တိရစ္ဆာန်ဥယျာဉ်အတွင်း၌ပင် မြှုပ်နှံခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အထိ ပေါ်ထွန်းလာခဲ့သော ဆင်ဖြူတော်ရတနာ (၁၀) စီးရှိပြီး ရန်ကုန်မြို့ မင်းဓမ္မကုန်းမြေအနီး၊ ရတနာဆင်ဖြူတော်ဥယျာဉ်တွင် ဆင်ဖြူအထီး(၁)စီး၊ အမ(၂)စီး၊ နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်ရှေ့ ဆင်ဖြူတော်ရတနာဆောင်တွင် ဆင်ထီး (၂)စီး၊ ဆင်မ (၅)စီးအား ထိန်းသိမ်းစောင့်ရှောက်ထားပါသည်။

သဘာဝတောများမှ တောဆင်ရိုင်းများ ဖမ်းဆီးခြင်းနှင့် ယဉ်ပါးအောင်မွေးမြူအသုံးပြုခြင်းကို သစ်တောဦးစီးဌာနတွင် ဆင်မှတ်ပုံတင်စာရင်းရေးသွင်းပြီး သဘာဝတောများအတွင်းမှ တောဆင်ရိုင်းကောင်ရေ လျော့ပါးခြင်း မရှိစေရန် စနစ်တကျဆောင်ရွက်လျက်ရှိပါသည်။ ၁၉၀၂ ခုနှစ်တွင် နိုင်ငံတော် အစိုးရသည် ကျုံးသွင်းနည်းဖြင့် ဆင်ဖမ်းခြင်းလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့ပါသည်။ ဝတ္တရားမကျေပွန်ခြင်း၊ အုပ်ချုပ်မှုညံ့ဖျင်းခြင်းနှင့်လုပ်ငန်းကျွမ်းကျင်မှုနည်းပါးခြင်းတို့ကြောင့် ဆင်အသေအပျောက်များသဖြင့် ၁၉၀၈ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ပါသည်။ ကုန်ကျစရိတ်မကာမိသဖြင့် ၁၉၁၁ ခုနှစ်တွင် လုပ်ငန်းအားလုံး ရပ်ဆိုင်းခဲ့ပါသည်။ ထို့ကြောင့် ၁၉၁၁ ခုနှစ်မှ စ၍ ပုဂ္ဂလိကတို့အား လိုင်စင်စနစ်ဖြင့် ဆင်ဖမ်းဆီးခွင့်ပြုခဲ့ပါသည်။ ဖမ်းဆီးရမိဆင်များကို လေ့ကျင့်စဉ် ဆေးဝါးမလုံလောက်ခြင်း၊ အပြင်းအထန်လေ့ကျင့်သင်ပြပေးခြင်းတို့ကြောင့် ထက်ဝက်ခန့်သေဆုံးခဲ့ရပါသည်။ ၁၉၀၂ ခုနှစ်မှ ၁၉၁၁ ခုနှစ်အထိ အစိုးရဖမ်းဆင် ၁၅၅၆ကောင်၊ ၁၉၂၀ မှ ၁၉၂၅ အထိ ပုဂ္ဂလိကဖမ်းဆင် ၃၂၆၃ ကောင်ရှိခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။

၁၉၄၇ ခုနှစ် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၃(၁–၈) ဖြင့် အပ်နှင်းထားသော အာဏာကို သုံးစွဲလျက် နိုင်ငံတော်သမ္မတ ပြဋ္ဌာန်းလိုက်သော ''၁၉၅၁ ခုနှစ် ဆင်များမှတ်ပုံတင်ရေး အမိန့်'' အပိုဒ် ၉ ၌ ခွင့်ပြုထားသော လုပ်ပိုင်ခွင့်များနှင့်အညီ ဆင်များ မှတ်ပုံတင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရမည်။ မြို့နယ်အတွင်းရှိ ဆင်စာရင်းကောက်ယူခြင်းနှင့် ဆင်မှတ်ပုံတင်ခြင်းဆောင်ရွက်ရာတွင် မှတ်ပုံမတင်ရသေးသည့် ဆင်များ မရှိရလေအောင် မြို့နယ် တာဝန်ခံတစ်ဦးအနေဖြင့် ဆင်မှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ ကြေညာစာကို ထုတ်ပြန်ရာ၌ တာဝန်ယူလုပ်ကိုင်ရသော မြို့နယ်နှင့် ပူးတွဲမြို့နယ်များအတွင်းနေထိုင်ကြသော အများပြည်သူများသိရှိနားလည်စေရန် ဆင်များတိုင်းထွာ စစ်ဆေးမည့်နေရာ၊ နေ့ရက်၊ ယူဆောင်လာရမည့် ထောက်ခံချက်၊ စာရွက်စာတမ်းပိုင်ဆိုင်ခွင့် အထောက်အထားများကို ဖော်ပြရပါမည်။ ဆင်များမှတ်ပုံတင်ရန် အခွင့်အလမ်းရှိပါလျက် မှတ်ပုံမတင်ရသေးသော ဆင်များတွေ့ရှိရပါက ၁၉၅၁ ခုနှစ် ဆင်များမှတ်ပုံတင်ရေးအမိန့်အရ အရေးယူရပါမည်။

သစ်တောဦးစီးဌာနမှ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်ကုန်အထိ သစ်တောဦးစီးဌာနပိုင်ဆင် (၆၉)ကောင်၊ မြန်မာ့သစ်လုပ်ငန်းပိုင်ဆင် (၃၃၇၉) ကောင်၊ ပုဂ္ဂလိကပိုင်ဆင် (၁၄၈၇)ကောင်၊ စုစုပေါင်း (၄၉၃၅) ကောင်အား ဆင်မှတ်ပုံတင်စာရင်းပြုလုပ်၍ လိုင်စင်ထုတ်ပေးထားပါသည်။ ပုဂ္ဂလိကပိုင်ဆင်များစာရင်းတွင် အလှူလှူသည့်ဆင်များလည်း ပါဝင်ပါသည်။ ဆင်ကလေးများ မွေးဖွားပြီး (၅)နှစ်သား အရွယ်ရောက်မှ မှတ်ပုံတင်ပြုလုပ်ပေးခြင်း၊ ဝေးလံခေါင်ပါးဒေသရှိ ပုဂ္ဂလိက ဆင်များအား မှတ်ပုံတင်ပြုလုပ်ပေးရန် ကျန်ရှိနေခြင်းတို့ကြောင့် အိမ်မွေးဆင်အရေအတွက်မှာ ယခုထက်ပိုမိုမည် ဖြစ်ပါသည်။ အိမ်မွေးဆင်များ မှတ်ပုံတင်ပြုလုပ်ရာတွင် ပိုမိုစနစ်ကျစေရန်၊ ဆင်မှတ်ပုံတင်များ Digital စနစ်ဖြင့် ထိန်းသိမ်းထားနိုင်ရန်၊ ဆင်နှင့်ဆင်မှတ်ပုံတင် လွဲမှားခြင်း၊ ပြောင်းလဲခြင်းမပြုလုပ်နိုင်ရန်၊ အိမ်မွေးဆင်များ သေဆုံးပါက တောဆင်များဖြင့် အစားထိုးခြင်းစသည့် မသမာမှုများအား ကာကွယ်တားဆီးနိုင်ရန်၊ မြန်မာနိုင်ငံရှိ အိမ်မွေးဆင်ကောင်ရေကို တိတိကျကျရရှိနိုင်စေရန် ရည်ရွယ်၍ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီးဌာနနှင့် Society for the Protection of Animals Abroad-SPANA, UK အဖွဲ့တို့ပူးပေါင်း၍ အိမ်မွေးဆင်များတွင် Microchip တပ်ဆင်ခြင်းစီမံချက်ကို အမျိုးသားစီမံကိန်းတစ်ရပ်အသွင်ဖြင့် ၂၀၁၉ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၄–၂၀၂၅ ခုနှစ် ဒီဇင်ဘာလကုန်အထိ ဆင်မှတ်ပုံတင်ပြုလုပ်ပြီး အိမ်မွေးဆင်(၄၉၃၅) ကောင်အနက် Microchip တပ်ဆင်ပြီး ဆင် (၂၄၉၅) ကောင်ရှိပါသည်။

ဆက်လက်ဖော်ပြပါမည်–

PDF Compressor Free Version



နွေဦးဂိမ်းမာန် ပန်းလိပ်ပြာနှင့်
ကျေးငှက်သတ္တဝါ စုံလင်စွာဖြင့်
သံစုံဟစ်ကြွေး အလှတေးများလည်းညီ
ကဗျာတေးများလည်း သီခဲ့။

တောတောင်ရယ် မြူတွေမှိုင်း
ရှု့တိုင်းဘဲ လှနေတာ
ရွက်ဟောင်းတွေကြွေ ရွက်သစ်ဝေလို့
ဝါး၊ သစ်ပင် ရွက်ကြွေကျ မြေခတဲ့ရာသီ။

သစ်ရွက်ကြွေသံ လေတိုးသံနှင့်
စမ်းချောင်းအထွေထွေ ရစ်ပတ်ခွေလို့
ရေတံခွန်စိမ့်စမ်း ကျောက်တန်းများနှင့်
မြင့်မားတောင်အများ စိမ်းစိုလန်းနေ
ကျိုက်ထီးရိုးမြေ။

ပန်းကုံကော် ပိတောက်ရယ်နှင့်
တောင်ပန်းရန့်တို့ လှိုင်လှိုင်ဝေ
နွယ်၊ မြက်၊ သစ်ပင် ဆေးဖက်ဝင်လို့
ချုံနွယ်၊ သစ်တော၊ တောင်တန်းတောတို့
စုရုံးကာနှော၊ ထူပေါတဲ့ဌာနေ။

သစ်တောဂေဟာစနစ်နှင့်
ဇီဝမျိုးစုံမျိုးကွဲ အားလုံးပဲစုံညီ
သစ်တောသယံဇာတ ပေါများတဲ့ဌာနေမို့
အားထုတ်ကြိုးပမ်း သစ်တောစွမ်းနှင့်
ဒေသခံပြည်သူ ညီဂုဏ်စွာပူးပေါင်းကူညီလို့
မြန်မာ့သဘာဝ တောအလှကို
ကမ္ဘာ့အလယ် ဂုဏ်ယူစွာ ပုံထည်ဆေဖို့
ဒို့တာတွေ
ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းကြပါစို့။

စိုးသန်း(မဟာသတ္တ)






ကျန်းမာတဲ့မြေဆီလွှာက
ကျန်းမာတဲ့အပင်တွေနဲ့ ကျန်းမာတဲ့
လူသားတွေကို ဖန်တီးပေးတယ်။



သစ်တစ်ပင် ရှင်အောင်
ဆောင်ရွက်ခြင်းဟာ
အသက်တစ်ချောင်း ကယ်ခြင်းပဲ။



ကမ္ဘာကြီးပေါ်မှာ ရေသံသရာလည်ဖို့
အဓိကစွမ်းဆောင်ရှင်က သစ်ပင်တွေပဲ။



ဒီကမ္ဘာကြီးပေါ်မှာ
သစ်ပင်တွေနဲ့အတူ
ညီညွတ်မျှတစွာ မှီတွယ်
နေထိုင်သွားရမယ့်
အချိန်ရောက်ပြီ။

APK

## An Old Forester Looks Back ( 35 )

PDF Compressor Free Version

## Simple Soil and Water Conservation Methods for upland Farms

**By**

**U Sein Thet, B. Sc (For), M Sc (ANU), MIFA.**

**Director (Retired), Ex- Chairman, FREDA.**

Farmers in most parts of Myanmar are losing their most important resource – the soil . The major cause of this problem is soil erosion brought about by inadequate protection of the land. The problem begins when original forest is removed, a process called deforestation. It continues as farmers plow the land and eventually remove the remaining natural vegetation. This allow heavy rains to wash the soil into streams, creeks and rivers.

Soil erosion begins at the hilltop of any sloping land when raindrops strike the soil. Hillsides with little vegetative cover are highly susceptible because there is almost nothing to protect the soil surface. As the water moves downhill, it washes away the soil while it picks up speed, and as speed increases more and more soil is washed out. The steeper the slope the greater the damage.

The simplest soil erosion control structure for a hillside is a contour. It is a line planted usually to perennials close together to form a living wall. This wall blocks the rainwater's pathway while soil is caught behind the plants.

To make a hedgerow, a farmer should mark a contour line using the A-frame transit. The marked line should be cultivated or plowed, creating a furrow about one half meter wide. Weeds should be removed. The completed furrow is then planted with the tree or grass cuttings or seeds.

Line should be carefully weeded to prevent overcrowding and to promote good growth of hedgerow. When the hedgerow is one meter to two meters high, it should be pruned back to prevent shading the crops in between the contour hedgerows. The distance between hedgerows will vary. The steeper the hillside, the closer the hedgerows must be to slow down the water. A general rule to follow is not to exceed five vertical feet (1.5m).

In many farms, rocks are abundant, These materials may be used to construct contour rock wall to hold the soil. As with hedgerows, again an A-frame transit is used to mark contour lines. Create a level area by digging into the hillside a width of about one meter. This area is the rock wall's base. Larger corks should now be placed on the outer and inner edges of the leveled surface. Next, smaller rocks are placed between the two lines of larger rocks. The wall is built up in this manner until it reaches a height of one-half to one meter depending on available materials and manpower.

Because rains will continuously wash away the soil at the base of the walls' downhill side, trees should be planted along the base 10-15 cm from the wall. The planting distance between trees should not be more than 20 cm. When the trees reach a suitable height, at least two meters it may be pruned to prevent crop shading. The trees planted below the wall also serve as windbreak to protect the field. Napier grass may be planted on the wall's upper side,

The contour canal is constructed on farmlands where the soil is reasonably deep. Its main purpose is to hold water on a field, allowing more water to percolate into the soil, thereby increasing soil moisture and ground water supply. It is also used to drain water away from a field without necessarily

damaging the soil or crops. The canal structure is made by first marking a contour line with an A-frame transit.

PDF Compressor Free Version

Once contour canals are constructed, maintenance is very important. Atter each rain, the canal should be checked and any soil removed. This soil should be placed back on the farm field, above or below the canal.

All contour canals should lead into a drainage system, either built by a farmer or a natural water way like a creek, stream or river. This way, the water will not build up in the canal and overflow into the field. A drainage canal, built in almost the same way as a contour canal, is as important in stabilizing a farm. This canal, graded in such a way that the water can flow, should pass across the top side of a farmer's field, and then curves so it passes down one side to the bottom of the field. Its main function is to intercept runoff water which may come from an adjacent field above the farm ; another is to drain water from contour canals in the field. Generally, the size is one-half meter deep, one meter wide and will vary in length depending upon the field's size.

If a natural drainage system such as a creek or a stream is already adjacent to the field, it is not necessary to make a canal down the side of the field. The canal across the top, following the boundary line and contour canals may be emptied into the creed.

The water flowing in the canal must be slowed down to prevent creation of a gully. A farmer must place small check dams or soil traps or both in the canal. As the water is slowed down, soil which may be present will be deposited. As often as necessary, these structures should be cleaned ; all extra soil may be placed on the field.

Check dams are simple structures that can stop gully erosion by slowing down water flow in the drainage system.

To build a check dam mark a line across a gully perpendicular to the water flow. (A gully is a canal formed by erosion. It is one meter or two meters across and one meter to two meters deep or less.) Next, dive stakes into the ground along the line including a distance of one meter outside the gully on both sides. If possible, a plant propagated by cutting such as bamboo should be used. These cuttings will grow and form a permanent living barrier.

Bamboo or branches should be woven between the pegs to help hold these in place and to make the barrier stronger and thicker. Stones or rocks may be placed on the upper side of the line if these materials are available. After bamboo is woven in-between the stakes, brush or other such material may be placed against the dam's upper side. Water passing through the structure will be slowed down allowing the its load of soil to be deposited behind the dam. A farmer should periodically clean the area behind the dam.

When constructing a check dam, it is important to begin at the gully's head, i.e., the area farthest uphill. If you start at the bottom or area farthest downhill, the water from rains may be strong enough to break the dam, even if it is strongly constructed. The distance between check dams will vary. The steeper the slope, the closer together they will be placed. The farmer, must use your best judgment as to the placement.

Soil traps are nothing more than holes in the ground where water must pass through during its downhill flow. A farmer can make the structure by digging a pit at least one-half cubic meter in volume (0.5 m deep x 1 m long x 1 m wide). The excavation is placed in the pathway the rainwater will take. This may be within a drainage or contour canal, gully or creek bed. The purpose is to slow down the water.

As the water loses speed, the heavier soil particles will drop out eventually setting to the bottom of the trap. After heavy rains, the soil trap should be

*To page (44)*

# Combating Forest Fires: A Look at the AFoCO Project's Impact in CLMV Countries, With a Focus on Myanmar

PDF Compressor Free Version

**Dr.Yeongjoo Lee,Director (AFoCO) Head / Regional Office for Mekong Head / Regional Education & Training CenterRegional Project Manager / AKCF Project**

**16-May- 2025**

Forest fires are a major hazard with significant physical, biological, ecological, and environmental consequences across Asia. While some fires occur naturally, over 90% are ignited by human activities, often driven by factors such as agricultural expansion, land conversion, and demographic pressures. These fires pose a serious threat to the natural environment and humankind.

To address this critical issue, initiatives like the Asian Forest Cooperation Organization (AFo CO) project are making significant advancements in enhancing forest fire management. This particular project, generously sponsored by the ASEAN-ROK Cooperation Fund (AKCF) in collaboration with the Korea Forest Service (KFS), aims to enhance resilience to forest fires, improve local livelihoods, and strengthen market linkages in CLMV countries (Cambodia, Lao PDR, Myanmar, and Vietnam).

Improving forest fire management requires capitalizing on and incorporating information management and technology into practical operations. While various methods exist for monitoring forest fires, such as cruise aircraft and satellite monitoring, fire lookout towers remain a primary tool for prevention.

These towers, strategically situated on elevated points, perform essential functions: detecting fires, allowing trained fire lookouts to identify smoke and fire and determine their location and direction using tools like the Osborne Fire Finder; supporting fire suppression efforts by ensuring prompt arrival and guidance of response teams; reporting weather changes and lightning strikes; and assessing fire risk.

A crucial component of the AFoCO project is capacity building on forest fire management. The AFoCO Regional Education and Training Center (RETC) is integral to this, strongly believing that the implementation of fire lookout towers will sustainably support the effective management of Myanmar's forests – encompassing natural forests, plantation forests, private owned forests, and nearby local communities .

This presents a significant opportunity to mitigate the negative impacts of forest fires. RETC is poised to share and demonstrate applicable techniques and best practices through the installation of these fire lookout towers.



The fire lookout towers offer tangible and intangible benefits for both the Forest Department and local communities. They facilitate the timely acquisition of effective and accurate data and information.

PDF Compressor Free Version

This allows for more precise estimation of fires and the implementation of preventive measures. The establishment of an early warning system helps reduce damage and preserve the ecological value of forests. Local communities can gain understanding of the benefits of fire lookout towers through public information systems, contributing to minimizing negative impacts and fostering positive societal change.

Furthermore, these towers enable networking and information exchange with relevant authorities through the application of modern technology.

Beyond their direct role in fire management, these initiatives provide valuable learning experiences. Staff from forest departments, students, and visitors to the AFoCO RETC has the opportunity to study and learn about fire lookout towers.

This contributes to providing scientific and reliable information to academia and researchers, promoting learning opportunities in best practices,





skills development, enhanced collaboration, and increased awareness.

Participants are empowered to develop competency and actively participate in Asia Region Forest Fire Management activities. The project's objectives of enhancing local livelihoods and market linkages are supported by these activities, as reduced fire incidence protects resources and allows for more sustainable forest-based economic activities.

The Ministry of Natural Resources and Environmental Conservation (MONREC) and the Forest Department (FD) of Myanmar deeply appreciate the continuous support from AFoCO and RETC in the critical mission of mitigating and effectively managing forest fires in the Asia Region.

The AFoCO project, with the support of the AKCF and KFS, and its focus on capacity building and technological integration through initiatives like the fire lookout towers, represents a vital step towards building resilience against forest fires, fostering sustainable local livelihoods, and strengthening market connections in CLMV countries, particularly in Myanmar.

The expectations for the long-term positive impacts on forest health, biodiversity, and the well-being of communities in the region are high.

******************

PDF Compressor Free Version



# တောမီးကာကွယ်ရေးအတွက် မျှော်စင်များ တည်ဆောက်ခြင်း

**မဲခေါင်ဒေသနိုင်ငံများအတွင်း တောမီးကာကွယ်ရေး စီမံကိန်းများအနက်မှ မြန်မာနိုင်ငံတောမီးကာကွယ်ရေး စီမံကိန်းလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှု လေ့လာတင်ပြခြင်း**

သိန်းသန်းထွန်း(သစ်တော)

အာရှဒေသအတွင်း တောမီးလောင်ကျွမ်းမှုကြောင့် အာရှဒေသ၏ ဂေဟာစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများ တွေ့ကြုံခံစားနေရပါသည်။ သဘာဝဖြစ်စဉ်များကြောင့် တောမီးလောင်ကျွမ်းခြင်းဖြစ်ပေါ်သကဲ့သို့ လူတို့၏ လုပ်ဆောင်ချက်များကြောင့် တောမီးလောင်ကျွမ်းမှုမှာ ၉၀ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်း တွေ့ရှိရသည်။ အဓိကအားဖြင့် လယ်ယာ၊ ဥယျာဉ်ခြံမြေများ တိုးချဲ့ခုတ်ထွင် မီးရှို့ခြင်း၊ မြေအသုံးချမှု ပြောင်းလဲခြင်းနှင့် လူဦးရေတိုးပွားလာမှုများကြောင့် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ တောမီးလောင်ကျွမ်းမှုသည် အာရှဒေသတွင်း နိုင်ငံများရှိ ပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်အတွက် ကြောက်မက်ဖွယ်ကောင်းသော ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရပ်တည်လျှက်ရှိနေပါသည်။

ထိုစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် အာရှဒေသသစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်း (AFoCO) အနေဖြင့် တောမီးစီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် တောမီးကာကွယ်ရေးစီမံကိန်းများ လုပ်ကိုင် အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။ အာဆီယံ–ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ(AKCF Fund)ဖြင့် ကိုရီးယား သစ်တောဦးစီးဌာန (KFS) နှင့် ပူးပေါင်း၍ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံများတွင် တောမီးကြဲ့ကြဲခံနိုင်ရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးနှင့် ဈေးကွက်ချိတ်ဆက်ဖော်ဆောင်ရေး မဲခေါင်ဒေသတွင်း စီမံကိန်းတစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။

တောမီးစီမံအုပ်ချုပ်မှု လုပ်ငန်းရပ်များ တိုးတက်ဖြစ်ပေါ်လာစေရေးအတွက် လိုအပ်သော ရင်းနှီးမတည်ငွေကြေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာပေါင်းစပ်၍ မြေပြင်လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။ တောမီးစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နည်းစနစ်များဖြစ်သော လေယာဉ်ပျံများဖြင့် လေ့လာခြင်း၊ ဂြိုဟ်တုမှလေ့လာခြင်းနှင့် မီးမျှော်စင်များ တည်ဆောက်အသုံးပြု၍ လေ့လာခြင်းတို့အနက်မှ မီးမျှော်စင်များတည်ဆောက်၍ တောမီးစောင့်ကြပ် ကြည့်ရှုလေ့လာခြင်းလုပ်ငန်းသည် တောမီးကြိုတင်ကာကွယ်ရန်အတွက် အထိရောက်ဆုံးနှင့် အခြေခံအကျဆုံးဖြစ်ကြောင်း တင်ပြလိုပါသည်။

မီးမျှော်စင်များကို မြင့်မားသော တောင်ထိပ်များတွင် မဟာဗျူဟာကျကျ ရွေးချယ်တည်ဆောက်၍ အဓိကလုပ်ငန်းတာဝန်များဖြစ်သော တောမီး စတင်လောင်ကျွမ်းရာနေရာ ဖော်ထုတ်ရှာဖွေခြင်းကို လေ့ကျင့်သင်ကြားပေးထားသော မီးစောင့်များမှ မီးခိုးနှင့် တောမီးအမျိုးအစားကို တည်နေရာနှင့် လားရာဖော်ပြ၍ မီးငြိမ်းသတ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဖြစ်စဉ်ပေါ်ပေါက်ရာနေရာသို့ အချိန်မီ အမြန်ဆုံးရောက်ရှိရန်နှင့် မီးသတ်အဖွဲ့များကို လမ်းညွှန်မှုပြုပေးနိုင်ရုံမျှမက မိုးကြိုးပစ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် တောမီးကြောင့် ပျက်စီးဆုံးရှုံးမှုများကို

အကဲဖြတ်နိုင်မည်ဖြစ်သည်။

PDF Compressor Free Version
မီးမျှော်စင်များတည်ဆောက်ခြင်းလုပ်ငန်းသည် အာရှဒေသ သစ်တောကဏ္ဍပူပေါင်းဆောင်ရွက်ရေးအဖွဲ့ စီမံကိန်း၏ တောမီး စီမံအုပ်ချုပ်မှုအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းတစ်ခုပင်ဖြစ်သည်။ မီးမျှော်စင်များတည်ဆောက်ခြင်းဖြင့် မြန်မာနိုင်ငံသစ်တော စီမံအုပ်ချုပ်ခြင်းလုပ်ငန်းများဖြစ်သော သဘာဝတောများ၊ သစ်တောစိုက်ခင်းများ၊ ပုဂ္ဂလိကစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများနှင့် ဒေသနေပြည်သူလူထု တစ်ရပ်လုံးအတွက် အကျိုးရှိထိရောက်သော စီမံအုပ်ချုပ်မှုဖြစ်ပေါ်စေရန် ရေရှည်အထောက်အပံ့ ပြည့်စုံစွာ ဖြစ်ပေါ်လာစေရေးကို ရည်မှန်း၍ အာရှဒေသ သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း (AFoCO RETC)အနေဖြင့်တက်ကြွသော အခန်းကဏ္ဍမှ လုပ်ကိုင် ဆောင်ရွက်လျက်ရှိနေပါသည်။

ထိုမီးမျှော်စင်များ တည်ရှိခြင်းဖြင့် တောမီးလောင်ကျွမ်းမှုကြောင့် ခံစားရမည့် ဆိုးကျိုးများကို နည်းပါးစေမည့် သိသာထင်ရှားသော အခွင့်အလမ်းရရှိခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ အာရှဒေသ သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း (AFoCO RETC) အနေဖြင့် မီးမျှော်စင်များတည်ဆောက်မှုကြောင့် ရရှိလာမည့် လက်တွေ့အသုံးချနိုင်သည့် နည်းစနစ်များနှင့် အလေ့အကျင့်ကောင်းများကို စံနမူနာပြုလုပ်ဆောင်ခြင်းနှင့် အသိပညာမျှဝေခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုမီးမျှော်စင်များ တည်ဆောက်ခြင်းကြောင့် သစ်တောဦးစီးဌာနနှင့် ဒေသခံပြည်သူများအတွက် အကျိုးကျေးဇူးများစွာ ရရှိခံစားနိုင်မည်ဖြစ်ပြီး မီးမျှော်စင်များမှ တိကျသော သတင်းအချက်အလက်နှင့် ကိန်းဂဏန်းများအပြင် အကျိုးရှိထိရောက်သော မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာသို့ ပေးပို့ထောက်ပံ့နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့ပြင် ပိုမိုတိကျသော တောမီးခန့်မှန်းချက်များနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ လက်တွေ့ဆောင်ရွက်နိုင်ရန် မီးမျှော်စင်များမှ ပေးစွမ်းနိုင်ကြောင်း၊ ကြိုတင်သတိပေးချက်စနစ်တည်ထောင်ထားရှိသဖြင့် သစ်တောများ၏ ဂေဟစနစ် တန်ဖိုးကို ထိန်းသိမ်းကာကွယ်နိုင်ပြီး တောမီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို လျော့နည်းသက်သာစေရန် ကူညီနိုင်ကြောင်း တင်ပြလိုပါသည်။ ဒေသနေပြည်သူလူထုအနေဖြင့် မီးမျှော်စင်များတည်ဆောက်ခြင်းကြောင့် ရရှိလာမည့် ကောင်းကျိုးများကို ကောင်းစွာ နားလည်သဘောပေါက်လက်ခံယုံကြည်လာပြီး မြန်မာ့လူမှုအဖွဲ့အစည်းအတွင်း တောမီးကြောင့်ဆိုးကျိုးများ ခံစားရမှုနည်းပါးလာပြီး အပြုသဘောဆောင်သော အကောင်းမြင်စိတ်ဓာတ်များ ပိုမိုမွေးမြူလာနိုင်မည်ဖြစ်ပါသည်။

ဤမီးမျှော်စင်များတည်ရှိသဖြင့် ခေတ်မီနည်းပညာအသုံးပြု၍ သက်ဆိုင်ရာ စီမံအုပ်ချုပ်သူများကို သတင်းအချက်အလက်ဖလှယ်ခြင်းနှင့် ကွန်ယက်ချိတ်ဆက်မှု ပိုမိုအားကောင်းခိုင်မာစေကြောင်း သိသာထင်ရှားပါသည်။

AFoCO အဖွဲ့အစည်း၏ တောမီးကာကွယ်ရေး စီမံကိန်းသည် မြန်မာနိုင်ငံ၏ တောမီးစီမံအုပ်ချုပ်မှုလုပ်ငန်းကို တိုက်ရိုက်အကျိုးပြုသော အခန်းကဏ္ဍမှ ပါဝင်ပြီး ဤကနဦး လုပ်ဆောင်ချက်များသည် အလွန်အဖိုးတန်သော လေ့လာသင်ယူမှု အတွေ့အကြုံကောင်းများကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။ အာရှဒေသ သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း (AFoCO RETC) သို့ လာရောက်လေ့လာသူများ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များ မီးမျှော်စင်များအကြောင်း လေ့လာသင်ယူနိုင်မည့် မဟာအခွင့်အရေးတစ်ရပ်ပင်ဖြစ်ကြောင်းတင်ပြလိုပါသည်။

မီးမျှော်စင်များ တည်ရှိခြင်းကြောင့် သုတေသီများနှင့် တက္ကသိုလ်ကျောင်းသားများအတွက် သိပ္ပံနည်းကျသော ခိုင်မာသည့် သတင်းအချက်အလက်များ ထောက်ပံ့ပေးနိုင်ခြင်း၊ အလေ့အကျင့်ကောင်းများ လေ့လာသင်ယူရန် အခွင့်အရေးများရရှိစေခြင်း၊ လုပ်ငန်းကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပြည်သူလူထုအတွင်း နိုးကြားတက်ကြွသည့် အသိစိတ်ဓာတ် ရှင်သန်စေခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်း ခိုင်မာလာစေကြောင်းတင်ပြအပ်ပါသည်။

စီမံကိန်းလုပ်ငန်းများတွင် ဆက်စပ်ပတ်သက်သူများအားလုံးကို အာရှဒေသ တောမီး စီမံအုပ်ချုပ်မှုလုပ်ငန်းရပ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ပိုင်ခွင့် အာဏာလွှဲအပ်ပေးခြင်းပင်ဖြစ်သည်။ စီမံကိန်းလုပ်ငန်း၏ ပင်မရည်ရွယ်ချက်များဖြစ်သော ဒေသခံပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်ဖော်ဆောင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဤမီးမျှော်စင်များဆောက်လုပ်ခြင်းဖြင့် ထောက်ပံ့မှု ပေးနိုင်မည့်အပြင် ကာကွယ်ထိန်းသိမ်းထားသည့် သယံဇာတများအပေါ်

တောမီးအန္တရာယ်ကျရောက်ခြင်းမှ လျော့နည်းသက်သာစေပြီး သစ်တောအခြေခံ စီးပွားရေးလုပ်ငန်းများ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်ပါသည်။

PDF Compressor Free Version

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေဖြင့် အာရှဒေသအတွင်း တောမီးစီမံအုပ်ချုပ်မှု ထိရောက်အောင်မြင်စေရေးနှင့် တောမီးကြောင့် ထိခိုက်ပျက်စီးမှုများ လျော့နည်းစေရေး အဓိက လုပ်ငန်းတာဝန်များကို AFoCO နှင့် အာရှဒေသ သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း (AFoCO RETC) တို့မှ အားသွန်ခွန်စိုက် ကြိုးပမ်း လုပ်ဆောင်ချက်များနှင့် စဉ်ဆက်မပြတ် ထောက်ပံ့မှုများကို အလေးအနက်ထား မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားလိုပါသည်။

အာဆီယံ–ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (AKCF Fund) ဖြင့် ကိုရီးယား သစ်တောဦးစီးဌာန (KFS) နှင့် ပူးပေါင်း၍ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံများတွင် AFoCO မှ ဆောင်ရွက်သည့် တောမီးကာကွယ်ရေး စီမံကိန်းများ၏ ကနဦးဆောင်ရွက်ချက်ဖြစ်သော မီးမျှော်စင်များ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံအနေဖြင့် အခြားသော CLMV နိုင်ငံများနှင့် ဈေးကွက်ချိတ်ဆက် ဖော်ဆောင်မှု အားကောင်းခိုင်မာလာပြီး ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ထိန်းသိမ်းစောင့်ရှောက်ကာ တောမီးဒဏ်ကြံ့ကြံ့ခံနိုင်ရေးအတွက် စွမ်းဆောင်ရည်မြင့်မားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အနာဂတ်အတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ်အဖြစ် ကိုယ်စားပြုနေကြောင်း တင်ပြအပ်ပါသည်။

တောမီးကာကွယ်ရေးအတွက် မီးမျှော်စင်များတည်ဆောက်ခြင်းသည် အာရှဒေသအတွင်းနေထိုင်သည့် ပြည်သူလူထုများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သစ်တောဂေဟစနစ် ရှင်သန်ဖွံ့ဖြိုးရေးတို့အတွက် ရေရှည်ကောင်းမွန်သော အကျိုးပြုလုပ်ငန်းဖြစ်ပါစေကြောင်း မျှော်လင့်မိပါသည်။

*****************




*From page (39)*

inspected and cleaned out if necessary. The soil from the trap may be deposited in adjacent fields, used in compost production or as potting soil for plants.

A farmer may combine soil traps with check dams. The soil trap is placed behind the check dam to ensure that even more soil is held behind the dam. Farmers may also use larger soil traps (1 $m^3$ or larger) as source of water for gardening or use with insect sprayers.

Using the proper soil conservation practices not only saves our most important resource but helps conserve soil nutrients from being washed a way, increases crop production and will create a beautiful yet functional farm. The methods are simple but they do require labor and effort. Once constructed , the structures require maintenance and care. But this is all very rewarding in the long run, as proven by farmers who have been practicing these methods. Now is the time to begin to create a rich, fertile land.

There is no specific order in the presentation of the technical methods. One farmer may wish to employ one or a combination of the methods in stabilizing his field. As with any technology of this kind, many modifications will take place. They are simple starting points which may develop into more advanced systems as farmers become used to working with the technology.

*****************




ကျွန်တော်တို့ကို
ကာကွယ်ပေးနေတဲ့
ကောင်းကင်ပြာကြီးက
အလွန်ပါးလွှာတယ်။

*APK*

PDF Compressor Free Version

# ခါတ်ပုံသတင်းကဏ္ဍ
## သစ်တောကဏ္ဍဆိုင်ရာ အသိပညာပေးဟောပြောခြင်း



(၂၉-၄-၂၀၂၅)ရက်၊ မန္တလေးတိုင်းဒေသကြီး၊
အောင်မြေသာဇံမြို့နယ်၊ အမျိုးသမီးသင်တန်းကျောင်း



(၃-၅-၂၀၂၅)ရက်၊ ဧရာဝတီတိုင်းဒေသကြီး၊
မြောင်းမြမြို့နယ်၊ပညာရေးဒီဂရီကောလိပ်၊ မြရတုခန်းမ



(၇-၅-၂၀၂၅)ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊
လှည်းကူးမြို့နယ်၊ မြို့မပျိုးဥယျာဉ်ဝန်း




(၉-၅-၂၀၂၅)ရက်၊ တနင်္သာရီတိုင်းဒေသကြီး၊
မြိတ်မြို့နယ်၊ မြိတ်မြို့အများပိုင်ကုမ္ပဏီရုံး



(၁၀-၅-၂၀၂၅)ရက်၊ ဧရာဝတီတိုင်းဒေသကြီး၊
ဘိုကလေးမြို့နယ်၊ မင်းဂံကျေးရွာ၊ အထက်တန်းကျောင်း



(၁၆-၅-၂၀၂၅)ရက်၊ မွန်ပြည်နယ်၊
ဘိုကလေးမြို့နယ်၊ မြေနီကုန်းသစ်တောပျိုးဥယျာဉ်ဝန်း



PDF Compressor Free Version

# သစ်ပင်စိုက်လျှင် ရှင်သန်ချင် လိုက်နာကြဖို့ အသိယှဉ်

အုန်းလွင်လေး

သစ်ပင်တစ်ပင် ရှင်သန်ဖြစ်ထွန်းအောင်မြင်စေရန် သစ်မျိုး၊ မြေ၊ ရေ၊ ရာသီဥတုတို့အပေါ်များစွာ မူတည်ပေသည်။ သစ်မျိုးအလိုက် ရှင်သန်အောင်မြင်ဖြစ်ထွန်းသည့် ရပ်ဝန်းရှိကြပါသည်။ မြန်မာတို့၏ ရှေးကဘိုးဘွားတို့အစဉ်အဆက် စိုက်ပျိုးခဲ့သော သစ်ပင်များမှာ လက်ရှိ လူသားမျိုးဆက်တို့ကို အကျိုးပြုလျက်ရှိနေသကဲ့သို့ လက်ရှိမျိုးဆက်တို့ကလည်း နောင်လာမည့်မျိုးဆက်များအတွက် သစ်ပင်စိုက်ပျိုးခြင်းကို ပြုကြရမည်ဖြစ်သည်။



သစ်ပင်စိုက်ပျိုးခြင်းကြောင့် သဘာဝဘေးအန္တရာယ်များလျော့ပါးစေခြင်း၊ ရာသီဥတုညီညွတ်မျှတစေခြင်းအပြင် မိမိပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်း၊ အရိပ်အာဝါသနှင့် သန့်စင်သောလေရရှိခြင်း၊ သစ်ပင်ရှင်သန်နေစဉ် အသီးအပွင့်အရွက်စသည်တို့ ခံစားရရှိခြင်း၊ နေစရာတွက် သစ်၊ တိုင်၊ မျော အလွယ်တကူရရှိပြီး ပိုလျှံက ရောင်းချခြင်းဖြင့် ဝင်ငွေရရှိခြင်း၊ သားငှက်တိရစ္ဆာန်များတွက် အစာရေစာနှင့် နားနေရာရရှိခြင်းစသည့် လက်ငင်းအကျိုးကျေးဇူးများရရှိပါမည်။

မြန်မာလူမျိုးတို့သည် ကိုးကွယ်သည့်ဘာသာတရား၏ အဆုံးအမအရသော်လည်းကောင်း၊ မိရိုးဖလာ အစဉ်အလာအရသော်လည်းကောင်း၊ဟိုးပဝေသဏီကပင် မိုးကြို၊ မိုးဦးကာလမှသည် မိုးကာလ မြေဆီစိုခိုက်အချိန်တွင် သစ်ပင်စိုက်ခြင်းကို ဆောင်ရွက်ကြပါသည်၊

သစ်ပင်စိုက်ခြင်းကို ပသာဒဖြစ်စေရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် ကောင်းမွန်လာစေရန်၊ သဘာဝတောများမှ ထုတ်ယူသုံးစွဲမှုလျှော့ချရန်၊ ဒေသခံ ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ သစ်တောများရေရှည်တည်တံ့စေပြီး စဉ်ဆက်မပြတ် အကျိုးရရှိစေရေးတွက် ပြုစုထိန်းသိမ်းရေးနှင့်စနစ်တကျ ထုတ်ယူသုံးစွဲရေးဆိုင်ရာ အသိအမြင်များ တိုးပွားပြီး သိရှိလိုက်နာစေရန်၊ ဒေသခံများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်စသည့် ရည်ရွယ်ချက်အမျိုးမျိုးနှင့် သစ်ပင်များကို တစ်နိုင်တစ်ပိုင်၊ တစ်အုပ်တစ်မ၊ အစုအဝေးလိုက် ဧရိယာ ပမာဏ ငယ်ငယ်မှ ကျယ်ကျယ်ထိ စိုက်ကြပါသည်။ နိုင်ငံအဝန်းတွင် နေရာဒေသအလိုက် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အလိုက်နှင့် အထိမ်းအမှတ်နေ့များ စသည်ဖြင့် လူစုလူဝေး အင်အားသုံးမိုးရာသီသစ်ပင်စိုက်ပွဲများလည်း နှစ်စဉ်ပြုလုပ်ကြပါသည်။ အားရစရာကြီးပင်။ သစ်ပင်စိုက်ခြင်းကို ခေတ်အဆက်ဆက် နိုင်ငံတော်အကြီးအကဲများကလည်း အားပေးအားမြှောက် ပြုခဲ့ကြပါသည်။

သစ်ပင်စိုက်တိုင်း မိမိတို့၏ရည်ရွယ်ရင်းအတိုင်း အကျိုးများသည့်သစ်ပင်များအဖြစ် ရှင်သန်ဖြစ်ထွန်းအောင်မြင်ပါရဲ့လား။ အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပြည့်အဝဖြစ်ပါရဲ့လား၊ သစ်ပင်စိုက်လျှင် ရှင်သန်ချင် လိုက်နာကြဖို့ အသိယှဉ်စေချင်ပါသည်။

ဥပမာ ကျွန်းဆိုပါစို့၊ မိုးရေချိန်လက်မ ၆၀ မှ ၈၀ ကြား၊ ရေစီးရေလာကောင်းပြီး မြေသြဇာထက်သန်သည့် မြေအမျိုးအစားတွင် ရှင်သန်ဖြစ်ထွန်း အောင်မြင်ပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ကျော်ဒေသတွင် ကျွန်းပင်စိုက်သော် ရှင်နိုင်သော်လည်း မဖြစ်ထွန်းမအောင်မြင်နိုင်ပါ၊ ထိုအပင်မျိုးက အောင်လုံကောင်းမွန်သောကျွန်းမျိုးဆက်များကို ပေးနိုင်စွမ်းမည်လည်း

မဟုတ်ပါ။ ကျွန်း၏ မျိုးရိုးဗီဇအရည်အသွေးကိုပင် ယုတ်လျော့ကျဆင်းစေနိုင်ပါသည်။ အလားတူ ဒီရေတောသစ်မျိုးများကို တောင်ပေါ်ဒေသ၊ အအေးပိုင်းဒေသ သစ်မျိုးများကို အပူပိုင်းဒေသတို့တွင် စိုက်က ရှင်သန်အောင်လုံမှုမရှိနိုင်ပါ၊ PDF Compressor Free Version သစ်မျိုးရွေးချယ်ရာတွင် ဒေသ၏ ရေမြေ ရာသီဥတုနှင့် လိုက်လျောညီထွေပြီးဖြစ်သည့် ဒေသသစ်မျိုးများကို ဦးစားပေး ရွေးချယ်ရမည်ဖြစ်ပြီး စိုက်သည့်ရည်ရွယ်ချက်က လောင်စာတွက်ဆိုက အကြီးမြန်သစ်မျိုးများရွေးချယ်၍သော်လည်းကောင်း၊ စီးပွားဖြစ် သစ်တိုင်မျောတွက်ဆိုက ဈေးကွက်မှ တောင်းဆိုသည့် အဖိုးတန်သစ်မျိုးများ ရွေးချယ်၍သော်လည်းကောင်း စိုက်ရမည်ဖြစ်သည်။



လမ်းဘေးဝဲ/ယာတွင် လမ်းဧရိယာ/လမ်းနယ်နိမိတ်နှင့် မလွတ်ကင်းသောနေရာများ၌ သစ်ပင်စိုက်ပျိုးခြင်း မပြုရပါ။
အမြန်လမ်း၊ ဒွေးလမ်းများ၏ လမ်းလယ်ကျွန်းများတွင် အပင်ကြီးများ မစိုက်ပျိုးသင့်ပါ။



ရေဝပ်သော ဧရိယာများတွင် သစ်ပင်စိုက်ပျိုးမည်ဆိုပါက မြေစာကို အလုံအလောက်ဖို့၍ စိုက်ပျိုးရပါမည်။



ဓာတ်ကြိုးများအောက် မြေမှ အနည်းဆုံး(၅၀') အတွင်း သစ်ပင်စိုက်ပျိုးခြင်း မပြုရပါ။

မြေရှိလျှင် သစ်ပင်စိုက်၍ရပါသည်။ စိုက်သည့်မြေတွင် သစ်မျိုးအလိုက် အပင်ဖြစ်ထွန်းချင်မှဖြစ်မည်၊ မြေဆီမြေနှစ်၊ မြေဩဇာကင်းမဲ့သောမြေ၊ အပင်တွက်လိုအပ်သော အစိုဓာတ်မထိန်းသောမြေမှာ သစ်ပင်စိုက်က ရှင်သန်ရန် ခဲယဉ်းပါသည်၊ အပင်ရှင်သန်ရန်ရေလိုသလို လိုသည်ထက် ပိုသောရေဝပ်နေရာများ ရေစီးရေလာမကောင်းသော နေရာများတွင် အပင်စိုက်ပါကလည်း မဖြစ်ထွန်းနိုင်ပါ။ အလားတူ ရာသီဥတုကိုလည်း သတိပြုရပါမည်၊ ပူပြင်းသော၊ အေးသော၊ မိုးနည်းသော မိုးများသောဒေသအလိုက် ရှင်သန်ဖြစ်ထွန်းမည့်သစ်မျိုးကိုသာ စိုက်ရမည်ဖြစ်သည်။ စိုက်ပင်တိုင်း ရှင်သန်အောင်မြင်ဖြစ်ထွန်းရေး သစ်မျိုးကို ဦးစားပေးလိုက သစ်မျိုးနှင့်သဟဇာတဖြစ်မည့် မြေနေရာ ရွေးရမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် မြေနေရာဦးစားပေးလိုက မြေနေရာနှင့် လိုက်လျောညီထွေဖြစ်မည့် သစ်မျိုးကို ရွေးစိုက်ရမည်ဖြစ်ပါသည်။

သစ်ပင်စိုက်မည့် မြေနေရာသည် လျှပ်စစ်ဓာတ်အားလိုင်းများ၊ သွယ်တန်းထားသည့် ဓာတ်ကြိုးများအောက်၊ နဂိုရှင်သန်ကြီးထားပြီး အပင်ကြီးများအောက်၊ လမ်းဘေးဝဲယာဖြစ်က တိုးချဲ့မည့်လမ်း အဆင့်မြှင့်တင်မည့်လမ်းဧရိယာနှင့် လမ်းနယ်နိမိတ်များ၊ အဆောက်အဦဆောက်မည့်နေရာ၊ ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်မည့်နေရာ၊ ရေဝပ်သည့်နေရာတို့ဖြစ်က ရှောင်ရှားရပါမည်။ ဓာတ်ကြိုးများအောက်ခြေမှ ပေ ၅၀ ခွာရပါမည်။ ရေဝပ်နေရာဖြစ်က လုံလောက်သော မြေစာဖို့ရပါမည်။ အမြန်လမ်း၊ ဒွေးလမ်းကြီးများ၏ လမ်းလယ်ကျွန်း အပင်စိုက်က အပင်ကြီးသစ်မျိုးအစား အပင်ငယ်သို့မဟုတ် ပသာဒဖြစ်မည့်သစ်မျိုးကို ရွေးရပါမည်။

သစ်ပင်စိုက်ရန် သစ်မျိုး၊ စိုက်မည့် နေရာရွေးချယ်ခြင်း (Choice of species & Site selection) ပြီးနောက် ပျိုးဥယျာဉ်ရှိ ပျိုးပင်များကို ဒဏ်ခံနိုင်စေရန် တနည်းအားဖြင့် အောင်လုံသန်စွမ်းသော ပျိုးပင်ဖြစ်စေရန် ဧပြီလနောက်ဆုံး ရက်သတ္တပတ်လောက်မှစ၍ မြေချမစိုက်မီအချိန်အတွင်း ရေလျှော့လောင်းခြင်း၊ အလင်းဖွင့်စသည့် (Hardening process) လုပ်ငန်းများဆောင်ရွက်ရပါမည်၊ ( သစ်တောဦးစီးဌာနသည် သစ်ပင်စိုက်ပြီး ရှင်သန်ကြီးထွားမှုကောင်းစေရန် ဒဏ်ခံနိုင်သော အောင်လုံသန်စွမ်းသော အမြင့်နှစ်ပေနှင့်အထက်ရှိ ပျိုးပင်များကို မိုးကာလတွင် ပြည်သူလူထုသို့ အခမဲ့ဖြန့်ဝေလျက်ရှိပါသည်) စိုက်မည့်အကွာအဝေးအလိုက် ပန္နက်ရိုက်ခြင်း၊ မြေပြုပြင်ခြင်းဆောင်ရွက်ရပါမည်။



စိုက်ပျိုးသည့်အခါတွင် ပျိုးအိတ်ကိုခွဲ၍ မြေလုံး မကွဲစေရန် လက်နှစ်ဖက်နှင့် သေချာစွာ ဆုပ်ညှစ်ရပါမည်။



စိုက်ပျိုးသည့်အပင်များအား လေဟာမနေစေရန် စိုက်ပင်ဘေးမှ ပြန်ဖို့သောမြေကို လက်နှစ်ဖက်ဖြင့် သေချာစွာ ဖိပေးရပါမည်။

မိုးရေချိန်နည်းပါးသော အပူပိုင်းဒေသများတွင် ရေစုစည်း သိုမှီးနိုင်သည့်အရွယ်အစားရှိ ကျင်းတူးရမည်၊ အများအားဖြင့် ၄'×၄'×၁'/ ၃'×၃'×၁'/ ၄'×၁'×၁' အရွယ်အစားရှိကျင်းအတွင်း အလယ်တွင် တစ်ပေပတ်လည်

ချက်ကျင်းတူးရပါမည်၊ အပူပိုင်းဒေသမှအပ ကျန်ဒေသများတွင် နှစ်ပေပတ်လည် တစ်ပေအနက်ကျင်း သို့မဟုတ် ပျိုးအိတ်အရွယ်အစားပေါ်မူတည်၍ လိုအပ်သည့် အရွယ်အစားကျင်းတူးရပါမည်။ ကျင်းများအတွင်းရောစပ်ထားသည့် မြေဆွေးများအလုံအလောက်ထည့်ရပါမည်။

PDF Compressor Free Version



ရေလောင်းပေးနိုင်ပါက မိုးကြိုသစ်ပင်စိုက်ခြင်း၊ သစ်ပင်စိုက်ရန် လုံလောက်သည့် မြေအစိုဓာတ်ရရှိသည့် မိုးဦးကာလတွင် သစ်ပင်စိုက်ခြင်းဆောင်ရွက်နိုင်ပါပြီ။ ပျိုးဥယျာဉ်တွင် ဒဏ်ခံနိုင်အောင် ပြုစုထားသည့် အောင်လုံသော ပျိုးပင်တို့သယ်ယူချိန်တွင် ပျိုးပင်များအား မထိခိုက်၊ မကျိုးမပျက်စေရန် ပျိုးအိတ်မြေလုံးမကွဲစေရန် သယ်ရပါမည်။

သစ်ပင်စိုက်ကြပါစို့၊ ပျိုးအိတ်မြေလုံးမကွဲစေရန် သတိနှင့်ကိုင်တွယ်ပါ။ ပျိုးအိတ်ကို လက်နှစ်ဖက်ဖြင့် အသာဆုပ်ညှစ်ရပါမည်။ သစ်ပင်စိုက်မည့်ကျင်းအနီး ပျိုးအိတ်ပလပ်စတစ်အား လက်သည်း သို့မဟုတ် အသွားထက် ဓားသေးသေးဖြင့် ခွဲထုတ်ပါမည်။ စိုက်ပင်အား တည့်တည့်မတ်မတ်ထား၍ မြေလုံးကို သတိဖြင့် ကျင်းအတွင်း အသာထည့်ပြီး စိုက်ပင်ဘေးပတ်လည် လေဟာမှုမဖြစ်စေရန် ဖို့မြေကို ဖိသိပ်ပေးရပါမည်။ အပင်အခြေ ရေဝပ်မှုမရှိစေရေး မို့မောက်သည်ထိ ရောစပ်ထားသည့် မြေဆွေးပုံပေးရပါမည်။



အဖျက်အဆီးမခံရစေရန် အရံအတားပြုလုပ်ထားပုံ

စိုက်ပင်များအား ကျွဲ၊ နွား၊ သိုး၊ ဆိတ်စသည့် အိမ်မွေးတိရစ္ဆာန်များ၊ အခြားဖျက်ဆီးမှုများမရှိစေရန် အကာအရံ အရံအတားများ စနစ်တကျ ပြုလုပ်ပေးရပါမည်၊ လိုအပ်သလို ရေလောင်းပေးခြင်း၊ အရိပ်ပေးခြင်း၊ မြေသြဇာကျွေးခြင်း၊ ပေါင်းသင်းရှင်းလင်း၊ မြေတောင်မြှောက်ခါးဆွခြင်းများဆောင်ရွက်ခြင်းဖြင့် ပြုစုထိန်းသိမ်းမှုပြုရပါမည်။

သစ်တောဦးစီးဌာနသည် ၂၀၂၅ ခုနှစ် မိုးကာလတွင် သစ်ပင်စိုက်ရန် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ၊ အာဆီယံလမ်း၊ အမြန်လမ်းနှင့် လမ်းဘေးဝဲယာများ၊ အထူးလုပ်ငန်းတရပ်အနေဖြင့် အပင်စိုက်ခြင်း၊ နိုင်ငံအဝန်းမိုးကြို/ မိုးကာလသစ်ပင်စိုက်ပွဲတော်များကျင်းပခြင်း၊ ဌာနဆိုင်ရာ တပ်ရင်းတပ်ဖွဲ့များ၊ ပြည်သူများသို့ ဖြန့်ဝေခြင်းတို့အတွက် သစ်မျိုးစုံ၊ ဝါးမျိုးစုံ ပျိုးပင် နှစ်ဆယ့်တစ်သန်းနီးပါး ပျိုးထောင်ထားရှိပေသည်။ ထို့ပြင် သစ်ပင်ပျိုးထောင်မှုနှင့်ပတ်သက်၍ သစ်တောသစ်ပင်ဆိုင်ရာ ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တစ်သီးပုဂ္ဂလတစ်နိုင်တစ်ပိုင်ဝါသနာရှင်များ၏ ဆောင်ရွက်မှုများပါဝင်ပါက နှစ်စဉ်မြန်မာနိုင်ငံတွင် ပျိုးပင်များ သန်းဆယ်ချီမှုများသော အရေအတွက်ပမာဏဖြင့် ပျိုးထောင်ကြပါသည်။ ထို့အတွက် အချိန်၊ လုပ်အား၊ ငွေကြေး၊ နည်းပညာ အရင်းအနှီးများ၏ တန်ဖိုးကား အနမတဂ္ဂပါ၊ သစ်ပင်စိုက်ရာတွင်ရှင်သန်အောင် မစိုက်ပါက အကြောင်းအမျိုးမျိုးကြောင့် စိုက်ပင်များ ပျက်စီးပါက တန်ဖိုးတွက်ချက်ရသည်ရော မရသည်ရော ဆုံးရှုံးမှုများကား မနည်းမနော ရှိပေချိမ့်။

မြေဆီစိုခိုက် သစ်ပင်စိုက်ကြရာဝယ် စိုက်ပင်များအား

- ရှင်အောင်စိုက်၊
- ကြီးအောင်ပြုစု
- မြဲအောင်ထိန်းသိမ်းခြင်းဖြင့် တစ်ပင်မှတစ်တောဖြစ်အောင် စွမ်းဆောင်ရင်း သစ်ပင်များ စိုက်ကြပါစို့၊

သစ်ပင် သစ်တောများသည်–

- အတိတ်ကာလ၏ အမွေအနှစ်၊
- ပစ္စုပ္ပန်ကာလတွင် အကျိုးစီးပွား၊
- အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု အတွက် ရင်းနှီးမြှုပ်နှံသည့် အရင်းအနှီး ကောင်းများပင်။

နောင်လာနောက်သား မျိုးဆက်သစ်များအား အမွေကောင်းများပေးနိုင်စေရေး၊ စိမ်းလန်းစိုပြည်သည့် မြေကြီးမှ ရွှေသီးစေရေးနှင့် သက်ရှိများ အားလုံး အကျိုးရှိစေရေးအတွက် မိုးကာလ မြေဆီစိုခိုက် သစ်ပင်များများ စိုက်ကြပါစို့။ ။

+++++++++

PDF Compressor Free Version

# ဥက္ကံ…သုံးဆယ်…

အောင်ဝင်းထွန်းသန့် (သစ်တောတက္ကသိုလ်)

**အချိန်က ၁၉၉၃ခုနှစ်** ….

သစ်တောဦးစီးဌာနမှာ အလုပ်စဝင်တော့ ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်မှာ တာဝန်ကျပါတယ်။ အလုပ်ဝင်ဝင်ချင်းမှာဘဲ ပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းဆောင်ရွက်ရပါတယ်။ သစ်တောသမား တောထဲမှာနေရတော့ အလွန်လည်းပျော်စရာကောင်းလှပါတယ်။ ဥက္ကံမြို့နယ်၊ တဘူးလှ–ဥက္ကံ ဆည်တည်ဆောက်ရေးအတွက် ရေဝပ်ဧရိယာအပြောင်ရှင်းမှာဖြစ်လို့ ရင်စို့လုံးပတ်နှစ်ပေနဲ့အထက်ရှိတဲ့ သစ်ပင်အားလုံးကို ပင်ထောင်ရိုက်မှတ်ပေးရပါတယ်။

ပင်ထောင်ရိုက်မှတ်ရင်း အပတ်စဉ်လုပ်ငန်းပြီးစီးမှု အစီရင်ခံစာကို တိုက်ကြီးမြို့နယ်ရုံးသို့ ပေးပို့တင်ပြတဲ့အခါ တစ်ခါတစ်ရံ တောခေါင်း၊ တောအုပ်လွှတ်ကြပြီး၊ တစ်ခါတစ်ရံလည်း ကျွန်တော်တို့တောအုပ်ကြီးတွေ သွားပါတယ်။ အဲ့ဒီတုန်းက သစ်တောက တစ်နှစ်တည်းကျောင်းဆင်းသူငယ်ချင်းလေးယောက်အတူတာဝန်ကျတာပါ။ အဖွဲ့လေးဖွဲ့ခွဲထားပြီး ကျွန်တော်တို့ တောအုပ်ကြီးတစ်ယောက်စီက တစ်ဖွဲ့စီရဲ့ တာဝန်ခံတွေပါ။

တိုက်ကြီးသွားဖို့ဆိုရင် တောထဲစခန်းချရာကနေ ဥက္ကံမြို့အထိ နေ့တစ်ဝက်ကျော်လောက် လမ်းလျှောက်၊ ဥက္ကံကနေ တိုက်ကြီးကား စောင့်စီးကြရတာပါ။

တစ်ခါတော့ အစီရင်ခံစာပို့ဖို့ ကျွန်တော်ကိုယ်တိုင်သွားဖြစ်ပါတယ်။ ရုံးမှာအစီရင်ခံစာတင်၊ ဦးစီးမှာကြားတာတွေမှတ်သား၊ တောထဲအတွက်လိုအပ်တဲ့ရိက္ခာတွေ ဝယ်ပြီးတော့ နောက်တစ်ရက် ပြန်ဖို့လုပ်ပါတယ်။

ရန်ကုန်ဘက်ကလာတဲ့လိုင်းကားတွေ တိုက်ကြီးမြို့ထဲ ရပ်လေ့ရှိတဲ့ နေရာမှာသွားစောင့်၊ ဟိုင်းလပ်တစ်စီးလာတော့ ကားပေါ်တက်ထိုင်ရင်း ကားအထွက်ကို စောင့်ရပါတယ်။အကြာကြီးမဟုတ်ပေမဲ့ ခရီးသည် အတော်အသင့်ရတဲ့အထိပါ။

ဒီတုန်းမှာ ခရီးသည်ခေါ်တဲ့ စပယ်ယာက ကားဘေးကနေ အော်တာက ဥက္ကံသုံးဆယ်….ဥက္ကံသုံးဆယ်ပါတဲ့။ ဥက္ကံကနေ တိုက်ကြီးကိုကားစီးလာတုန်းက ခုနစ်ကျပ်ဘဲပေးခဲ့ရပေမဲ့ တိုက်ကြီးကနေ ဥက္ကံကိုကျ သုံးဆယ်ဆိုတော့ ခေါင်းရှုပ်သွားပါတယ်။ ဥက္ကံကနေ တိုက်ကြီးကို ပြီးခဲ့တဲ့ နှစ်ရက်ကဘဲ လာခဲ့တာပါ။

တောထဲမှာစခန်းချနေတဲ့ အဖွဲ့လေးဖွဲ့အတွက် လိုအပ်တဲ့ရိက္ခာတွေစုံစိအောင်ဝယ်လာတော့ လက်ထဲမှာငွေနည်းနေပါပြီ။ အိပ်ထောင်ထဲက ပါသမျှပိုက်ဆံထုတ်ကြည့်ရင်း ချွေးစို့လာပါတယ်။ စပယ်ယာက ကားနားပတ်ရင်း၊ လမ်းသွားလမ်းလာများကိုကြည့်ရင်း ခရီးသည်ရဖို့အော်ပြန်ပါတယ်။

"ဥက္ကံသုံးဆယ် …. ဥက္ကံသုံးဆယ်"

ဒီကားက ဂက်စ်နဲ့မမောင်းလို့များ ဈေးပိုနေသလား။ ကိုယ်စီးတဲ့ကားမှ ဈေးကြီးနေရသလားမသိ။ သုံးဆယ်ဆိုရင်တော့ ဒီကားနဲ့မလိုက်ဘဲနေခဲ့ပြီး ကားပြောင်းစီးရမယ်လို့ကြံမိပါတယ်။ သို့နှင့် စပယ်ယာအား….

"ဒီမယ်ဗျ….ဥက္ကံ–တိုက်ကြီးက ပြီးခဲ့တဲ့နှစ်ရက်ကမှ ခုနစ်ကျပ်ပါ၊ ဘယ်တုန်းက သုံးဆယ်ဖြစ်သွားတာလဲ" စပယ်ယာက ဘယ်လိုထင်သည်မသိ။ ကျွန်တော့်ကို ဘုကြည့်ကြည့်ပြီးပြန်မဖြေပါ။ ဘေးက ခရီးသည်တစ်ယောက်က ဝင်ဖြေရှာသည်။

"ငါ့လူရာ….တိုက်ကြီးမြို့ကနေ ဥက္ကံမြို့တို့၊ သုံးဆယ်မြို့တို့ကိုရောက်တယ်လို့ပြောတာပါတဲ့။ သူက ဆက်ပြောသေးတယ်။ သာယာဝတီမြို့တောင် ရောက်ပါသတဲ့။

+++++++++

လုံခြုံဘေးကင်းတဲ့ ကမ္ဘာကြီးဖြစ်စေဖို့
ဝိုင်းဝန်းကြိုးပမ်းကြပါစို့။




PDF Compressor Free Version

## ရွှေကြာကန်

ရွာအရှေ့က ရွှေကြာကန်
ကြာမျိုးစုံလင် ပေါ်လှအမှန်။
ငွေမျိုင်းဖြူတွေ အစာရှာကြ
ကြည်နူးစရာ မြင်ကွင်းပ။
ကျွဲနွားများလည်း ရေသောက်သည့်
ထိုကန်ထဲမှာမှီ။
အပေါင်းအဖော်များနဲ့ ရေကူးကြ
ထိုကန်ထဲမှာဗျ။
ထန်းပင်ကြီးများ အလွန်မြင့်သည့်
ရွှေကြာကန်နှင့် ကာရံညီ။
ကန်နံဘေးမှာ စိမ်းစိုမြ
နွေရာသီမှာ ပို၍လှ။


မြတ်မင်းဦး
ဒုတိယလက်ထောက်ဦးစီးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
မြစ်ကြီးနားခရိုင်


စာမူများဖိတ်ခေါ်ခြင်း

သစ်တောဦးစီးဌာန၊ တိုးချဲ့ပညာပေးရေးဌာနမှ သစ်တောဆိုင်ရာ အကြောင်းအရာများအား Webiste, Facebook များတွင် အချိန်မီဖော်ပြသကဲ့သို့ လစဉ်ထုတ် သစ်တောကြေးမုံစာစောင်တွင် ဖော်ပြလျက်ရှိပါသည်။ သစ်တောကြေးမုံတွင် ဖော်ပြနိုင်ရန်အတွက် သတင်း၊ဆောင်းပါး၊ ကဗျာစာမူများ၊ ဓာတ်ပုံများအား အောက်ပါ အီးမေးလ် လိပ်စာသို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

Email-fdextension39@gmail.com